www.burmeseclassic.com

# မင်းဒင်

## ဇင်ယော်နီ၏ မြူဟုလဲခန္ဓာသည်နှ

ခုနစ်ခွေတောင်သစ္စာရှင်



ပန်းချီ ထွန်းဒေအောင်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - (၅၂၇/၂၀၀၄) (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၆၃/၂၀၀၄ (၆)
မျက်နှာဖုံးပန်းချီ - ဦးထွန်းအောင်
ကွန်ပျူတာစာစီ - ကလောင်သစ်မဂ္ဂဇင်း
ပုံနှိပ်ခြင်း - ပထမအကြိမ်၊
၂၀၀၄ ခုနှစ်၊ ဇွန်လ
အတွင်းဖလင် - ကလောင်သစ်မဂ္ဂဇင်း
မျက်နှာဖုံးဖလင်နှင့်ကာလာခွဲ - Master
အုပ်ရေ - ၅၀၀
တန်ဖိုး - ၉၅၀

**ထုတ်ဝေသူ**

ဦးသံစ်လွင်
ဂန္ဓာရီမြိုင်စာပေ (၀၉၄၇/ မြဲ)
အမှတ် ၁၁၃၊ ရွှေပြည်သာလမ်း၊
၆ ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့

**ပုံနှိပ်သူ**

ဦးထွန်းအောင်
စိန်နဂါး ပုံနှိပ်တိုက် (၀၃၀၃၇)
အမှတ် - ၁၇၅၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊


BURMESE CLASSIC

# မင်းသိင်္ခ
# ဇင်ယော်နီ
# မြပုလဲဝန္နာညွန့်

မှတ်ဆိတ်ဖြူကြီး၊ ရသေ့ကြီး ဦးရွှေတောင်နှင့်
ခုနစ်ဒေွတောင် သစ္စာရှင်

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ


(၁) မင်းသိခ်

(၂) ဇင်ယော်နီ

(၃) မြပုလဲစန္ဒာညွန့်


# မုတ်ဆိတ်ဖြူကြီးနှင့် သူရဲဘောကြောင်သောသူရဲကောင်း

မင်းသိခ်



www.burmeseclassic.com

www.burmeseclassic.com



တောကား နက်လှ၏။ အမြစ်အပွေးထူသော သစ်ပင်အိုကြီးတို့ကား နေရာအနှံ့ ပေါက်နေ၏။ ပင်စည်သေးသော အပင့်နှင့် နွယ်ပင်တို့ကား တောကိုပတ်ပတ်ရံထား၏။ အမျိုးအမည် သိနိုင်ရန်ခက်သော ပန်းတို့ကား တောကို အလှဆင်ထား၏။ မဟူရာကဲ့သို့ နက်မှောင်သော ကျောက်တုံးကြီးများ၊ ဟသ်ာပဒါးနှင့်ပြိုင်၍ နီဝံ့သော ကျောက်တုံးကြီးများ ရွှေမှုန်တို့ ကြဲထားသည့်အလား တဖျတ်ဖျတ်လက်နေသည့် ရွှေငုံကျောက်တုံးကြီးများ၊ မည်သည့်အလှမျှ မဆင်နိုင်သော်လည်း ရင့်ကျက်မှုနှင့် ဂုဏ်ယူနိုင်သည့်

www.burmeseclassic.com

www.burmeseclassic.com



ရေညှိတက်နေသော ကျောက်တုံးကြီးများသည်လည်း တောအနှံ့ရှိနေ၏။

ထို့အပြင် စမ်းချောင်းငယ်တစ်ခုသည် တစ်နေရာမှ ကွေ့ပတ်၍လာပြီးလျှင် ထိုတောအတွင်းသို့ ဝင်၏။ ထို့နောက် တော၏ခါးလည်မှဖြတ်၍ ထွက်သွားလေ၏။ အရောင်အသွေးစုံလှသော ငှက်တို့လည်း တစ်ပင်မှတစ်ပင်သို့ ကူးလူးကာ တွန်ကျူးနေကြ၏။ အအုပ်၊ အသင်းနှင့်နေတတ်သော ငှက်တို့သည်လည်း အုပ်ဖွဲ့ကာ ပျံသန်းနေလေ၏။ ထိုတောတွင် ချိုမွှမ်းဖွယ်ရာ အမြောက်အမြားရှိ၏။

ထိုအမြောက်အမြားသော ချိုမွှမ်းဖွယ်ရာတို့အနက် အကောင်းဆုံး ချိုမွှမ်းဖွယ်ရာမှာ ထိုတော၌လွန်စွာလှပ၍ လွန်စွာမွှေးကြိုင်ကာ လွန်စွာချိုမြိန်သည့် အသီးတစ်မျိုးရှိခြင်းပင် ဖြစ်၏။ ထိုအသီးသည် ရာသီမရွေး၊ ဥတုမရွေးလည်း သီး၏။ ထိုအသီးသည် အသားထူ၍အစေ့သေး၏။ ရနံ့သည်စားချင်စဖွယ် ဖြစ်၏။ အရွယ်အလုံးပမာဏမှာ



သင်္ဘောသီးခန့်ရှိ၏၊ အဆုံးစွန်သောစကားကို ဆိုရပါမူ တစ်ရာသာသည့် လမ်းလျှောက်နေသော်လည်း လူသေတည်း ဆုံးပြီသာ တူလေတော့၏။

ထိုအခါ၌နှင့်ပင် အသေကောင်နှင့်တူသော လူငယ်သည် နာမည်ကို တွင်းသို့ဝင်ခဲ့ရာ မွန်းတည့်ခါနီးအချိန်လောက်တွင်၏။ သို့၏အတွင်း၌ ဆောက်လုပ်ထားသော သာလာယံဇရပ် မန္တိုင်းမင်းသို့ ရောက်ရှိခဲ့တော့၏။ ဇရပ်သို့ရောက်သောအခါ ရသေ့ငယ်သည် ဝါးလုံးဖြင့်လျှို၍ ထမ်းလာသော သူ၏ ထို့၏ထုပ်ကို "ဖုတ်ခနဲ" ချ၍ ထိုအထုပ်ပေါ်၌ ခေါင်းအုံးကာ ထိုခြေပစ်လက်ပစ် အိပ်ချလိုက်လေတော့၏။ အိပ်ချလိုက်သည်ဆိုသော်လည်း အိပ်ပျော်သည်မဟုတ်၊ မျက်လုံးမှိတ် မှိန်းနေခြင်းသာလျှင် ဖြစ်၏။

ထိုအချိန်၌ -

ဒီမှာရှင့် ... ဒီအသီးကို ရှင်စားဖူးသလား။ သိပ်ကို အရသာရှိတဲ့အသီးပဲရှင်။ ကျွန်မဖြင့် ဒီတစ်ခါ စားဖူးသေး

www.burmeseclassic.com

www.burmeseclassic.com



ရေညှိတက်နေသော ကျောက်တုံးကြီးမှုံးကို ရိပ်စားမိ တောအန္တရှိနေ၏။ ထိုတောကား

ထို့အပြင် စမ်းချောင်းငယ်တစ်ခုသည် ပ ကွေ့ပတ်၍လာပြီးလျှင် ထိုတောအတွင်းသို့ ဝင်တော်အစား နောက် တော၏ခါးလည်မှဖြတ်၍ ထွက်သွား အထုတ် အရောင်အသွေးစုံလှသော ငှက်တို့လည်း တစ်ပင်မှသမ်း၍ သို့ ကူးလူးကာ တွန်ကျူးနေကြ၏။ အအုပ်၊ အသ နေတတ်သော ငှက်တို့သည်လည်း အုပ်ဖွဲ့ကာ ပျံသန်း၏ နေလေ၏။ ထိုတောတွင် ချီးမွှမ်းဖွယ်ရာ အမြောက်အမြက် ရှိ၏။ ၁

ထိုအမြောက်အမြားသော ချီးမွှမ်းဖွယ်ရာတို့အနက်ပုံ အကောင်းဆုံး ချီးမွှမ်းဖွယ်ရာမှာ ထိုတော၌လွန်စွာလှပထွား လွန်စွာမွှေးကြိုင်ကာ လွန်စွာချိုမြိန်သည့် အသီးတစ်မျိုး ရှိခြင်းပင် ဖြစ်၏။ ထိုအသီးသည် ရာသီမရွေး၊ ဥတုမရွေး လည်း သီး၏။ ထိုအသီးသည် အသားထူ၍အစေ့သေး၏။ ရနံ့သည်စားချင်စဖွယ် ဖြစ်၏။ အရွယ်အလုံးပမာဏမှာ



ကောင်းမှန်း မသိ၊ အဆုံးစွန်သောစကားကို ဆိုရပါမူ ထိုလူငယ်သည် လမ်းလျှောက်နေသော်လည်း လူသေ ကောင်နှင့်သာ တူလေတော့၏။

ဤသို့နှင့်ပင် အသေကောင်နှင့်တူသော လူငယ်သည် တောအတွင်းသို့ဝင်ခဲ့ရာ မွန်းတည့်ခါနီးအချိန်လောက်တွင် တောအတွင်း၌ ဆောက်လုပ်ထားသော သာလာယံဇရပ် အတွင်းသို့ ရောက်ရှိခဲ့တော့၏။ ဇရပ်သို့ရောက်သောအခါ လူငယ်သည် ဝါးလုံးဖြင့်လျှို၍ ထမ်းလာသော သူ၏ အထုပ်ကို "ဖုတ်ခနဲ" ချ၍ ထိုအထုပ်ပေါ်၌ ခေါင်းအုံးကာ ခြေပစ်လက်ပစ် အိပ်ချလိုက်လေတော့၏။ အိပ်ချလိုက် သည်ဆိုသော်လည်း အိပ်ပျော်သည်မဟုတ်၊ မျက်လုံးမှိတ် ထားခြင်းသာလျှင် ဖြစ်၏။

ထိုအချိန်၌ -

ဒီမှာရှင့် .. ဒီအသီးကို ရှင်စားဖူးသလား။ သိပ်နှံ့ အရသာရှိတဲ့အသီးပဲရှင်။ ကျွန်မဖြင့် ဒီတစ်ခါ စားဖူးသေး

www.burmeseclassic.com

www.burmeseclassic.com



တယ်”ဟု ပြောလိုက်သော မိန်းမငယ်တစ်ဦး၏အသံကို ကြားလိုက်သောကြောင့် လုလင်ငယ်သည် မျက်စိကို “ဖျတ်ခနဲ” ဖွင့်ကြည့်လိုက်၏။ ထို့နောက် ခေါင်းကို ငဲ့စောင်းကြည့်လိုက်ရာ လွန်စွာချောမောလှပသည့် မိန်းကလေးတစ်ဦးသည် နတ်သရက်သီးဟု ဆိုသော အသီးကြီးတစ်လုံး ကိုင်လျက် ထိုလုလင်ငယ်၏အနီး၌ ကျုံ့ကျုံ့ယုံ့ယုံ့လေး ထိုင်နေသည်ကို တွေ့ရလေ၏။ ထိုအခါလုလင်ငယ်သည် လဲလျောင်းနေရာမှ ထလိုက်လေ၏။ ပြီးနောက် ထိုမိန်းကလေးအား ခြေဆုံးခေါင်းဆုံးကြည့်၏။

ထိုအခါ မိန်းကလေးက -

“ရှင် . . ကျွန်မကို ဘာဖြစ်လို့ကြည့်နေတာလဲ၊ ထူးဆန်းလို့ကြည့်နေတာလား။ ရှင့်စိတ်ထဲမှာ တောစောင့်နတ်သမီးလေးလို့များ ထင်နေသလား။ ရော့ပါ ဒီအသီးကို စားကြည့်စမ်းပါ။ ကျွန်မက ရှင့်ကို မဖမ်းစားနိုင်ပါဘူး။ ဒီအသီးကတော့ ရှင့်ကိုဖမ်းစားနိုင်တယ်။ ဒီအသီးလေး တစ်ကိုက်လောက်စားပြီးရင် ရှင် ဒီတောထဲက ဘယ်ကိုမှ သွားချင်တော့မှာ မဟုတ်တော့ဘူး။ ကျွန်မက ဟိုဘက်မြို့ကို သွားမလို့၊ ဒါပေမယ့် အဲဒီမြို့ကို ဆက်မသွားဘဲ ဒီတောထဲမှာပဲ ဒီအသီးတွေစားပြီး ဆက်နေရကောင်းမလားလို့ မကြာခဏစိတ်ကူးမိတယ်၊ ကျွန်မကဲ ကြားထဲက ပွဲစားလုပ်ပြီး ပြောနေရတာ မကောင်းပါဘူးလေ၊ ရှင်ကိုယ်တိုင် စားကြည့်စမ်းပါ”ဟု မိန်းကလေးက ပြောကာ လုလင်ငယ်၏လက်တွင်းသို့ ထူးဆန်းသော အသီးကို ထည့်ပေးလိုက်၏။ လုလင်ငယ်သည် အသီးကို မစားသေးဘဲ မိန်းကလေး၏ မျက်နှာကို ကြည့်လိုက်ပြီးနောက် -

“မင်းဘယ်သူလဲ . . . ဒီတောနက်ကြီးထဲမှာ မင်းတစ်ယောက်တည်း ဘာလုပ်နေတာလဲ”ဟု မေးလိုက်လေ၏။ ထိုအခါ မိန်းကလေးက အသံလွင်လွင် ကလေးဖြင့်ရယ်ကာ “ကောသိတွံ”ဟုပြောလိုက်လေ၏။ ထိုအခါ လုလင်ငယ်က -



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတာလဲ ... ဘာစကားလဲ"ဟု မေးလေ၏။ မိန်းကလေးသည် ရယ်ပြန်၍ -

"တွံပါဠိ ဘာသံဏနာသိ"ဟု ပြောပြန်၏။ လူငယ်သည် မျက်မှောင်ကြုတ်၍ မိန်းကလေးကိုကြည့်၏။ ပြီးလျှင် -

"ငါမေးတာ .. မင်းကောင်းကောင်းဖြေစမ်းပါ။ မင်း ဘာတွေလျှောက်ပြောနေတာလဲ၊ မင်းငါ့ကို နောက်တောက် တောက် ပြောင်တောင်တောင် လုပ်စရာလူတစ်ယောက်လို့ အောက်မေ့နေလို့လား .. ငါဟာသူရဲဘောကြောင်တဲ့ လူတစ်ယောက်ဆိုတာတော့မှန်တယ်။ ဒါပေမယ့် မင်းလို မလောက်လေး မလောက်စား မိန်းကလေးတစ်ယောက်က ရယ်စရာလုပ်တာကိုတော့ ခေါင်းငုံခံလိမ့်မယ်မဟုတ်ဘူး" ဟု ပြောလိုက်လေ၏။ လူငယ်၏စကားမှာ ဒေါသ ဖြစ်ဖွယ်ရာစကား ဖြစ်၏။ သို့သော် လူငယ်၏အသံမှာ ကြေကွဲနေပုံရ၏။ ထိုအခါ မိန်းကလေးက -



"စိတ်မဆိုးပါနဲ့ရှင်၊ ရှင်ကော ဘယ်သူလဲ ... ရှင် ပါဠိစကားပြောတတ်သလားလို့ မေးတာပါ"ဟု ပြန်၍ ပြောလိုက်လေ၏။

"ငါမပြောတတ်ဘူး၊ ငါ့ကိုလဲ အဲဒီစကားနဲ့မပြောနဲ့၊ မင်းငါ့ကိုဆက်ဆံဖို့ကောင်းတဲ့ လူတစ်ယောက်မဟုတ်ဘူး လို့ထင်ရင် မင်းလမ်းမင်းသွားပါ၊ မင်းအလုပ်မင်းလုပ်ပါ" ဟု လူငယ်က ပြောလိုက်လေ၏။ မိန်းကလေးသည် လူငယ်အား နှစ်လိုဖွယ်ရာ ပြုံးပြလိုက်လေ၏။

"စိတ်မဆိုးပါနဲ့ ရှင်ရယ် ... ရှင့်ကို ကျွန်မ မေးစမ်း ပါရစေဦး၊ ယောက်ျားတိုင်းဟာ သူတို့ဟာ သတ္တိရှိကြောင်း၊ ရဲရင့်ကြောင်းကိုသာ ဂုဏ်ယူပြီးလူရှေ့မှာ ပြောလေ့ရှိပါ တယ်။ ရှင်ကတော့ အဆန်းပါလား၊ ငါဟာ သူရဲဘော ကြောင်တဲ့လူတစ်ယောက်တဲ့ သူရဲဘောကြောင်တာ ကိုများ ဂုဏ်ယူစရာ တစ်ခုအနေနဲ့ ပြောနေရလား ရှင်ရယ်"ဟု မိန်းကလေးက မေးလိုက်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



သူရဲဘောကြောင်တာကို ဂုဏ်ယူပြီး မင်းကိုပြောနေတာမဟုတ်ဘူး။ အဲဒါက ‥ ငါရတဲ့ဘွဲ့ထူးပဲ။ ငါရတဲ့တံဆိပ်ပဲ။ ငါက သူရဲဘောကြောင်တဲ့လူတစ်ယောက်ပဲ။ ငါဟာ ဆိပ်ကမ်းသာမြို့ကြီးမှာ စစ်ဗိုလ်အဖြစ် အမှုထမ်းခဲ့ရတယ်။ အဲဒီမြို့ကြီးကို ပြီးခဲ့တဲ့ တစ်လကျော်လောက်က ရန်သူတွေလာပြီး တိုက်ခိုက်ခဲ့ကြတယ်။ အဲဒီတော့ ရန်သူတွေဟာ မြို့ကြီးကို မဝိုင်းမိခင်မှာ ငါတို့က သူတို့ဆီ အရောက်တက်သွားပြီး သူတို့ကို ဆီးကြိုတိုက်ခိုက်ဖို့ တာဝန်ရှိတာပေါ့။ ငါ့ရဲ့ အထက်အရာရှိတွေဖြစ်တဲ့ တပ်ဗိုလ်၊ တပ်မင်းတွေ၊ မြို့စားကြီးတွေကလဲ အဲဒီလို ထွက်တိုက်ဖို့ ငါ့ကိုအမိန့်ပေးခဲ့ကြတယ်။ ငါလဲ ငါ့ရဲ့မြို့ကြီး ရန်သူလက်မှာ ကျဆုံးသွားမှာကိုတော့ အများနည်းတူ စိုးရိမ်မိတာအမှန်ပဲ။ အဲဒီတော့ ငါလဲ ငါ့ရဲ့စစ်သားတွေနဲ့ ရန်သူတပ်သားတွေနဲ့ ရန်သူတပ်ကို အရောက်ချီတက်သွားပြီး တိုက်ခိုက်ခဲ့ပါတယ်။ ဒါပေမယ့် ငါ့ကိုက သူရဲဘောကြောင်လွန်းပါတယ်လေ ‥‥ တိုက်နေရင်း



ရန်သူ့အင်အားတိုးလာတာတွေ့ရတာနဲ့ ငါဟာ ‥ မနိုင်နိုင်ဘူးဆိုတာ ဆုံးဖြတ်မိတယ်။ အဲ့ဒါနဲ့ ငါက ဆုတ်ခဲ့ရတယ်။ အမှန်က ငါဟာ ရန်သူ့လက်ချက်နဲ့ အဲဟာ သတ်အသေခံရမှာဖြစ်တယ်၊ အဲဒီလို အသေမခံတဲ့ မင်း သူရဲဘောကြောင်ပြီး ဆုတ်ပေးခဲ့တယ်။ ဒါပေမယ့် ငါ့ မြို့စားကြီးလည်း ကံကောင်းပါတယ်လေ။ ငါလဲ ချောင်းတစ်ဘက်ကို ဆုတ်ပြီးရော ရန်သူ့တပ်ဟာ ချောင်းဖြတ်ကူးပြီး ငါ့တပ်ကို လိုက်မယ်အလုပ်မှာ ဖြုန်းခနဲ မိုးတွေရွာချလာတယ်။ ငါ့တပ်နဲ့ ရန်သူ့တပ်ဟာ ချောင်းရဲ့တစ်ဘက်ဆီမှာ ဖြစ်နေတာပေါ့။ အဲဒီချောင်းကသေးသေးကလေးပါ။ ဒါပေမယ့် မိုးရွာလို့ တောင်ကျရေကျလာတဲ့အခါမှာ ရေစီးသိပ်ပြီးသန်တယ်။ လူမပြောနဲ့ ဆင်တောင်မျောတဲ့ချောင်းမျိုးဖြစ်တယ်။ ဒါကြောင့် အဲဒီချောင်းကို ဆင်မျောချောင်းလို့ ခေါ်ကြတယ်။ ဆင်မျောချောင်းကရေတွေ တလဟော လိမ့်ဆင်းလာတော့ ရန်သူတွေလည်း ငါ့တို့နောက်ကို မလိုက်နိုင်တော့ဘူး။ သူတို့မှာ ရိက္ခာလည်း ကုန်နေပြီ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေတော့ တစ်ခါတည်း ပြန်ဆုတ်သွားကြတယ်။ အဲဒီတော့ ငါတို့မြို့ကြီးလည်း ရန်သူလက်ထဲကို မကျဘူး တဲ့ဟယ်။ ဒါပေမယ့် ငါ့ရဲ့ အထက်အရာရှိတွေကတော့ ငါဟာ ရန်သူတွေ ကြောက်ပြီး ဆုတ်ပြေးလာကြောင်း ခဲ့ရသွားကြလေတော့ ငါ့ကို သူရဲဘောကြောင်တဲ့အကောင် ရ ပြီး တပ်ကထုတ်ပစ်လိုက်ကြတယ်။ အဲ့ဒီတော့ ငါဟာ မှ ဆိပ်ကမ်းသာမြို့မှာ ဆက်ပြီး နေလို့လဲ မဖြစ်တော့ဘူး။ ငါ့ကို တစ်မြို့လုံးကလည်း မသတီကြတော့ဘူး။ ယောက်ျား၊ မိန်းမ၊ ကလေး၊ လူကြီး အားလုံးက ငါ့ကိုမြင်ရင် နှာခေါင်း ရှုံ့ကြတယ်။ တစ်ချို့က တံတွေးထွေးကြတယ်။ ငါလာတာ မြင်ရင် ဝါးတစ်ရိုက်လောက်ကနေ ကွင်းရှောင်သွားကြ တယ်။ ငါနဲ့ရွယ်တူ ယောက်ျားလေးတွေကဆိုရင် သူတို့ အချင်းချင်း "ဟော့ကောင်၊ ဟော့ကောင် ဒီဘက်ကလာ၊ ဒီဘက်ကလာ . . . သူရဲဘောကြောင်တဲ့ကောင်နား ကပ်မသွားလေနဲ့။ မင်းကိုပါ သူရဲဘောကြောင်တဲ့ရောဂါ



တွေ ကူးကုန်လိမ့်မယ်"လို့ မထီလေးစား နှောက်ပြောင် ကြတယ်။ တချို့ မိန်းမတွေကလည်း ငါ့ကိုမြင်ရင် "ဟော့ကောင် . . ထဘီယူမလားလို့ မေးကြတယ်။ ငါဟာ ဆာလောင်မွတ်သိပ်လာလို့ ထမင်းဆိုင်ကိုဝင်ပြီး ထမင်း ဝယ်စားမယ်ဆိုရင် ထမင်းဆိုင်ရှင်က ငါ့ကို ဘာပြောတယ် မှတ်သလဲ၊ "မင်းလိုကောင်မျိုးက ငါ့ဆိုင်မှာ ထမင်း တစ်ပန်းကန်စာလောက်ကို ငွေလှည်းတစ်စီးတိုက်ပေးပြီး စားမယ်ဆိုရင်တောင် ငါက မရောင်းဘူးကွ၊ ဒီဆိုင်က ထမင်းဟာ အဟာရဓာတ် ဖြစ်စေတယ်၊ သူရဲဘော ကြောင်တဲ့လူကို အဟာရဓာတ် မပေးနိုင်ဘူးလို့" ရင့်ရင့် သီးသီး ပြောလွှတ်လိုက်တယ်၊ တစ်ချို့ဆိုင်တွေဆိုရင် ငါ့ကိုခွေးမောင်းသလို မောင်းပစ်ကြတယ်၊ ဘာကြောင့်လဲ ဆိုတော့ ငါဝင်သွားရင် ငါ့အရင်ဆိုင်ထဲမှာ စားနှင့်နေ ကြတဲ့လူတွေက ငါ့ကို ရွံ့လို့ဆိုပြီး ထမင်း ဆက်မစား ကြတော့ဘူး၊ ဆိုင်ထဲကနေ ထွက်သွားကြတယ်၊ ငါ့

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ဟာ တစ်နေ့ထက်တစ်နေ့ ဆိုးလာတယ်။ ဒါကြောင့် ငါဟာ အဲဒီမြို့ကို စွန့်ခွာပြီး ငါ့အကြောင်းကို မသိတဲ့ တစ်ခြားမြို့ရွာသွားပြီး ကြုံရာကျပန်းလုပ်မလို့ ထွက်လာခဲ့တာပဲ။ ဒီနေ့ပါနဲ့ဆိုရင် ငါဟာ ထမင်းမစားရတာ (၃)ရက်ရှိပြီ။ ကဲ . . မိန်းကလေး မင်းလဲ ငါ့ကို သူရဲဘောကြောင်တဲ့လူ၊ သတ္တိမရှိတဲ့လူဆိုတာ သိပြီဟုတ်လား၊ အဲဒီတော့ မင်းရဲ့အသီးကြီးကို ပြန်ယူချင်ယူသွားနိုင်တယ်'' ဟုဆိုကာ လူငယ်သည် ၎င်းလက်အတွင်းမှ နတ်သရက်သီး ဟု ဆိုသော အသီးကြီးကို ပြန်၍ ထိုးပေးလေ၏။

သို့ရာတွင် မိန်းမချောကလေးက နှစ်လိုဖွယ်ရာ ပြုံးလိုက်ပြီးလျှင် -

''စားပါရှင် စားပါ၊ ရှင်နဲ့ ကျွန်မဟာ အတူတူပါပဲ။ ကျွန်မလဲ မနေ့ကပဲ ဒီတောထဲကိုရောက်တယ်၊ အဲဒီကျမှပဲ အစားစားရပါတယ်၊ အစာစားရတယ်ဆိုတာ တခြားအစာ မဟုတ်ပါဘူး၊ ဒီသရက်သီးမျိုးတွေ စားရ



တာပါ။ ရှင်က ကျွန်မနဲ့ အဖြစ်အပျက်ချင်း အတော့်ကို တူတာကိုး''

ဟုပြောလိုက်လေ၏။ ထိုအခါ လူငယ်က -

''မင်းနဲ့ ငါနဲ့က ဘယ်လိုလုပ်ပြီး အဖြစ်အပျက်ချင်း တူမှာတုန်း၊ ငါက သတ္တိမရှိတဲ့လူ၊ တကယ်က ငါ့အလုပ်က သတ္တိရှိရမယ်၊ အဲဒါကြောင့် လူတွေအားလုံးက ငါ့ကို ဝိုင်းပယ်လိုက်ကြတာ''ဟု ပြောလိုက်ရာ မိန်းကလေးက -

''ရှင်ကလဲ သတ္တိမရှိလို့ လူတွေရဲ့ ဝိုင်းပယ်ခြင်းကို ခံရတယ်၊ ကျွန်မကလည်း အရုပ်မရှိလို့ လူတွေရဲ့ ဝိုင်းပယ်ခြင်းကိုခံရတာပဲ။ ကျွန်မဟာ ဟိုး''ကုက္ကြွေ''ဆိုတဲ့ မြို့ကပါ၊ အလုပ်အကိုင်က ပန်းရောင်းတယ်၊ ကျွန်မလဲ မှားပါတယ်ရှင်၊ သူဌေးသားတစ်ယောက်ကို သူဌေးသားမှန်း မသိဘဲ သွားပြီး ကြိုက်မိတယ်၊ ပြီးတော့ အဲဒီသူဌေးသား ချိန်းတဲ့နေရာကို ကျွန်မက သွားခဲ့မိတယ်၊ ပြီးတော့ သူဌေးသား ကျွန်မဆီက လိုချင်တဲ့အရာကို ကျွန်မက ကြည်ကြည်ဖြူဖြူ ပေးခဲ့မိတယ်၊ ဒါပေမယ့် ကျွန်မချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



သူ့ဌေးသားက ကျွန်မ မသိအောင် သူ့သူငယ်ချင်း သူ့ဌေးသား လူပွေလူတေတွေကို တိတ်တဆိတ်ခေါ်ထား တာကိုးရှင့်။ အဲဒီကောင်တွေက ကျွန်မကို ဝိုင်းပြီး အနိုင်ကျင့်ကြတယ်၊ အဲဒီအချိန်မှာပဲ မြို့စောင့်အမှုထမ်း တွေ ရောက်လာပြီး ကျွန်မကိုဖမ်းလားဆီးလားလုပ်တယ်၊ ကျွန်မက အမှန်အတိုင်းပြောပြပါတယ်။ ဒါပေမယ့် မြို့ တရားရုံးမှာ ကျွန်မပဲ ရှုံးသွားတယ်၊ လူတွေက ကျွန်မကို ကြေးစားမဆိုပြီး ပြစ်တင်ရှုံချကြတယ်၊ မိန်းမချင်းတွေကလဲ အဖြစ်မှန်ကိုမသိဘဲ အညာအတာကင်းမဲ့စွာနဲ့ ကျွန်မကို တွေ့ရင် ဆဲဆိုကြတယ်၊ ယောကျ်ားတွေကလဲ ကျွန်မကို တွေ့ရင် ပြီတီတီလုပ်ကြတယ်၊ မထီမဲ့မြင်လုပ်ကြတယ်၊ ကျွန်မက ဘယ်ခံမှာတုန်း၊ ကျွန်မဟာ မိန်းမပျက် တစ်ယောက်မှ မဟုတ်ဘဲ၊ အဲဒီတော့ ပြီတီတီလုပ်လာတဲ့ ယောကျ်ားတွေကို အော်ငေါက်လွှတ်တာပေါ့၊ အဲဒီအခါမှာ ယောကျ်ားတွေက "အောင်မာ ‥ နင့်အကြောင်းမသိရင်



ခက်မယ်၊ မြို့တရားရုံးမှာ ပြည့်တန်ဆာမအမှုနဲ့ တရားစွဲ ခံရတဲ့ ကောင်မကများ လူလူသူသူလုပ်လို့" ဆိုပြီး သူတို့က ဆဲဆိုသွားကြသေးတယ်။ အဲဒီတော့ အဲဒီမြို့မှာ ဘယ်လို လုပ်ပြီး ဆက်နေရမှာတုန်း၊ အဲဒါကြောင့် ကျွန်မ အင်မတန်ချစ်တဲ့မြို့ကိုခွာပြီး ဟိုဘက်မြို့ကို သွားမလို့ ထွက်လာခဲ့တာ၊ ဟိုဘက်မြို့ရောက်ရင် ကျွန်မ ပန်းပြန် ရောင်းမယ်၊ ခုလို ရှင်နဲ့ တွေ့ရတာ ခရီးဖော်ရတာပေါ့" ဟု ပြောလိုက်လေတော့၏။ မိန်းကလေးလည်း သူ၏အကြောင်း ကို ပြောပြပြီးနောက် ငြိမ်၍နေလေ၏။ ထိုအခါ လူငယ် သည် နတ်သရက်သီးကို စားသောက်လေ၏။

ထိုအချိန်မှာပင် မြင်းကုန်းနှီးကို ထမ်း၍လာသော စစ်ဗိုလ်ကလေးတစ်ဦးသည် လူငယ် မိန်းကလေးတို့ရှိရာ သာလာယံဇရပ်ဆီသို့ ရောက်ရှိလာလေတော့၏။ ထို စစ်ဗိုလ်ကလေး၏ ဝဲဘက်ရင်အုံပေါ်၌လည်း ၎င်း၏မြို့မှ ချီးမြှင့်ထားသော သူရဲကောင်းအမှတ်အသားတံဆိပ်များ

www.burmeseclassic.com

www.burmeseclassic.com



တပ်ဆင်ထားလေ၏။ သူရဲဘောကြောင်သောလူငယ်သည် သူရသတ္တိဘွဲ့တံဆိပ်များရလာသော လူငယ်အား ငေးမော ကြည့်ရှုနေလေ၏။ မိမိနှင့်ရွယ်တူဖြစ်သောကြောင့် ထို စစ်ဗိုလ်ကလေးကို အားလည်းကျမိလေ၏။ ထိုသို့ အားကျမိသည့်နည်းတူ မိမိ၏သူရဲဘောကြောင်သော အဖြစ်ကိုလည်း ယူကျုံးမရ ဖြစ်မိလေ၏။

လူငယ်သည် ထိုစစ်ဗိုလ်ကလေးအား -

"ထိုင်ပါမိတ်ဆွေ၊ ထိုင်ပါ၊ ခရီးပန်းလာတယ်မှတ်တယ်၊ ဟောဒီအသီးကိုစားပါ၊ အပန်းဖြေပါ၊ ကျုပ်တို့လဲ ဟိုဘက် မြို့ကိုသွားမယ့် ခရီးသည်တွေပါပဲ" ဟု ပြောရာ သူရဲကောင်း လူငယ်က -

"ကျုပ်ဟာ ခင်ဗျားတို့နဲ့ ခရီးသွားဖို့ စဉ်းစားရလိမ့် မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ဟာ သာမာန်လူ တစ်ယောက်မဟုတ်ဘူး၊ သူရဲကောင်းတစ်ဦးဖြစ်တယ်၊ ကျုပ်ရဲ့ သူရသတ္တိနဲ့ ပတ်သက်လို့ ကျုပ်နေတဲ့မြို့က ကျုပ်ကို



ဘွဲ့တံဆိပ် ချီးမြှင့်ပြီးပြီ၊ အခု ကျုပ်က နေပြည်တော်ကို သွားမှာ၊ နေပြည်တော်ကလဲ ကျုပ်မြို့ရဲ့ထောက်ခံချက်နဲ့ ကျုပ်ကို သူရသတ္တိနဲ့ ပြည့်စုံတဲ့ ဘွဲ့တံဆိပ်တွေ ချီးမြှင့်ဖို့ ခေါ်နေပြီ၊ ကျုပ်မြင်းနဲ့ ခရီးထွက်လာခဲ့တာပဲ၊ ကျုပ်မြင်းဟာ တောစပ်မှာပဲ အမောဆို့ပြီးသေသွားလို့ ဒီတိုင်း လျှောက် လာခဲ့ရတာ၊ အခုလောက် ကျုပ်ပြောပြတာကို နားထောင် ပြီးရင် ကျုပ်ဟာ ဘယ်လိုအဆင့်အတန်းထဲကလူဆိုတာ ခင်ဗျားသဘောပေါက်သင့်တယ်၊ အဲဒီတော့ ကျုပ်ကို ခင်ဗျား စားလက်စအသီးကို ကျွေးမယ့်အစား ဂုဏ်ပြုတဲ့ အနေနဲ့ အသစ်တစ်လုံး ခူးပေးပါ" ဟု ပြောလိုက်ရာ သူရဲဘောကြောင်သောလူငယ်က -

"သူရသတ္တိနဲ့ ပြည့်စုံတဲ့ လူတစ်ယောက်ကို သရက် သီးတစ်လုံးခူးကျွေးဖို့ ကျုပ်အတွက် အပန်းမကြီးပါဘူးဗျာ၊ မှတော့ မိတ်ဆွေကိုပြောလိုက်ဦးမယ်၊ ကျုပ်လဲ ခင်ဗျားလို စစ်ဗိုလ်တစ်ယောက်ပါပဲ၊ ဒါပေမယ့် သူရသတ္တိနဲ့မပြည့်စုံ

www.burmeseclassic.com

www.burmeseclassic.com



လို့ ကျုပ်ကို တပ်ကထုတ်ပစ်လိုက်ပြီ၊ အခုလဲ ကျုပ် ဟိုဘက်မြို့ကိုသွားပြီး ကြံရာကျပန်းလုပ်စားမလို့ပါပဲ”ဟု ပြောလိုက်ရာ သူရဲကောင်းလူငယ်က -

“ဩော် ... ဒီလိုလား၊ ကျုပ်လဲ ထင်သားပဲ၊ ခင်ဗျား မျက်နှာကို ကြည့်ရတာကို သတ္တိရှိမယ့်ပုံမျိုး မဟုတ်ပါဘူး” ဟု ပြောလိုက်လေ၏။ ထိုအခါ သူရဲဘောကြောင်သော လူငယ်က -

“ကျုပ် သတ္တိမရှိတာဟာ ကျုပ်ရဲ့မျက်နှာမှာတောင် ပေါ်နေပြီလားဗျာ၊ အံ့သြစရာပါပဲ” ဟု ပြောဆိုကာ သူရဲကောင်းလူငယ်စားသောက်ရန်အတွက် နတ်သရက်ပင်သို့တက်၍ မှည့်ဝင်းသော သရက်သီးတစ်လုံးကို ခူးယူကာ ဆင်းလာပြီးလျှင် အနီးရှိ စမ်းချောင်းငယ်၌ ဆေးကြော၍ သူရဲကောင်းလူငယ်အား ပေးလိုက်လေ၏။

သူရဲကောင်းလူငယ်ကလည်း သရက်သီးကို စားသောက်ရင်း သူရဲဘောကြောင်သော လူငယ်အား -



“ကျုပ်လဲ မြန်းစားကြီး ခရီးထွက်လာရတာဆိုတော့ ခိုင်းဖို့စေဖို့ တပည့်တပန်း မပါခဲ့ဘူး၊ ကိုယ့်လူကိုပဲ ခိုင်းရမှာပဲ”ဟု ပြောလိုက်ရာ သူရဲဘောကြောင်သောလူငယ်က-

“ရပါတယ်ခင်ဗျာ၊ ခိုင်းချင်ရာ ခိုင်းပါ၊ ခင်ဗျားရဲ့ သူရသတ္တိကို ဂုဏ်ပြုတဲ့အနေနဲ့ ခရီးတစ်လျှောက်မှာ ခင်ဗျားရဲ့အစေခံအဖြစ် လိုက်ခဲ့ပါမယ်”ဟု ပြောလိုက်လေ၏။ ထိုအခါ သူရဲကောင်းလူငယ်သည် နတ်သရက်သီးအစေ့ကိုစုပ်ရင်း မိန်းကလေးဘက်သို့လှည့်ကာ -

“မင်းနဲ့ ဒီလူနဲ့ ဘာတော်လဲ”ဟု မေးလိုက်လေ၏။ ထိုအခါ မိန်းကလေးက -

“ဘာမှမတော်ပါဘူး၊ ဟောဒီဇရပ်ကျမှ တွေ့ကြတဲ့ မိတ်ဆွေတွေပါ”ဟု ပြန်ဖြေလိုက်လျှင် သူရဲကောင်း၏ မျက်နှာသည် နေရောင်၌ လက်လိုက်သော ကြေးမုံပြင်ကဲ့သို့ ဖျတ်ခနဲ ဝင်းသွားလေ၏။ ထိုသို့ ဝင်းသွားပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



"နေရာကျတာပဲကွာ၊ ငါ့မှာလဲ ညအိပ်ဖို့ မိန်းမ မပါလာတာနဲ့အဆင်သင့်ပဲ၊ မင်း ငါနဲ့အတူ အိပ်ပါလား၊ သူရဲကောင်းတစ်ယောက်ရဲ့ရင်ခွင်မှာ အိပ်စက်ခဲ့ရတဲ့အဖြစ်ကို မင်းတစ်သက်လုံးဂုဏ်ယူစမ်းပါ၊ အဲဒီ ဂုဏ်ယူရခြင်းဟာ မင်း ငါနဲ့ အိပ်စက်ခဲ့ရတဲ့ အဖိုးအခလို့ သဘောထားလိုက်ပါ" ဟု ပြောလိုက်ရာ မိန်းကလေးက -

"ရှင် ဘာစကားပြောတာလဲ၊ ရှင် သူရဲကောင်းဖြစ်တာနဲ့ ကျွန်မက ရှင့်ရဲ့ အပျော်မယားဖြစ်ရတော့မှာလား၊ ကျွန်မနေရာမှာ ရှင့်နှမဆိုရင် ရှင်ဘယ်လိုသဘောထားမတုန်း၊ နောက်ပြီး ရှင်နားလည်ထားစမ်းပါ၊ မိန်းမဆိုတာ သူတို့ချစ်သူကလွဲပြီး ဘယ်လိုလူမျိုးကိုမှ အထင်မကြီးတတ်ဘူး၊ မိန်းမတစ်ယောက်ရဲ့အချစ်ဟာ ဥစ္စာဓနပေါ်မှာလဲ မတည်ဘူး၊ ရုပ်ရည်ချောမောခြင်းပေါ်မှာလဲ မတည်ဘူး၊ ဂုဏ်သိက္ခာပေါ်မှာလည်းမတည်ဘူး၊ သူရသတ္တိရှိခြင်းပေါ်မှာလဲ မတည်ဘူး၊ နှလုံးသားပေါ်မှာပဲ တည်တယ်၊ သူ့နှလုံးသားက ချစ်စရာလို့ သတ်မှတ်တဲ့ယောကျာ်းကို သူဟာ ချစ်တာပဲ၊



အဲဒီလူဟာ သူရဲဘောကြောင်တဲ့လူလဲ ဖြစ်ချင်ဖြစ်မယ်၊ ဂုဏ်အဆင့်အတန်းမဲ့တဲ့လူလဲ ဖြစ်ချင်ဖြစ်မယ်၊ အကျည်းတန်အရုပ်ဆိုးတဲ့လူလဲ ဖြစ်ချင်ဖြစ်မယ်၊ မိန်းမတစ်ယောက်ရဲ့ နှလုံးသားက အဲဒါတွေကို မစဉ်းစားဘူးရှင့်၊ နောက်ပြီး ရှင့်ကိုပြောလိုက်ဦးမယ်၊ မြောက်မြားစွာသော သူရဲကောင်းတွေ၊ မြောက်မြားစွာသောဘုရင်ကေရာဇ်တွေ၊ မြောက်မြားစွာသော ပညာရှိလို့ အခေါ်ခံရတဲ့ လူတွေအားလုံး မိန်းမတွေရဲ့ ဒူးအောက်မှာ ပြားပြားဝပ် ငုပ်လျှိုးသွားကြရတယ်၊ ရှင် နားလည်အောင် ပြောလိုက်ဦးမယ်၊ ရှင့်ကို ကျွန်မ အထင်မကြီးဘူး" ဟု ပြောလိုက်လေ၏။

ထိုအခါ သူရဲဘောကြောင်သောလူငယ်က ကြားမဝင်၍ ဖြန်ဖြေကာ ခရီးဆက်ကြရန် ပြောလေ၏။ သူရဲကောင်းလူငယ်သည် သူရဲဘောကြောင်သောလူငယ်အား -

"ခရီးဆက်ကြရင်တော့ ဟောဒီ ကျုပ်ရဲ့ မြင်းကုန်းနှီးကို ကိုယ့်လူက ထမ်းခဲ့ပေတော့" ဟု ပြောလိုက်ရာ သူရဲဘောကြောင်သောလူငယ်လည်း မြင်းကုန်းနှီးကို သူ၏ ဝါးကျစ်

www.burmeseclassic.com

www.burmeseclassic.com



တုတ်၌ ထမ်းပိုးရန်အတွက် လျှိုလိုက်လေ၏။ ထိုအချိန်မှာပင် ၎င်းတို့သုံးဦး၏အလယ်သို့ ဇရပ်၏မျက်နှာကြက်မှ တစ်စုံတစ်ခုသော အရာကြီးသည် "ဝုန်း" ခနဲ ပြုတ်ကျလေတော့၏။ သူရဲကောင်းသည် "အောင်မယ်လေး" ဟု လန့်၍ အော်ကာ ထ၍ ခုန်လိုက်လေ၏။ သူရဲဘောကြောင်သောလူငယ်သည် မိန်းကလေးအား ထိခိုက်မိမည်စိုးသဖြင့် လျင်မြန်စွာ ကာကွယ်လိုက်လေ၏။

ထို့နောက် ပြုတ်ကျလာသော အရာကိုကြည့်လိုက်ရာ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတွေ ဖြူဆွတ်နေသည့် အဘိုးအိုကြီးတစ်ဦးဖြစ်ကြောင်း တွေ့ရလေ၏။ ထိုအခါ မိန်းကလေးက -

"အဘိုး . . . ဘယ်တုန်းက မျက်နှာကြက်ထဲမှာ ရောက်နေတာလဲ၊ လိမ့်ကျလာတာ အတော်နာသွားမှာပဲနော်" ဟု ကရုဏာသက်သောလေသံဖြင့် မေးလိုက်လေ၏။ မုတ်ဆိတ်ဖြူအဖိုးကြီးသည် တစ်စုံတစ်ရာပြောဆိုမည်ဟု



ဟန်ပြင်လိုက်လေ၏။ သို့ရာတွင် ၎င်း မပြောဖြစ်မီမှာပင် သူရဲကောင်းက ၎င်း၏ခါးတွင်ချိတ်ထားသော ဓားရှည်ကြီးကို ဆွဲထုတ်ကာ -

"သတ်မယ်၊ ခင်ဗျားက ကျုပ်တို့သုံးဦး စကားပြောနေတာကို ချောင်းပြီး နားထောင်နေတာ သူလျှိုအဘိုးကြီးပဲ ဖြစ်ရမယ်" ဟုဆိုကာ ဓားဖြင့်ခုတ်ပိုင်းရန်ရည်ရွယ်လေ၏။ ထိုအခါ သူရဲဘောကြောင်သောလူငယ်က ကိုယ်ဖြင့် ကွယ်ပေးရင်း -

"မလုပ်ပါနဲ့ဗျာ၊ သူလျှိုတစ်ယောက်လဲ မဟုတ်နိုင်ပါဘူး" ဟု သူရဲကောင်းအားတောင်းပန်လေ၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးက -

"ကျုပ်ဟာ မျက်မမြင်ဒုက္ခိတတစ်ဦးပါ၊ ကျုပ်မှာ မျက်လုံးတွေတော့ရှိတယ်၊ ဒါပေမယ့် အသုံးမဝင်တော့ဘူး၊ ကြောင်တောင်ကန်းဆိုပါတော့. ကျုပ်လဲ ဟိုဘက်မြို့ကို သွားမယ့်ခရီးသည်ပါ။ ကျုပ်အဖော်တွေက ကျုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဒီဇရပ်မှာ ထားပြီးထွက်သွားကြလို့ပါ။ ကျုပ်လဲ ခရီးမဆက်နိုင်ဘဲ ဇရပ်ပေါ် သောင်တင်နေရတာ သုံးရက်ရှိပါပြီ၊ ဓားပြသူခိုးအန္တရာယ်ကြောက်လို့ မျက်နှာကြက်ထဲမှာ ဝင်ပြီး ပုန်းနေရပါတယ်။ မောင်ရင်တို့သုံးဦး စကားပြောတာကို ကျုပ်ကောင်းကောင်းကြီး ကြားရပါတယ်။ လူကောင်းတွေဖြစ်ကြောင်းလဲ ကျုပ်သိရပါတယ်။ ဟိုဘက်မြို့ကိုသွားကြမယ့် လူတွေဖြစ်ကြောင်းလဲ သိရပါတယ်။ အဲဒါကြောင့် အဖော်တွေ့ရပြီဟဲ့ ဆိုပြီး အားရဝမ်းသာနဲ့ မျက်နှာကြက်ပေါက်ကနေ ခုန်ဆင်းခဲ့တာဖြစ်ပါတယ်။ ကျုပ်ကိုတော့ ထားမပစ်ခဲ့ကြပါနဲ့" ဟု ပြောလိုက်လေ၏။ ထိုအခါ သူရဲကောင်းက -

"ခင်ဗျားလို မျက်မမြင်တစ်ယောက်နဲ့ သွားရရင် ခရီးက တွင်မှာမဟုတ်ဘူး၊ ကျုပ်ကနေပြည်တော်မှာ သူ့ရဲကောင်းဘွဲ့တံဆိပ် ယူဖို့သွားမှာ၊ တစ်ရက်နောက်ကျရင် တစ်ရက် ကျုပ်အတွက်နစ်နာတယ်" ဟု ပြောလိုက်လေ၏။ ထိုအခါ မုတ်ဆိတ်ဖြူအဘိုးကြီးက -



"ကျုပ်ကိုခေါ်သွားတဲ့အတွက် အဲဒီလိုနစ်နာတာ မှန်ပါရဲ့၊ ဒါပေမယ့် အကျိုးရှိတာလေးတစ်ခုတော့ ပြောပြရမယ်၊ ကျုပ်မှာ ဆန်နည်းနည်းနဲ့ အသားခြောက် နည်းနည်းပါတယ်၊ ကျုပ်နဲ့ခရီးသွားရရင် အဲဒါတွေစားရမှာပေါ့၊ နို့မို့ရင် လမ်းတစ်လျှောက်လုံး နတ်သရက်သီးနဲ့ပဲ စခန်းသွားရလိမ့်မယ်၊ ကျုပ်ကို ခေါ်သွားရရင် ရွှေဒင်္ဂါး တစ်ပြားလဲရဦးမှာ" ဟု ပြောဆိုကာ မုတ်ဆိတ်ကြီးသည် ရွှေဒင်္ဂါးတစ်ပြားကိုထုတ်၍ လက်ဖြင့်တောက်လိုက်ရာ ရွှေဒင်္ဂါးသည် "ချွင်" ခနဲမြည်၍ အပေါ်သို့တက်သွား လေ၏။ ထိုအခါ သူရဲကောင်းက ဖမ်းယူလိုက်ပြီးလျှင် သူရဲဘောကြောင်သောလုလင်ယောက်ဘက်သို့ လှည့်ကာ -

"အကန်းကြီးကိုခေါ်ခဲ့" ဟု အမိန့်ပေးလိုက်လေ၏။ ထို့နောက် ၎င်းတို့သည် ခရီးထွက်ကြလေတော့၏။ သူရဲဘောကြောင်သောလုလင်ယောက်နှင့် မိန်းကလေးသည် မုတ်ဆိတ်ဖြူကြီးအားတွဲ၍ ခေါ်သွားလေ၏။ မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



သည် မုတ်ဆိတ်ဖြူကြီး၏ ဆန်နှင့်အသားခြောက်ထုပ်ကို ခေါင်း၌ ရွက်၍ လိုက်ခဲ့လေတော့၏။

သူရဲကောင်းမှာမူ ၎င်းတို့၏ ရှေ့မှ လွတ်လပ်ပေါ့ပါးစွာ လေကလေးချွန်၍ လျှောက်သွားလေတော့၏။ သူရဲဘောကြောင်သောလုလင်နှင့် မိန်းကလေးသည် အထုပ်အပိုးကို သယ်၍လည်းကောင်း၊ မုတ်ဆိတ်ဖြူကြီးကိုတွဲ၍လည်းကောင်း၊ လေးလံစွာ လျှောက်ခဲ့ရလေ၏။ ထို့ကြောင့် သူရဲကောင်းသည် မကြာမကြာ နောက်သို့လှည့်၍ မာန်မဲကြိမ်းမောင်းလေတော့၏။

ဤသို့နှင့် တရွေ့ရွေ့လျှောက်လာခဲ့ရာ တော၏ ခါးလည်လောက်တွင် ကန့်လန့်ဖြတ်၍ထွက်သွားသော ချောင်းသို့ ရောက်လေ၏။ ၎င်းတို့ချောင်းစပ်သို့အရောက် ဦးပင် မိုးသည်းထန်စွာရွာသောကြောင့် ချောင်းရေသည် မြင်းပြေးသည့်အလား ဒလဟောစီးနေတော့၏။ ထို့ကြောင့် ၎င်းတို့သည် ချောင်း၏တစ်ဖက်သို့မကူးနိုင်ဘဲ ရှိကြလေ



တော့၏။ မိုးမှာ သည်းထန်စွာရွာ၏။ သူရဲကောင်းသည် သစ်ပင်ကြီးတစ်ပင်ရှိရာသို့ ပြေး၍ကပ်ကာ မိုးခိုလေ၏။ အဖိုးကြီးအား မိုးမစိုစေရန်အတွက် မိန်းကလေးက ပါသမျှသောအဝတ်ကလေးဖြင့် အုပ်မိုးပေးလေ၏။ သူရဲဘောကြောင်သော လုလင်မှာ မိုးအခြေအနေနှင့် ချောင်းရေ၏အခြေအနေကို အကဲခတ်ပြီးနောက် -

"ဒီတိုင်းဆိုရင် ဒီမိုးဟာ အနည်းဆုံးတစ်ပတ်လောက် ဆက်တိုက်ရွာလိမ့်မယ်"ဟု ပြောဆိုကာ နားနေရန်အတွက် တဲထိုးမည်ဟုဆုံးဖြတ်ပြီးလျှင် ဝါးလုံးများခုတ်ရန်အတွက် သူရဲကောင်းထံမှ ဓားကို သွားရောက်ငှားရမ်းလေ၏။

"ဒီမိုးက တစ်ပတ်လောက်တော့ရွာမယ်ဗျာ။ အဲဒီတော့ တဲကလေးတစ်လုံးတော့ ထိုးမှဖြစ်မယ်. . .အဲဒါကြောင့် ဝါးလုံးခုတ်ဖို့မိတ်ဆွေရဲ့ဓားကို ခဏငှားပါ" ဟု လုလင်က ပြောလိုက်ရာ သူရဲကောင်းက -

www.burmeseclassic.com

www.burmeseclassic.com



"အလိုရာရာစစ . . . ကျုပ်ဓားက တောင်ယာခုတ်တဲ့ဓား မဟုတ်ဘူးဗျ၊ တိုက်ပွဲဝင်ဓားဖြစ်တယ် မပေးနိုင်ဘူး"ဟု ပြောလိုက်လေ၏။ ထိုအခါ လုလင်လည်း လက်လျှော့၍ မုတ်ဆိတ်ဖြူကြီးအနီးသို့ ပြန်လာရာ မုတ်ဆိတ်ဖြူကြီးက -

"ဒီမှာသူငယ်၊ ကျုပ်ရဲ့အထုပ်ထဲမှာ ဓားမတိုတစ်ချောင်းတော့ ပါပါတယ်"ဟုပြောရာ မိန်းကလေးသည် အထုပ်ကိုဖြေ၍ရှာပြီးလျှင် ဓားမတိုကိုလုလင်အား ပေးလိုက်လေ၏။ လုလင်လည်း ထိုဓားမတိုကလေးကို အသုံးပြုကာ ဝါးများခုတ်၏။ သစ်ရွက်ကြီးများကိုခြွေ၏။ ထို့နောက် ကျင်းတူး၏။ ဝါးတိုင်များ စိုက်၏။ ပြီးလျှင် သစ်ရွက်ကြီးများဖြင့် အမိုးလုပ်လေ၏။ အကာစီရင်လေ၏။ ထို့နောက် အနည်းငယ်ခြောက်သွေ့သော သစ်ကိုင်းများကိုရှာကာ တဲအတွင်း၌ မီးမွှေးလေ၏။ မီးတောက်ကောင်းစွာ တက်သောအခါ၌ အဘိုးကြီးနှင့် မိန်းကလေးအား မီးလှုံနိုင်အောင် စီစဉ်လေ၏။



သို့ရာတွင် သူရဲကောင်းသည် ခိုက်ခိုက်တုန်အောင် ဖြစ်ရကား သူသည် မီးဖို၌နေရာအရင်ဦးထားလေ၏။ မိန်းကလေးက မုတ်ဆိတ်ဖြူကြီးအိတ်အတွင်းမှ အိုးငယ်ကလေးတစ်လုံးကို ထုတ်ကာ ဆန်များကိုထည့်၍ ထမင်းအိုးတည်လေ၏။ အသားခြောက်ကိုထုတ်၍ မီးကင်လေ၏။ သူရဲဘောကြောင်သောလုလင်မှာမူ ဝါးလုံးများကိုဆက်၍ ခုတ်နေလေ၏။ ထိုအခါ သူရဲကောင်းက -

"ဟေ့လူ ဝါးလုံးတွေထပ်ပြီး ခုတ်နေတာ ဘာလုပ်မလို့လဲ၊ ဝါးဖောင်လုပ်မလို့လား၊ ဒီလောက်ရေစီးကြမ်းနေတာ ဝါးဖောင်နဲ့ ဘယ်လိုလုပ်ကူးမလဲ၊ ဒီလောက်တောင် နားမလည်ဘူးလား၊ ဒါကြောင့် "စစ်ရှုံးခဲ့တာ"ဟု ပြောလေ၏။ ထိုအခါ သူရဲဘောကြောင်သောလုလင်က -

"ဝါးဖောင်လုပ်မလို့ မဟုတ်ပါဘူး မိတ်ဆွေရယ်၊ အခု ကျုပ်တို့ထိုးထားတဲ့ တဲကလေးက ယာယီတဲကလေးပဲ၊ အခုလုပ်လက်စနဲ့ တဲကြီးတစ်လုံးတစ်ခါတည်း လုပ်ထားလိုက်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒါမှ နောက်လာ

www.burmeseclassic.com

www.burmeseclassic.com



တဲ့လူတွေလဲ ချောင်းရေကျနေတာနဲ့ကြုံရင် ကောင်းကောင်းမွန်မွန် တည်းခိုရတာပေါ့ဗျာ"ဟု ပြန်၍ ဖြေလိုက်လေ၏။ ထိုအခါ သူရဲကောင်းက -

"အင်း ... လက်သမားအလုပ်လောက်ပဲ အသုံးဝင်တဲ့လူကိုး။ ဒါကြောင့်လဲ စစ်မြေပြင်မှာ ညံ့ဖျင်းတာပဲ"ဟု အပြစ်တင်လိုက်လေ၏။ သူရဲဘောကြောင်သောလူငယ်မှာမူ တစ်စုံတစ်ရာ ပြန်လည်ဖြေရှင်းခြင်း မပြုတော့ဘဲ ၎င်းဘာသာဆက်၍ အလုပ်လုပ်နေတော့၏။

ထမင်းကျက်သောအခါ၌ မိန်းကလေးသည် ဖက်လေးခုပေါ်တွင် ထမင်းများပုံ၍ အသားခြောက် အနည်းငယ်စီ ထည့်၍ ပေးလေ၏။ သူရဲကောင်းသည် တဲကလေးအတွင်း အခြောက်သွေ့ဆုံးနေရာကို ရွေးချယ်၍ အကျအန တင်ပလင်ခွေချိတ်ကာ ထမင်းနှင့်အသားခြောက်ကို အမြိန့်သားစားလေ၏။ မုတ်ဆိတ်ဖြူကြီးနှင့် မိန်းကလေးမှာမူ စွတ်စိုထိုင်းမှိုင်းသောနေရာကို ရကြလေ၏။



သူရဲဘောကြောင်သောလူငယ်သည် ၎င်းအတွက်ရသောဝေစုကိုယူကာ မတ်တပ်ရပ်လျက်ပင် ကဗျာကယာစား၍ အလုပ်ကိုဆက်၍ လုပ်လေတော့၏။

အချိန်အတော်ကြာသောအခါ၌ တောင့်တင်းသောတဲကြီးတစ်လုံးပြီးစီးသွားလေတော့၏။ ထိုတဲကြီးအတွင်း၌လည်း ခြောက်ခြောက်သွေ့သွေ့အိပ်စက်ရန်အတွက် ဝါးကွပ်ပျစ်များ ဝါးဆင့်များပင်ပြုလုပ်ထား၏။ တဲ၏အလယ်၌မူ မီးဖိုရန်စီမံထားလေ၏။ ဝါးပိုးဝါးကြီးတစ်လုံးကိုလည်း မိုးရေခံ၍ သောက်ရေအိုးသဖွယ် စီမံထားလေ၏။ အလုံးစုံ ပြုလုပ်ပြီးသောအခါ၌ မူလတဲကလေးအတွင်းသို့ ရောက်လာပြီးလျှင် -

"ကဲ ... အားလုံး ဟိုဘက်တဲကိုလာနေကြပါတော့"ဟု ဆိုကာ နေရာပြောင်းပေးလေ၏။ ၎င်းတို့သည် နေရာသစ်ကို ရောက်ရှိကြသောအခါ၌ အကောင်းဆုံးနေရာတွင် သူရဲကောင်းက နေရာဦးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးနှင့်မုတ်ဆိတ်ဖြူကြီးလည်း ကွပ်ပျစ်တစ်လုံးစီတွင် နေရာယူကြလေ၏။ သူရဲဘောကြောင်သော လူငယ်မှာမူ မူလထိုးခဲ့သောတဲကလေး၌ အလုပ်ရှုပ်နေလေ၏။ ထိုအခါ သူရဲကောင်းက -

"ဒီမှာတဲတစ်လုံး ကောင်းကောင်းရနေပြီပဲ၊ ဟိုတဲအစုတ်ကို ဘာလုပ်ဦးမလို့တုန်း ‥ လူ့လောကမှာ တဲထိုးဖို့လောက်ပဲ သိတဲ့လူတူပါရဲ့"ဟု ပြောလေတော့၏။ ထိုအခါ သူရဲဘောကြောင်သောလူငယ်က -

"မဟုတ်ပါဘူး မိတ်ဆွေရယ် ‥ အခု ခင်ဗျားနေတဲ့တဲကြီးကတော့ နေဖို့ပေါ့ဗျာ … ဒီတဲဟောင်းကလေးကိုတော့ လုံလုံခြုံခြုံကလေး ကာရံပြီး အိမ်သာကလေးတစ်လုံး လုပ်မလို့ပါ" ဟု ပြန်၍ပြောလိုက်လေ၏။ များမကြာမီ၌မှာပင် လူငယ်သည် တဲဟောင်းကို အိမ်သာအဖြစ် ပြုလုပ်ပြီးစီးသွားပြီဖြစ်သဖြင့် တဲကြီးအတွင်းသို့ဝင်ကာ ၎င်း၏အကျႌကိုချွတ်၍ ရေညှစ်လှမ်းလေ၏။



မိန်းကလေးကလဲ ကူညီ၍ အဝတ်များကို လှမ်းလေ၏။ ထိုအခါ သူရဲကောင်းက -

"အိမ်သာကိုတော့ ဈေးဦးဖောက်ရမှာပဲ"ဟု ပြောဆိုကာ အိမ်သာဘက်သို့သွားလေ၏။ ထို့နောက် အိမ်သာမှ ပြန်လာပြီးလျှင် ၎င်း၏အဝတ်အစားအချို့ကို ချွတ်ကာ သူရဲဘောကြောင်သောလူငယ်အား ပစ်ပေးရင်း -

"ကျုပ်အဝတ်တွေ ညှစ်ပြီးလှမ်းလိုက်ပါဦး"ဟု ပြောလိုက်သဖြင့် သူရဲဘောကြောင်သောလူငယ်လည်း သူရဲကောင်း၏အဝတ်ကို ရေညှစ်၍ လှမ်းပေးလေ၏။

မိုးမှာ သဲသဲမဲမဲ ရွာနေဆဲဖြစ်၏။ သူရဲဘောကြောင်သောလူငယ်သည် သစ်တုံးကြီးတစ်တုံးကို မီးဖို၌ မီးရှို့ထားလေ၏။ မိန်းကလေးမှာမူ ထိုသစ်တုံးကြီး၌ပင် မုတ်ဆိတ်ဖြူကြီး၏ အသားခြောက်များကို ကင်လေ၏။ သစ်တုံးကြီးသည် မီးလောင်လာသည်နှင့်အမျှ အငွေ့များထွက်လာလေ၏။ လူငယ်သည် ထိုသစ်တုံးမှထွက်သောအငွေ့များကို တစ်တောင်ခန့်ရှိသော ဝါးကျည်တောက်ထဲသို့ ကော်၍

www.burmeseclassic.com



ထည့်လေ၏။ မိုးမှာ သဲသဲမဲမဲရွာနေဆဲပင် ဖြစ်၏။ သို့ရာတွင် ၎င်းတို့လေးဦးမှာ တဲအတွင်း၌ လုံခြုံခြောက်သွေ့စွာ နေနိုင်ကြလေ၏။ ချောင်းရေမှာ တဝုန်းဝုန်းတဖိုင်းဖိုင်းဖြင့် စီးဆင်းလေ၏။ သစ်ပင်ကြီးများပင် ချောင်းရေမှာ မျှောပါလာသည်ကို တွေ့ရလေ၏။

ဤသို့နှင့်ပင် ညအချိန်ရောက်ရှိသွားလေတော့၏။ မုတ်ဆိတ်ဖြူကြီးသည် ညဦးပိုင်း၌ လွမ်းဆွေးဖွယ်ရာကောင်းသော သီချင်းတစ်ပုဒ်ကို သီဆိုလေ၏။ ထို့နောက် အိပ်တော့မည်ဟုဆိုကာ အိပ်စက်လေ၏။ မုတ်ဆိတ်ဖြူကြီး အိပ်ပြီးနောက်အားလုံးသည် မိမိတို့ရရှိထားသော ဝါးကွပ်ပျစ်များပေါ်၌ အိပ်စက်ကြလေတော့၏။ အတော်အတန် ညဉ့်နက်သောအခါ၌ -

"ကယ်ကြပါဦး"ဟု မိန်းကလေး၏ ငယ်သံပါအောင် အော်လိုက်သောအသံကို ကြားသဖြင့် မုတ်ဆိတ်ဖြူကြီးလည်း အိပ်ရာမှလူးလဲထကာ -



"ဟဲ့ . . . ဟဲ့ ဘာဖြစ်တာတုန်း"ဟု အော်လေ၏။ ထိုအချိန်မှာပင် သူရဲဘောကြောင်သော လူငယ်လည်း အိပ်ရာမှ ဖျတ်ခနဲ ထလိုက်ပြီးဖြစ်၏။ လူငယ်ထလိုက်သည်နှင့် တပြိုင်နက်တည်း တဲတစ်ခုလုံးသည် လင်းထိန်သွားလေတော့၏။ လူငယ်သည် နေ့လယ်က ဝါးကျည်တောက်များတွင် ကော်ထည့်ထားသော သစ်စေးများနှင့်မီးတုတ်ကို မီးတို့လိုက်ပြီဖြစ်၏။ ထိုမီးတုတ်သည် တဲတစ်လုံးကို ထိန်လင်းနေစေ၏။

လူငယ်သည် လက်ဝဲဘက်လက်ဖြင့် မီးတုတ်ကိုကိုင်မြှောက်၍ လက်ယာဘက်လက်ဖြင့် သူ၏ဝါးကျစ်တုတ်ကို ကျစ်ကျစ်ပါအောင် ကိုင်ထားလေ၏။ သူရဲဘောကြောင်သောလူငယ်သည် မိန်းကလေးဆီသို့ လှမ်း၍ကြည့်လိုက်၏။ မိန်းကလေး၏ အင်္ကျီအဝတ်အစားများသည် စုတ်ပြဲနေပြီဖြစ်၏။ မိန်းကလေး၏အနီး၌မူ သူရဲကောင်းကို တွေ့ရလေ၏။ သူရဲကောင်း၏မျက်လုံးများသည် ဒေါသ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အရောင်တဖြတ်ဖြတ်လက်နေလေ၏။ မုတ်ဆိတ်ဖြူကြီးသည် မမြင်ပါဘဲလျက် သူတို့ဘက်သို့ ကြည့်နေလေ၏။ သို့မဟုတ် နားစွင့်နေလေ၏။

ကျားဟိန်းသံနှင့်တူသော သူရဲကောင်း၏အသံသည် ထွက်ပေါ်လာ၏။

"ဟေ့ကောင် မင်းရဲ့မီးတုတ်ကို အမြန်ဆုံးငြိမ်းပစ်လိုက်ပါ၊ ပြီးတော့ မင်းဟာမင်း အိပ်ပါ၊ ငါ့အလုပ်မှာ မနှောင့်ယှက်ပါနဲ့ ဟိုအဘိုးကြီးလဲ ကိုယ့်ဟာကိုယ် အိပ်ပါ"

သူရဲဘောကြောင်သော လူငယ်သည်မီးတုတ်ကို မြေကြီးပေါ်စိုက်လေ၏။ ထို့နောက် အခြားမီးတုတ်ကို ထပ်မံထွန်းညှိပြီး ကိုင်လိုက်ပြန်လေ၏။ မီးတုတ်နှစ်ခု၏ အလင်းရောင်ကြောင့် တဲသည် ပို၍လင်းထိန်သွားလေ၏။ ထိုအခါ သူရဲကောင်းက -

"မင်းကို ငါအမိန့်ပေးနေတယ် ‥ အမိန့်ပေးနေတယ် မီးတုတ်တွေ ငြိမ်းပစ်လိုက်ပါ ‥ ပြီးရင် မင်းဟာမင်း



အိပ်ပါ"ဟုပြောလိုက်လေ၏။ ထိုအခါ သူရဲဘောကြောင်သောလူငယ်က -

"ဒီမှာမိတ်ဆွေ ခင်ဗျားနေရာခင်ဗျားပြန်ပြီး အေးအေးဆေးဆေးအိပ်ပါ။ မိန်းကလေးကို စော်ကားဖို့ စိတ်မကူးပါနဲ့တော့"ဟု ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ သူရဲကောင်းက -

"မင်း ‥ ငါ့အမိန့်ပေးတဲ့အတိုင်း မလုပ်ဘူးလား။ မလုပ်ရင် မင်းခေါင်းကို ဟောဒီဓားနဲ့ဖြတ်ပြီး ချောင်းထဲကို မျှောပစ်လိုက်မယ် ‥ ငါဟာ သူရဲကောင်းတစ်ယောက်ဆိုတာ မင်းမေ့သွားပြီလား"ဟု ပြောဆိုကာ သူ၏ခါးတွင် ချိတ်ထားသော ဓားကြီးကို ဓားအိမ်မှဆွဲထုတ်လိုက်လေတော့၏။ ထိုအခါ သူရဲဘောကြောင်သောလူငယ်က-

"ဒီမှာ မိတ်ဆွေသူရဲကောင်း ‥ ဒီကိစ္စမျိုးမှာတော့ ခင်ဗျားလို သူရဲကောင်းတစ်ယောက်ထဲကို မပြောနဲ့။ သူရဲကောင်းအယောက်(၁၀၀)နဲ့ ကျုပ်နဲ့ ရင်ဆိုင်ရမယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



လဲ ရင်ဆိုင်ဖို့ကျုပ်အဆင်သင့်ပဲ ... ခင်ဗျားဟာ အင်မတန် ယုတ်မာကောက်ကျစ်စဉ်းလဲတဲ့ လူဖြစ်တယ်”ဟု ပြောလိုက်ရာ သူရဲကောင်းသည် လူငယ်ထံသို့လှမ်း၍ခုန်ပြီးလျှင် လူငယ်၏ဇက်ကို ဓားဖြင့် တအားပိုင်းချလိုက်လေ၏။ သူရဲဘောကြောင်သောလူငယ်သည် ရှောင်၍ သူ၏ ဝါးကျစ်တုတ်ဖြင့် သူရဲကောင်း၏ ဝမ်းဗိုက်ကိုဖြတ်၍ ရိုက်လိုက်၏။ သူရဲကောင်းသည် နောက်လန်သွား၏။ သို့ရာတွင် ချက်ချင်းဆိုသလိုပင် လူငယ်အားဝင်၍တိုက်ခိုက်ပြန်လေ၏။ သူရဲကောင်းသည် လူငယ်အား အထင်သေးလျက်ရှိနေ၏။ သူသည် မကြာမီအချိန်ပိုင်းအတွင်း၌ လူငယ်၏ ဦးခေါင်းကို“တိခနဲ”ဖြတ်ချနိုင်လိမ့်မည်ဟု မျှော်လင့်ထားလေ၏။ ထို့ကြောင့် သူရဲကောင်းသည် သွက်သွက်လက်လက်ကြီး တိုက်ခိုက်လေ၏။ သို့ရာတွင် လူငယ်မှာလည်း ခေသူမဟုတ်။ တိုက်စွမ်းရည် ထက်မြက်လှပေ၏။ ထို့ကြောင့် ဝါးကျစ်တုတ်နှင့် ဓားရှည်တို့၏



တိုက်ပွဲသည် မျှော်လင့်သည်ထက်ပြင်းထန်လေ၏။

သူရဲကောင်းက ဓားဖြင့်ပိုင်း၏၊ လူငယ်ကတုတ်ဖြင့်ခံ၏။ သူရဲကောင်းက ဓားဖြင့်ခွက်၏။ လူငယ်က ခုန်၍ထွက်၏။ သူရဲကောင်းက ဓားဖြင့်ထိုး၏။ လူငယ်က ရှောင်၏။ ထိုအချိန်မှာပင် မိန်းကလေးသည် မီးတုတ်တစ်ချောင်းကို ကောက်ယူကာ သူရဲကောင်းအား နောက်ဘက်မှဝင်၍ ရိုက်နှက်ရန် ကြိုးပမ်းလေ၏။ ထိုအခြင်းအရာကို သူရဲကောင်းက မမြင်ပေ။ လူငယ်က လှမ်း၍မြင်လေ၏။

ထို့ကြောင့် -

“ဟေ့ .. မိန်းကလေး အဲဒီလိုမလုပ်ပါနဲ့ ... ဒါဟာ မတော်မတရားလုပ်ခြင်းတစ်မျိုးပဲ . . . မတော်မတရားလုပ်ခြင်းဆိုတာ စောစောကမင်းကို ဘလက္ကာယ ပြုလုပ်သလိုပဲ ယုတ်မာညစ်ညမ်းပါတယ်ကွယ်”ဟုပြောလိုက်သဖြင့် မိန်းကလေးလည်း ၎င်း၏ အကြံအစည်ကို ဆက်

www.burmeseclassic.com

www.burmeseclassic.com



လျှော့လိုက်လေ၏။ ထိုအခါ မှတ်ဆိတ်ဖြူကြီးလည်း တခစ်ခစ်ရယ်လေ၏။

"မြင်တော့ မမြင်ဘူး ဟေ့ ･･ အတော့်ကို ကြည့်ကောင်းတဲ့ တိုက်ပွဲပဲ" ဟု ပြောလိုက်လေ၏။ ထိုအချိန်မှာပင် သူရဲကောင်းသည် လူငယ်အားဓားဖြင့် ထွက်၍ ခုတ်ပြန်၏။ ဓားဖြင့်ပင့်၍ ခုတ်ပြန်၏။ လူငယ်ကလည်း သူ၏ ဝါးလုံးဖြင့် အမျိုးမျိုး အဖုံဖုံရှောင်၏။ ထို့နောက် ဓားကိုင်ထားသော သူရဲကောင်း၏ လက်ကောက်ဝတ်ကို ရိုက်ချလိုက်ရာ သူရဲကောင်း၏လက်သည် "ကျင်ခနဲ" ဖြစ်သွားပြီ ဓားသည် မြေပေါ်သို့ကျသွားလေတော့၏။ သူရဲကောင်းသည် ဓားကို ကောက်ရန်အခက်အခဲတွေ့နေ၏။ အဘယ်ကြောင့်ဆိုသော် လူငယ်၏ ဝါးလုံးသည် ဓားကို ကျော်၍နေသောကြောင့် ဖြစ်ပေ၏။ ထိုအခါ လူငယ်က သူရဲကောင်းအား -

"ဒီမှာ မိတ်ဆွေ သူရဲကောင်းဓားလွှတ်ကျသွားလို့ အရှုံးပေးရတဲ့အဖြစ်မျိုးတော့ မဖြစ်ပါစေနဲ့ဗျာ ･･･ ရှော့ရှော့ ခင်ဗျားဓား ပြန်ကောက်ချေ" ဟု ပြောဆိုကာ ဓားကိုဝါးလုံးဖြင့်ကော်၍ သူရဲကောင်းထံပစ်ပေးလိုက်၏။ သူရဲကောင်းလည်း ဓားကိုကောက်ပြီးသည်နှင့် တစ်ပြိုင်နက်တည်း လူငယ်အား ဝင်၍ခုတ်လေတော့၏။ လူငယ်လည်း အမျိုးမျိုးအဖုံဖုံ ရှောင်၏။ ထိုသို့ရှောင်ရင်း ဝါးလုံးကိုင်သောလက်အား ဓားအဖျားနှင့် ခတ်မိသွားသောကြောင့် ဝါးလုံးသည် လွင့်သွား၏။ ထိုအခါ လူငယ်လည်း လက်နက်မဲ့ဖြစ်သွားလေ၏။ သူရဲကောင်းသည် "တဟားဟား" ရယ်မောတော့၏။ ထိုသို့ရယ်မောပြီးနောက် -



"ဟေ့ကောင် လူရူပ် ･･･ သူရဲဘောကြောင်တဲ့ အကောင်၊ မင်းခေါင်းကို ငါဖြတ်ရမယ် ･･･ ပြီးရင် ချောင်းထဲမျှောပစ်ရတော့မယ် ဟား ･･･ ဟား ･･･ ဟား ･･･ ဟား ･･･ ဟား" ဟု ပြောဆိုရယ်မောလိုက်လေတော့၏။ မိန်းကလေးသည် သူရဲကောင်းအား-

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဓားလွတ်ကျတုန်းက သူက ကောက်ခွင့်ပေးတယ် မဟုတ်လား။ သူ့အလှည့်ကျတော့လဲရှင်က ကောက်ခွင့်ပေးပါ"

ဟု ပြောလိုက်ရာ သူရဲကောင်းက -

"မပေးနိုင်ဘူး ... အဲဒီလို ငါ့ကို ကောက်ခွင့်ပေးခဲ့လို့ သူသေရတော့မယ် ... သူသေပြီးရင် မင်းဟာငါနဲ့ ညအိပ်ဖို့ မယားဖြစ်သွားပြီ" ပြောလိုက်ရာ မိန်းကလေးက သူရဲကောင်း၏ မျက်နှာကို တံတွေးနှင့် "ထွီ" ခနဲ လှမ်း၍ ထွေးလိုက်လေ၏။ ထိုအချိန်မှာပင် သူရဲကောင်းသည် ဓားကို မြှောက်၍ လူငယ်အား တအားဝင်၍ ခုတ်ချလိုက်လေတော့၏။ မိန်းကလေးသည် မကြည့်ရက်သောကြောင့် မျက်နှာကို လက်ဖဝါးနှစ်ဘက်ဖြင့် ပိတ်ချထားလေ၏။ ထိုအချိန်မှာပင် "ဝုန်းခနဲ" အသံကြီးတစ်ခု ပေါ်ထွက်လာလေ၏။ မိန်းကလေးသည် -



"အမယ်လေး ... သေပါပြီ" ဟု အလန့်တကြား အော်လိုက်လေ၏။ ထို့နောက် မျက်နှာတွင် အုပ်ထားသော လက်များကို ဖွင့်၍ကြည့်လိုက်ရာ သူရဲကောင်းသည် မီးလောင်ကျွမ်းနေသော ထင်းတုံးကြီးပေါ်သို့ မျက်နှာနှင့် မှောက်လျက်ကျကာ တစ်ဘက်သို့ လိမ့်သွားပြီးလျှင် သတိလစ်မေ့မြောသွားလေတော့၏။ ထိုအခါ မိန်းကလေးက သူရဲဘောကြောင်သော လူငယ်အား -

"ရှင်မသေဘူးနော်" ဟု စိုးရိမ်တကြီးမေးလိုက်၏။

"ကျုပ်သေတာ မသေတာက အကြောင်းမဟုတ်ပါဘူး၊ ကျုပ်က ဘာမှ အဖိုးတန်တဲ့လူ မဟုတ်ဘူး၊ ကျုပ်က သူရဲဘောကြောင်တဲ့ကောင်ပါ၊ ဟိုမှာ သူရဲကောင်းတော့ သေပြီလား မဆိုနိုင်ဘူး၊ နှမြောစရာ ကောင်းလိုက်တာ" ဟု ပြောဆိုကာ သူရဲဘောကြောင်သောလူငယ်သည် လဲကျနေသော သူရဲကောင်းထံသို့ သွားရောက်ကာ ရင်ဘတ်ကို စမ်းကြည့်လေ၏။ ထိုသို့ စမ်းကြည့်ပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါသေးရဲ့ ဒီလူမသေသေးဘူး၊ မျက်နှာတော့ မီးနည်းနည်းကျွမ်းသွားတယ်။ မုတ်ဆိတ်ဖြူကြီးဆီမှာများ ထည့်ဖို့ဆေးလေးဘာလေး မပါဘူးလား"ဟု မုတ်ဆိတ်ဖြူကြီးအား လှမ်း၍ မေးလိုက်လေ၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးက -

"ဟော့ . . . သူငယ် ဒီကောင့်ကို ဆေးကုမလို့လား၊ အဆိပ်ပင် ရေလောင်းသလို ဖြစ်တော့မှာပေါ့ကွာ၊ တစ်ခါတည်းသာ ကိစ္စတုံးလိုက်ပါ။ ဒီမှာ တခြားလူ မရှိပါဘူး၊ ငါရယ် မိန်းကလေးရယ်ပဲရှိတာ၊ ငါကလဲ ဒီကိစ္စကို ဘယ်သူ့မှ မပြောဘူးဆိုတာ ကတိပေးပါတယ်၊ မိန်းကလေးကလဲ သူ့ကို စော်ကားဖို့ ကြံတဲ့ကောင်ဆိုတော့ နှုတ်လုံပါလိမ့်မယ်ကွာ၊ အဲဒီတော့ တစ်ခါတည်း ဇိဝိန်ဖြတ်ပြီး ချောင်းထဲသာ မျှောလိုက်ပါတော့ကွာ"

ဟု ပြောလိုက်လျှင် လူငယ်က -

"အို . . . ဘယ်ဖြစ်မလဲဗျ၊ တိုင်းပြည်အတွက် အသုံးဝင်တဲ့လူပဲ။ ဒီလိုတော့ မလုပ်သင့်ဘူး ထင်ပါရဲ့



ဆေးရှိရင်သာ ပေးပါ"ဟု ပြောသဖြင့် အဘိုးကြီးလည်း ၎င်း၏ အိတ်အတွင်းမှ ငှက်ပျောဖက်နှင့် ထုပ်ထားသော ဆေးကို ပေးလိုက်လေ၏။

"ဒီဆေးက ဘယ်အနာမဆို ပျောက်တယ်ကွ"ဟု လည်း မုတ်ဆိတ်ဖြူကြီးက ပြောလိုက်လေ၏။ ထိုအခါ လူငယ်သည် သူရဲကောင်းအား ကွပ်ပျစ်ဆီသို့ ပွေ့ချီသွားပြီးလျှင် သူရဲကောင်း၏ မျက်နှာမှ ဒဏ်ရာများကို ဆေးထည့်ပေးလေ၏။ မိန်းကလေးသည် လူငယ်၏ အပြုအမူကို ကြည့်၍ တစ်ချက်မဲ့လိုက်လေ၏။ ထို့နောက် သူရဲဘောကြောင်သောလူငယ်အား -

"ရှင်ရဲ့ သေမင်းကို ရှင်က ဘာဖြစ်လို့ ဆေးကုနေရတာတုန်း"ဟု ပြောလိုက်လေ၏။

လူငယ်က ဆေးထည့်ပေးရင်း -

"ကျုပ်အတွက် သေမင်းဖြစ်ပေမယ့်၊ တိုင်းသူပြည်သားတွေအတွက် ကယ်တင်ရှင် ဖြစ်ချင်ဖြစ်မှာပေါ့၊ သူဟာ သူ့မြို့ကြီးကို မကျဆုံးအောင် စစ်တိုက်ခဲ့ဖူးတယ်လို့ ပြော

www.burmeseclassic.com

www.burmeseclassic.com



တယ်မဟုတ်လား"ဟု လူငယ်ကပြန်၍ ပြောလိုက်လေ၏။ ဤသို့နှင့်ပင် မိုးထင်ထင်လင်းသော အချိန်သို့ ရောက်ရှိခဲ့လေတော့၏။

မိုးလင်းသောအခါ၌ သူရဲကောင်းသည် ကောင်းစွာ သတိရလာလေ၏။ သို့ရာတွင် ပြင်းထန်လွန်းလှသောကြောင့် လှုပ်လှုပ်ရှားရှား မလှုပ်နိုင်ဘဲ ရှိလေ၏။ မိုးမှာလည်း ဆက်၍ ရွာနေလေ၏။ မိန်းကလေးသည် ခါတိုင်းကဲ့သို့ပင် ထမင်းအိုးတည်လေ၏။ အသားခြောက်များ ဝေလေ၏။ သူရဲကောင်းမှာ မျက်နှာတွင် ရထားသော ဒဏ်ရာကြောင့် ပါးစပ် ကောင်းစွာမဟနိုင်ဘဲ ရှိလေ၏။ လက်တစ်ဖက်လည်း မျက်နေသောကြောင့် မမြှောက်နိုင်ဘဲ ရှိနေလေ၏။

ထို့ကြောင့် သူရဲဘောကြောင်သော လူငယ်က -

"စိတ်မပျက်ပါနဲ့ မိတ်ဆွေရယ်"ဟု ဆိုကာ သူရဲကောင်းအား သူကိုယ်တိုင် ထမင်းခွံ့ကျွေးလေ၏။ မှတ်ဆိတ်



ဖြူကြီးသည် "တခစ်ခစ်"နှင့် ရယ်၍၊ အောက်ပါအတိုင်း ပြောလေ၏။

"ငါကလဲ ကြောင်တောင်ကန်းဆိုတော့ ဘာမှကို မမြင်လိုက်ရဘူးကွယ်တို့၊ မနေ့က အဖြစ်ပျက်မှာ ငါ သိလိုက်တာကတော့ ဟိုသူငယ်က တုတ်လွတ်သွားတယ်၊ သူရဲကောင်းက လက်ထဲမှာ ဓားကြီးရှိလျက်သား ကျန်နေတယ်။ သူရဲကောင်းက ဟိုသူငယ်ကို ဓားနှင့်ဝင်ခုတ်သတ်တယ်၊ နောက်တော့ ဘယ်လိုကနေဘယ်လို ဟိုသူငယ်က ဘာမှမဖြစ်ဘဲ သူရဲကောင်းက ဒဏ်ရာတွေ ရောက်ရတာတုန်း"

မှတ်ဆိတ်ဖြူကြီး၏ စကားဆုံးသွားသည်နှင့် တပြိုင်နက်တည်း မိန်းကလေးက -

"ဟုတ်ပါရဲ့ရှင် ... ကျွန်မလဲ ဟိုလူသေပြီမှတ်လို့ မျက်စိကို လက်ဝါးနဲ့အုပ်ထားလိုက်တာ၊ ဝုန်းကနဲ အသံကြားလို့ မျက်စိလဲဖွင့်ကြည့်လိုက်ရော ဟီ ... ဟို

www.burmeseclassic.com



ဟိုလူက ဘာမှမဖြစ်ဘဲ တစ်ယောက်ကတော့ ခွေးနာကြီး လှည်းကြိတ်ထားသလို ဖြစ်နေတာ တွေ့ရတော့ဘာပဲ"ဟု ပြောလိုက်လေ၏။ လှူငယ်ကမူ တစ်စုံတစ်ရာပြန်လည် ဖြေရှင်းခြင်းမပြုဘဲ၊ သူရဲကောင်းအား ထမင်းခွံ့မြဲခွံ့ နေလေ၏။ အမှန်စင်စစ် ထိုအချိန်က သူရဲကောင်းသည် လှူငယ်အား ဓားဖြင့် ဝင်၍ ခုတ်သတ်သည်မှာ မှန်၏။ လှူငယ်မှာ သူရဲကောင်း၏ ဓားချက်ကို တုန်လှုပ်ခြင်း ကင်းမဲ့စွာဖြင့် ဝင်၍ ဖမ်းပြီးလျှင် ဓားကိုင်ထားသော လက်ကိုလိမ်ကာ သူရဲကောင်းအား ကိုင်မြှောက်၍ လွှင့်ပစ်လိုက်ရာ သူရဲကောင်းသည် မီးကျွမ်းနေသော သစ်တုံးကြီးပေါ်သို့ မှောက်လျက်သား ကျသွားခဲ့ခြင်းပင် ဖြစ်လေ၏။ လှူငယ်သည် သူရဲကောင်းအား ထမင်းခွံ့မြဲ ခွံ့နေလေ၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးက လှူငယ်အား မေးမြန်းခြင်းမပြုတော့ဘဲ ငုံးတွင်ပါသော ပိုးစကလေးကို ထုတ်ကာ ချည်မျှင်ကလေးများကို ထွင်၍ ထုတ်လေ၏။ မိန်းကလေးကလည်း -



"ဘာလုပ်မလို့လဲ"ဟု ဆိုကာ ပိုးချည်မျှင်ကလေးများကို ဝိုင်း၍ ထုတ်ပေးလေ၏။ ထို့နောက် မုတ်ဆိတ်ဖြူကြီးသည် ဝါးလုံးတစ်လုံးကိုဖြတ်ကာ ကြိုးနှစ်ချောင်းတပ် "တယော"ကလေးတစ်လုံးလုပ်လေ၏။ ထိုတယောကလေး၌ စောစောက ထုတ်ထားသော ပိုးကြိုးကလေးများကို တပ်လေ၏။ လေးကိုင်းကဲ့သို့ "ဘိုးတံ" တစ်ချောင်း ပြုလုပ်ကာ ထို"ဘိုးတံ"၌လည်း ပိုးကြိုးမျှင်များ တပ်လေ၏။ ပြီးလျှင် ညက မီးတုတ်ပြုလုပ်ရန်အတွက် လှူငယ် ပြုလုပ်ထားသော အစေးဖြင့် ဘိုးတံကို ပွတ်တိုက်လိုက်လေ၏။ အလုံးစုံပြီးသောအခါ၌ မုတ်ဆိတ်ဖြူကြီးသည် တယော လက်သံ စမ်းလိုက်လေ၏။ ထိုအခါ မိန်းကလေးက -

"တယောကလေး ဖြစ်သွားပြီ၊ သိပ်ကောင်းတာပဲ၊ ဒီတဲကလေးအတွင်းမှာ မိုးခိုရင်း အပျင်းပြေ နားထောင်ရတာပေါ့။ သီချင်းတစ်ပုဒ်လောက် ထိုးပြပါလား"ဟု ပြောလိုက်ရာ အဘိုးကြီးကတယောကြီးကို ဘိုးတံနှင့်ကိုင်ထိ၍ ခွဲလိုက်ပြီးလျှင် သူ၏ လက်ချောင်းကလေးများကို ညင်သာ

www.burmeseclassic.com

www.burmeseclassic.com



စွာလှုပ်၏။ တယောသံသည် အစပထမတွင် မှုန်းမှုန်းမြည်၏။ ထို့နောက် ရှိုက်၍ရှိုက်၍ လေးနက်သော အသံများ ဖြစ်ပေါ်လာလေ၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးသည် အောက်ပါသီချင်းကို စိတ်အေးလက်အေးဖြင့် ဆိုလေတော့၏။

မိခင် ... ဝမ်းကြာတိုက်က ...
ကျွတ်လွတ်ခါစ ... လူမမယ် ...
နုံးညံ့ပျော့ပျောင်း ... အားငယ်
ငယ် ... နောက်တော့ကွယ် ...
တဖြည်းဖြည်း ရင်မောလာ
တယ် ... နောက်ဆုံး တစ်နေ့မှာ
သေခြင်းတရားနဲ့ ... ရင်ဆိုင်ရ
၍ ... သေလွန်ရသောအခါ
ဝယ် ... တစ်ကိုယ်လုံး ... မာကျော
တောင့်တင်းလျက်ပါကွယ် ...



ထို ... အတိုင်းပါပဲကွယ် ...
သစ်ပင်တွေလဲ ... ရှင်နေစဉ်
မှာ ... စိမ်းလန်းစိုပြေ နူးညံ့
တယ် ... သေသောအခါဝယ် ...
ခြောက်သွေ့ရှင့်ရော်...
မာကြောတယ် ... ဒါကြောင့်ပါကွယ် ...
နူးညံ့ခြင်းဟာ ...
ရှင်ခြင်းရဲ့ အထိမ်းအမှတ်တစ်ကွယ် ...
မာကြောခြင်းဟာ ...
သေခြင်းရဲ့ ... လက္ခဏာ အသွယ်သွယ်....
အို ... တိုက်ပွဲဝင်လူသား ....
သင် ... မာနေသလား ...
ဒါကြောင့် ... ရှုံးဖို့ကများ ...
အို ... ကြီးမားရင့်ထွား ....
သစ်ပင်များ .... တောင့်တင်းနေသလား...

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ... ကျိုးဖို့ကမ်များ ...
မာကြောသန်စွမ်းခြင်းသည် ...
အရှုံး ....
နူးညံ့ပျော့ပျောင်း ... ခြင်းသည်
အောင်မြင်မှု အကုန်လုံး... ။

မှတ်ဆိတ်ဖြူကြီး သီချင်း ဆုံးသွားသောအခါ၌ မိန်းကလေးက လက်ခုပ်တီးလိုက်လေ၏။ ပြီးလျှင် -

"အဘ သီချင်းကလဲ ဟိုနှစ်ယောက်ကို စောင်ပြီး ဆိုသလိုပဲ။ ဟိုမျောက်စုတ်ကြီးက မာကြောတယ်၊ ဟိုလူက နူးညံ့တယ်။ နူးညံ့တဲ့လူက နိုင်ပြီး၊ မာကြောတဲ့လူက ရှုံးသွားတယ်။ ဟီ ... ဟိ ..."ဟု ပြောလိုက်ရာ သူရဲကောင်းသည် မိန်းကလေး၏စကားကို သဲသဲကွဲကွဲ ကြားလိုက်ရသောကြောင့် အနီးတွင်ချထားသောဓားကို "ဆတ်ခနဲ" ကောက်ယူ၍ မိမိအား ထမင်းခွံ့ပေးနေသော လူငယ်အား အလစ်တွင် ခုတ်ချလိုက်လေ၏။ သို့ရာတွင် လူငယ်သည် တိမ်းရှောင်လိုက်ပြီးလျှင် ဓားကိုဖမ်းယူ၍



ချောင်းအတွင်းသို့ တစ်ခါတည်း လွှင့်ပစ်လိုက်လေတော့၏။ ထိုအခါ မှတ်ဆိတ်ဖြူကြီးသည် သီချင်းတစ်ပုဒ်ဆိုပြန်လေ၏။

သူရသတ္တိဆိုသည်မှာ ... ကြမ်းတမ်းခြင်းကို မခေါ်ပါ
အို ... တိုက်ပွဲဝင်လူသား ...
ဒေါသတွေအသာထား ...
အဲဒါ ... အလကား ...
အောင်နိုင်သူသည် ... လက်စား
မချေ ... လက်စားချေလျှင်...
မအောင် ... ကိုယ့်အတွက်
အပထား ... သူများအတွက်
တွေများ ... အနစ်နာခံလေ
တအား ... အဲဒါ ... သတ္တိဆိုတဲ့
စကား ...

၎င်းတို့သည် ဤသို့လျှင် တဲကြီးအတွင်း၌ နေခဲ့ကြလေ မိုးမှာလည်းဆက်တိုက်ပင် ရွာသွန်းလျက်ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ချောင်းရေမှာလည်း လှုံ၍ဝင်လာလေ၏။ ၎င်းတို့သည် တဲကြီးအတွင်း၌ ရက်ကြာလှသောကြောင့် မှတ်ဆိတ်ဖြူကြီး၏ ဆန်နှင့်အသားခြောက်တို့သည် ကုန်ခန်းခြင်းသို့ ရောက်လာလေတော့၏။ ထို့ကြောင့် မှတ်ဆိတ်ကြီးက -

"ဆန်ရော အသားခြောက်ရော ကုန်သွားပြီကွ၊ မိုးက ဘယ်တော့ရပ်မှာတုန်းကွ၊ ကြည့်စမ်းပါဦး"ဟု လူငယ်အား မေးလိုက်ရာ သူရဲဘောကြောင်သော လူငယ်သည် ချောင်းရေနှင့် မိုးရိပ်မိုးကဲကို အကဲခတ်ပြီးနောက် -

"မနက်ဖြန် ဒါမှမဟုတ်ရင် သန်ဘက်ခါကျရင် ကူးနိုင်ပါပြီ မှတ်ဆိတ်ဖြူကြီးရယ်"ဟု ပြောလိုက်လေ၏။

"ဒီလိုဆိုရင် ငါတို့က အဲဒီရက်မတိုင်မီအတွင်း ဗိုက်ဟောင်းလောင်းနဲ့ နေကြရတော့မှာပေါ့"ဟု မှတ်ဆိတ်ဖြူကြီးက ပြောလိုက်လေ၏။ သို့ရာတွင် လူငယ်သည် မှတ်ဆိတ်ကြီးအား ဆက်လက်ပြောဆိုခြင်း မပြုတော့ဘဲ ဓားမတိုလေးတစ်ခုကို အသုံးပြုကာ ဝါးလုံးများကို ဆက်၍ခုတ်ပြန်



လေ၏။ ထိုအခါ မှတ်ဆိတ်ဖြူကြီးက -

"ဟို သူငယ်တော့ ဝါးလုံးတွေ ခုတ်ပြန်ပြီ"ဟု ပြောလိုက်လေ၏။

ထိုအခါ သူရဲကောင်းက -

"တဲတစ်လုံးထပ်ပြီး ထိုးဦးမလို့နဲ့တူတယ် ... ဒီလူဟာ တဲထိုးဖို့လောက်ပဲ အသုံးဝင်တဲ့လူနဲ့တူတယ်" ဟု အကြောင်းမဲ့ အပြစ်တင်လိုက်လေ၏။

သို့ရာတွင် လူငယ်မှာ ရေစီးငြိမ်သောအခါ၌ ချောင်းကို ဖြတ်ကူးရန်အတွက် ဖောင်တစ်ခုပြုလုပ်နေခြင်းပင် ဖြစ်ပေ၏။ ကိုယ်တိုင်နီးထိုး၏။ ကိုယ်တိုင်ဝါးဖြတ်၏။ ကိုယ်တိုင် ဖောင်ဖွဲ့၏။ ပြီးလျှင် ထိုးဝါးကြီးတစ်လုံးကိုပင် ပြုလုပ်လိုက်သေး၏။ ဤသို့ပြုလုပ်နေသည်ကို သူရဲကောင်းက တဲဆောက်နေသည် ထင်မှတ်၍ ထပ်မံအပြစ်တင် ပြန်လေ၏။

"ဒီလူကလဲ တဲထိုးဖို့လောက်ပဲ တတ်တဲ့လူ"

ထိုအခါ မှတ်ဆိတ်ဖြူကြီးက -

www.burmeseclassic.com

www.burmeseclassic.com



"တဲထိုးတဲ့အလုပ် တစ်ခုထဲတင် တတ်တာမဟုတ်ပါဘူး။ ဒီသူငယ်ဟာ သူရဲကောင်းတစ်ယောက်ကိုလဲ မီးပုံထဲပစ်ချနိုင်ပါသေးတယ်" ဟု ပြောလိုက်လေ၏။

ထိုအခါ သူရဲကောင်းသည် ပါးစပ်ပိတ်သွားလေတော့၏။ လူငယ်သည် ဝါးဖောင်ပြီးသောအခါ၌ တဲအတွင်းသို့ဝင်လာလေ၏။

ပြီးလျှင် မှတ်ဆိတ်ဖြူကြီးအား -

"ဝါးဖောင်လုပ်ပြီးသွားပြီ ... သန်ဘက်ခါလောက်ဆို ရေစီးငြိမ်မှာပဲ အဲဒီအခါလောက်ဆို ကူးကြတာပေါ့၊ ဒီချောင်းမျိုးကသိပ်ပြီး ကြောက်ဖို့ကောင်းတာပဲ၊ အဲဒီမှာ မိုးမရွာပေမယ့် ချောင်းဖျားမှာမိုးရွာရင် ရေတွေဝေါခနဲ ရောက်လာတာမျိုး၊ အဲဒီအချိန်မှာ ဘာနဲ့မှ ကူးလို့မရဘူး" ဟု ပြောလိုက်ရာ မှတ်ဆိတ်ဖြူကြီးက -

"အဲဒါက အရေးမကြီးပါဘူး ငါ့လူရာ၊ ဆာလောင်မွတ်သိပ်တာက အရေးကြီးပါတယ်၊ မင်း ချောင်းရေငြိမ်တဲ့အထိ ငါတို့အစာမစားရသေးဘူးဆိုရင်တော့



အကုန်လုံး ခွေလဲကုန်ကြလိမ့်မယ်" ဟု ပြောလေ၏။ လူငယ်သည် နှစ်လိုဖွယ်ရာ ပြုံးလိုက်ပြီးနောက် -

"ဒီလိုလဲ ဘယ်ဟုတ်မတုန်းဗျာ၊ အသားခြောက်ကလေးတော့ နည်းနည်းပါးပါး စားရမှာပေါ့" ဟု ပြန်၍ ပြောလိုက်လေ၏။

"ကုန်နေပြီဥစ္စာ၊ ဘယ်ကအသားခြောက်က ရမှာတုန်း" ဟု မှတ်ဆိတ်ဖြူကြီးက မေးလိုက်လေ၏။

"ကျုပ်ဆီမှာ ရှိပါသေးတယ် ... ကျုပ်အတွက် ဝေစုရတဲ့ အသားခြောက်လေးတွေကို မစားဘဲ သိမ်းထားတာ ခုကျုပ်ဆီမှာ ရှိသေးတယ်" ဟု ပြောပြီး သူရဲဘောကြောင်သောလူငယ်သည် ဖက်ဖြင့်ထုပ်၍ သိမ်းထားသည့် ၎င်းအတွက်ရသော အသားခြောက်များကို နည်းနည်းစီဝေ၍ ကျွေးလေ၏။ ထို့နောက် လူငယ်က -

""ဟောဒီမှာ ကျန်သေးတယ်၊ နက်ဖြန်အတွက် ဘာမှမပူကြနဲ့ အသားခြောက်စားရဦးမယ်" ဟု ပြောလိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com



အားလုံးသည် ပျော်၍သွားလေ၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးက သူရဲကောင်းဘက်သို့ လှည့်ကာ -

"ဟေ့ သူရဲကောင်း၊ ဒီကောင်ဟာ တဲထိုးဖို့တင် တတ်တာမဟုတ်ဘူးကွ၊ အသားခြောက်တွေလဲ ငါတို့စားဖို့ ဖယ်ထားတတ်သေးတယ်"ဟု ပြောလိုက်လေ၏။

ဤသို့နှယ်ပင် ချောင်းရေငြိမ်သော နေ့တစ်ရက်သို့ ရောက်ရှိလာလေတော့၏။ လူငယ်သည် သူ၏ဖောင်ကို ချောင်းအတွင်းသို့ တွန်းချလေ၏။ ထို့နောက် မုတ်ဆိတ်ဖြူကြီးကို တွဲ၍ဖောင်ပေါ်သို့ တင်လေ၏။ ပြီးလျှင် မိန်းကလေးအား ဖောင်ပေါ်သို့ တင်ပေးလေ၏။ နောက်ဆုံးတွင် သူရဲကောင်းအား ဖောင်ပေါ်သို့ တွဲ၍တင်ပေးလေ၏။ အားလုံး ဖေါင်ပေါ်သို့ စုံညီစွာရောက်သောအခါ၌ မုတ်ဆိတ်ဖြူကြီးက သူရဲကောင်းအား -

"ဟေ့ သူရဲကောင်း ဒီကောင်ဟာ တဲတင်ထိုးတတ်တာ မဟုတ်ဘူးကွ ... ငါတို့စီးဖို့ ဝါးဖောင်လဲ လုပ်တတ်



သေးတယ်"ဟု ပြောလိုက်လေ၏။ သူရဲကောင်းကမူ တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်းမပြုဘဲ ကျယ်လောင်စွာ တောက်တစ်ချက် ခေါက်လိုက်လေ၏။ သူရဲဘောကြောင်သောလူငယ်မှာမူ ထိုးဝါးကိုအသုံးပြု၍ ဝါးဖောင်ကို ရွှေ့စေလေ၏။ ချောင်းရေမှာအရှိန်လျော့သည် ဆိုသော်လည်း အတော်အတန် ရေစီးကြမ်းနေသေးရာ ဝါးဖောင်ကြီးသည် ချောင်းကိုတည့်တည့် မဖြတ်နိုင်ဘဲ မျောလေ၏။ လူငယ်သည် ထိုးဝါးကို အသုံးပြု၍ ကြိုးစားကာ တစ်ဖက်ကမ်းသို့အရောက် ဆောင်ရွက်နေ၏။ တစ်နေရာသို့ အရောက်တွင် ချောင်းအတွင်းမှ ငုတ်ဖြင့် ဝါးဖောင်ကြီး ဆောင့်မိလေတော့၏။ ထိုငုတ်မှာလည်း ရေမြုပ်နေသောကြောင့် မြင်တွေ့ရခြင်းပင် မရှိပေ။ ဝါးဖောင်ကြီးနှင့် ထိုငုတ်ဆောင့်မိသောအခါ၌ ဝါးဖောင်ကြီးသည် ရုတ်တရက်စောင်းသွားလေ၏။ ထို့ကြောင့် မုတ်ဆိတ်ဖြူကြီးနှင့်မိန်းကလေးသည် ဝါးဖောင်ပေါ်မှ လွင့်စင်၍ ကျသည်

www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ ဖြစ်သွားလေ၏။ သို့ရာတွင် လူငယ်က လက်ထဲမှ ထိုးဝါးကိုလွှတ်၍ နှစ်ဦးစလုံးကို လှမ်း၍ဖက်လိုက်သောကြောင့် ၎င်းတို့သည် ဖောင်ပေါ်မှ အောက်သို့မကျဘဲ ရှိကြလေတော့၏။ ၎င်းတို့ မကျသော်လည်း သူရဲကောင်းမှာမူ ဖောင်ပေါ်မှ လွင့်၍ကျသွားလေတော့၏။

ထိုအခါ လူငယ်က "ဟာ ဒုက္ခပါပဲ၊ သူရဲကောင်းတော့ ကျသွားရှာပြီ" ဟုပြောလိုက်ပြီးလျှင်၊ သူရဲကောင်းအား -

"မိတ်ဆွေ ဟိုမှာထိုးဝါး မျောလာတယ်၊ ထိုးဝါးဘက်ကိုကူး" ဟု လှမ်း၍သတိပေးရင်း ၎င်း၏ဖေါင်ကြီးကို တည့်မတ်အောင် ကြံဆောင်နေလေ၏။ သူရဲကောင်းသည် ဖောင်ကြီးဆီသို့ ကြိုးစား၍ကူးခတ်နေလေ၏။ ထိုအချိန်မှာပင် သူရဲကောင်းနှင့် ဝါးတရိုက်အကွာတွင် မိကျောင်းတစ်ကောင်၏ကျောကုန်းသည် "ဘွားခနဲ" ပေါ်လာလေတော့၏။ ထိုအခါ လူငယ်သည် မုတ်ဆိတ်ဖြူကြီး၏ဓားမကို ဆတ်ခနဲ ကောက်ယူ၍ သူရဲကောင်းအား ကယ်ဆယ်ရန်အတွက် ရေထဲသို့ ဝုန်းခနဲခုန်ချသွားလေ



တော့၏။ သူရဲကောင်းသည် ဖောင်ဘက်သို့နီးလာ၏။ လူငယ်သည် သူရဲကောင်းကို ကျော်၍ မျောသွားပြီးလျှင် မိကျောင်းနှင့်ရင်ဆိုင်တွေ့ လေတော့၏။

သူရဲကောင်းသည် ဖောင်နှုတ်ခမ်းကို လှမ်း၍ဆွဲလိုက်၏။ ထိုအချိန်၌ လူငယ်အား မိကျောင်းသည် ထိုး၍ဟပ်လိုက်၏။ သူရဲကောင်းသည် ဖောင်ပေါ်သို့ ကုန်း၍တက်လာ၏။ လူငယ်နှင့် မိကျောင်းသည် ရေထဲတွင် ထွေးလုံးရစ်ပတ်နေ၏။ မိန်းကလေးသည်အော်၍ ရေထဲတွင် သွေးကွက်ကြီးများ ပေါ်၏။

များမကြာမီ၌မှာပင် မိကျောင်းရော လူငယ်ပါပေါ်၍ လာပြီးလျှင် ရေစီးကြောင်းအတိုင်းမျောကာ ချောင်း၏ အခြားတဘက်ကမ်း ခပ်ဝေးဝေးနေရာရှိ ချုံဖုတ်၌ ငြိနေလေတော့၏။ မုတ်ဆိတ်ဖြူကြီးတို့ သုံးဦးသည် ဖောင်ကြီးဖြင့် တစ်ဘက်ကမ်းသို့အရောက် ကူးဖြတ်နိုင်၏။ အဘယ့်ကြောင့်ဆိုသော် မုတ်ဆိတ်ဖြူကြီးသည် ဖောင်တွင်ရှိသော

www.burmeseclassic.com

www.burmeseclassic.com



ဝါးလုံးတစ်လုံးကိုဖြတ်ကာ ထိုးဝါးအဖြစ်အသုံးပြုနိုင်ခဲ့သောကြောင့် ဖြစ်၏။

တစ်ဘက်ကမ်းသို့ရောက်သည်နှင့် မုတ်ဆိတ်ဖြူကြီးနှင့် မိန်းကလေးသည် မိကျောင်းနှင့်လူငယ် ငြိတွယ်နေသော ချုံဖုတ်ဆီသို့ ပြေးသွားကြလေ၏။ သူရဲကောင်းမှာမူ ၎င်းတို့နှစ်ဦးနောက်သို့ မလိုက်ဘဲ မြေနီလမ်းကလေးအတိုင်း ဆက်၍လျှောက်သွားနေပြီဖြစ်၏။

ထို့ကြောင့် မုတ်ဆိတ်ဖြူကြီးက -

"ဟေ့ သူရဲကောင်း . . . ဘယ်သွားမလို့လဲ၊ လာစမ်းပါဦး"ဟု လှမ်း၍ခေါ်သဖြင့် သူရဲကောင်းလည်း မလာချင်လာချင်ဖြင့် လျှောက်၍လာလေ၏။

ထိုအခါ မုတ်ဆိတ်ဖြူကြီးက -

"မိန်းကလေးရေ . . . ဟောဟို ချုံဖုတ်မှာပဲ။ ဟို သူငယ်နဲ့မိကျောင်း"ဟု ပြောလိုက်ရာ သူရဲကောင်းက -



"အလို မုတ်ဆိတ်ဖြူ မျက်စိမမြင်ဘူးဆို ဘယ်လိုလုပ်သိသလဲ"ဟု မေးလေ၏။

"ငါမြင်ပါတယ်ကွ" ဆိုကာ မုတ်ဆိတ်ဖြူကြီးနှင့် မိန်းကလေးသည် ဝါးလုံးတစ်ချောင်းကို ယူပြီး မိကျောင်းနှင့် လူငယ်အား ကမ်းဘက်ဆီသို့ရအောင် ဆွဲယူလေ၏။ အမှန်စင်စစ် မိကျောင်းရော လူငယ်ပါ အသက်ကုန်လျက် ရှိနေလေပြီဖြစ်၏။

လူငယ်၏ ခေါင်းနှင့် ဓားကိုင်ထားသောလက်သည် မိကျောင်းပါးစပ်အတွင်းသို့ ရောက်ရှိနေကြောင်း တွေ့နေရ၏။ လူငယ်၏ဓားသည် မိကျောင်း၏ အာခေါင်မှ ကျောကုန်းကို ထိုးသွင်းထားပြီးဖြစ်၏။ မိန်းကလေးသည် သည်းထန်စွာ ငိုလေ၏။

ထို့နောက် မိန်းကလေးနှင့် မုတ်ဆိတ်ဖြူကြီးသည် လူငယ်အလောင်းကို မိကျောင်း၏ ပါးစပ်အတွင်းမှ ဆွဲထုတ်ကာ ထိုတောအတွင်းပင် မီးသင်္ဂြိုဟ်ပစ်လိုက်ကြ

www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ထိုသို့ မီးသဂြိုလ်ရင်း မှတ်ဆိတ်ဖြူကြီးက သူရဲကောင်းအား -

"ဟေ့ ... သူရဲကောင်း ... ဒီသူငယ်ဟာ တဲတင် ဆောက်တတ်တာမဟုတ်ဘူးကွ၊ မိကျောင်းလဲ သတ်တတ် သေးတယ်၊ ပြီးတော့ သူရဲကောင်းတစ်ယောက်ရဲ့ အသက် ကိုလဲ ကယ်တတ်သေးတယ်ကွ" ဟု ပြောလိုက်လေ၏။ ထို့နောက် မှတ်ဆိတ်ဖြူကြီးနှင့် မိန်းကလေးတို့သည် လူငယ်၏ ပြာများကိုကျင်းတူး၍ မြှုပ်ကြလေ၏။ ပြီးလျှင် မှတ်ဆိတ်ဖြူကြီးသည် သစ်လုံးတစ်လုံးအား လူငယ်၏ အရိုးပြာမြှုပ်နှံရာ၌ အမှတ်အသားအဖြစ် စိုက်ထူလိုက် လေ၏။

ထို့နောက် ထိုသစ်တုံးကြီးပေါ်၌ ဓားမဖြင့် အောက်ပါ အတိုင်း စာကိုလည်း ထွင်းလိုက်လေတော့၏။

သူရဲဘောကြောင်သည်ဆိုသော...

သူရဲကောင်း ...

"သူရဲကောင်းဆိုတဲ့ ဂုဏ်ထူး ဘွဲ့ထူးကို တွေ့ကရာ



လူမှာမတပ်ရဘူးဗျ၊ ဒါကြောင့် ဒီစာကို ဖျက်ပေးပါ" ဟု သူရဲကောင်းလူငယ်က ကန့်ကွက်လေတော့၏။

ထိုအခါ မှတ်ဆိတ်ဖြူကြီးက -

"မင်းပြောတာမှန်တာပေါ့ကွယ် ဖြုတ်ပေးရမှာပေါ့။ ဒါပေမယ့် မင်းကို မေးရဦးမယ်၊ ဟောဒီ မိန်းကလေး ကို မင်းသိသလား" ဟု မေးလိုက်လေ၏။ ထိုအခါ သူရဲကောင်းက -

"ဟင့်အင်း ... ကျုပ်မသိဘူး၊ သိဖို့လဲ မလိုဘူး" ဟု မြန်၍ ဖြေလိုက်လေ၏။

"မင်းက မလိုပေမယ့် ငါကတော့ ဝတ္တရားရှိလို့ ပြောပြ လိုက်ရဦးမယ် ... မင်း သေသေချာချာနားထောင်" ဟု မှတ်ဆိတ်ဖြူကြီးက စကားစလိုက်လေ၏။

"အင်း ... ဆိုစမ်းပါဦး" ဟု သူရဲကောင်းက ပြော လိုက်ကာ မထိမဲ့မြင် မျက်နှာထားဖြင့် မိန်းကလေးအား ကြည့်လိုက်လေ၏ ထိုအခါ မှတ်ဆိတ်ဖြူကြီးက -

www.burmeseclassic.com

www.burmeseclassic.com



"မင်းနေပြည်တော်ကို သွားပြီး သူရဲကောင်းဘွဲ့ တံဆိပ်ယူမယ်ဆိုတာ ဟောဒီမိန်းကလေးဆီမှာ ယူရမှာပဲ၊ ဟောဒီမိန်းကလေးဟာ ငါတို့ တိုင်းပြည်ရဲ့ အရှင်သခင် ဘုရင်မပဲ၊ ဟောဒီမှာကြည့်ဟုဆိုကာ ဘုရင်မ၏ အင်္ကျီ အတွင်း၌ ဝှက်၍ ဆွဲထားသော ဘုရင်မဖြစ်ကြောင်း အထိမ်းအမှတ် လက်စွပ်ကို မှတ်ဆိတ်ဖြူကြီးက ယူ၍ ပြလိုက်လေ၏။

ထို့နောက် မှတ်ဆိတ်ဖြူကြီးကိုယ်တိုင်လည်း သူ၏ ဖြူဖွေးသော မှတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများကို ဆွဲ၍ ဖြုတ်လိုက်လေတော့၏။ သူရဲကောင်းသည် အံ့အားသင့်စွာ ငေးမောကြည့်ရှုနေလေ၏။ ထိုအခါ မှတ်ဆိတ်ဖြူကြီးများ မရှိတော့သော မှတ်ဆိတ်ဖြူကြီးက -

"မင်းငါ့ကိုရော သိလား၊ ငါဟာ ဒီတိုင်းပြည်ရဲ့ စစ်သူကြီးပဲ၊ အခုငါရယ်၊ ဘုရင်မရယ်ဟာ ... တိုင်းပြည်အတွက် အရေးကြီးလို့ ကိုယ်တိုင်ထွက်ပြီး သူရဲကောင်း ရှာတာပဲ၊



စစ်သားထွက်စုတာပဲ၊ ငါတို့လိုချင်တဲ့ သူရဲကောင်းမျိုး တစ်ယောက်တော့ တွေ့တယ်၊ ဒါပေမယ့် ဟောဒီမှာ သေရာပြီ"ဟု ပြောလိုက်ချိန်မှာပင် သူရဲကောင်းသည် ဒူးထောက် ခစားလျက်ပင် ရှိလေပြီဖြစ်၏။ ထိုအခါ မိန်းကလေးက-

"သူရဲကောင်းဆိုတဲ့ ဂုဏ်ထူးဟာ လူတိုင်းကို ပေးရတာ မဟုတ်ဘူးလို့ သင်ပြောခဲ့တဲ့ စကားဟာ မှန်ပါတယ်၊ ဒါကြောင့် သင်နဲ့ ဟောဒီ သူရဲကောင်းတံဆိပ်တွေဟာ လုံးဝ မထိုက်တန်ပါဘူး"ဟု ဆိုကာ သူရဲကောင်း၏ ရင်ဘတ်တွင် တပ်ဆင်ထားသော တံဆိပ်များကို ကိုယ်တိုင် "ဖြုတ်ခနဲ" ဆွဲဖြုတ်ယူပြီးလျှင် သူရဲဘောကြောင်သော လူငယ်ကလေး၏ မှတ်တိုင်၌ ချိတ်ဆွဲတတ်ဆင်ပြီးလျှင် ဒူးထောက်ခစားလျက်ရှိသော သူရဲကောင်းဆိုသည့် သွန်စွာသူရဲဘောကြောင်သူအား မောင်းထုတ်လိုက် လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူလည်း မျက်နှာ၌ မီးကျွမ်းသော ဒဏ်ရာဖြင့် ထွက်သွားရလေ၏။ ထွက်မသွားမီ၌ ဘုရင်မ၏ခြေထောက်အား ၎င်း၏ ဆံပင်ဖြင့် ပွတ်၍လည်းကောင်း၊ စစ်သူကြီး၏ ခြေမိုးအား နှဖူးဖြင့်တိုက်၍လည်းကောင်း သူ၏ ရာထူးနှင့် ဂုဏ်ထူးဘွဲ့ထူးများအား ပြန်လည်ပေးသနားရန် အကြိမ်ကြိမ် ငိုယို၍ အသနားခံလေ၏။ သို့ရာတွင် ဘုရင်မရော စစ်သူကြီးပါ ၎င်းအား အသိအမှတ်မပြုကြတော့ဘဲ သူရဲဘောကြောင်သည်ဆိုသော သူရဲကောင်းကလေး၏ မှတ်တိုင်ကို အရှိအသေပေး၍ ခြံတံခါးကြီးဆီသို့ ထွက်သွားကြလေတော့သတည်း။ ။

သဗ္ဗေသတ္တာ ကမဿကာ

မင်းသိခ်

# ရသေ့ကြီး ဦးရွှေတောင်နှင့် လွန်လေပြီးသော ဆယ်နှစ်တာ

ဇင်ယော်နီ



www.burmeseclassic.com

www.burmeseclassic.com



တသွင်သွင်စီးဆင်းနေသော စမ်းချောင်းကလေးတစ်ခု အသွင်ရှိ၏။ ထိုစမ်းချောင်းကလေးနှင့် ပူးတွဲခွာတွဲဖြစ်လျက် မထင်မရှား လူသွားလမ်းကလေးတစ်ခုပင် ရှိ၏။ တောစပ်ကလေးတစ်နေရာမှ စတင်သော ထိုလူသွားလမ်းကလေးသည် တဖြည်းဖြည်းနှင့် တောနက်ပိုင်းထဲသို့ ဝင်သွားလေ၏။

တစ်နေ့သ၌ အသက် ၂၀ ကျော်ကျော်ခန့် လူငယ်တစ်ဦးသည် ခရီးဆောင်အိတ်ကြီးတစ်လုံးကို လွယ်လျက်

www.burmeseclassic.com

www.burmeseclassic.com



ထိုတောလမ်းကလေးအတိုင်း တရွေ့ရွေ့လျှောက်လှမ်းလာလေ၏။ တစ်နေရာသို့အရောက်တွင် များပြားလွန်းလှစွာသော သဘော်ပင်ကြီးငယ်များ ပေါက်ရောက်နေသည့် နေရာတစ်ခုသို့ ရောက်လာလေ၏။ သဘော်ပင်များမှာ ကောင်းစွာသန်လွန်းလှသည့်အပြင် အပင်အတော်များများ၌ သဘော်သီးများ ပွတ်ခဲ၍ သီးနေသည်ကိုလည်း တွေ့ရ၏။ အချို့သဘော်သီးများမှာ သီးခါစဖြစ်၏။ အချို့လည်း အတော်အတန်ကြီးနေပြီဖြစ်၏။ အချို့မှာမူကား မြင်ရသူ သွားရည်ယိုဖွယ်ကောင်းလှအောင် ဝင်းဖန့်မှည့်ရှမ်းနေပြီဖြစ်၏။ ထိုသဘော်ပင်တောအုပ်ကြီးသည် မျက်စိတဆုံးမျှ ကျယ်ပြောလှစွာ၏။ တစ်နေရာတွင်မူ တဲကြီးတစ်လုံးကိုတွေ့ရ၏။

ခရီးပမ်းလာသော လူငယ်သည် ထိုတဲကြီးရှိရာသို့ တရွေ့ရွေ့ လျှောက်သွားလေ၏။ တဲကြီး၏ရှေ့တွင်မူ သဘော်ပင်ပေါက်ကလေးများကို မြေတောင်မြှောက်ပေးနေသော အသက်၆၀-ကျော်ခန့် ရသေ့ကြီးတစ်ပါးကို တွေ့ရလေ၏။



ထိုရသေ့ကြီး၏ထူးခြားချက်မှာ မျက်နှာ၌ ကန့်လန့်ဖြတ်အမာရွတ်ကြီးတစ်ခုရှိ၏။ ထိုခရီးကို ဖြတ်သန်းသွားဖူးကြကုန်သော ခရီးသည်တို့သည် ထိုရသေ့ကြီးအား ရသေ့ကြီးဦးရွှေတောင်ဟူ၍ သိထားကြကုန်၏။

ရသေ့ကြီးဦးရွှေတောင်သည် ၎င်း၏နောက်ဖက်သို့ တရွေ့ရွေ့ ချဉ်းကပ်လာသော လူရွယ်ကို လှည့်၍မျှပင် မကြည့်ဘဲ ၎င်း၏အလုပ်တွင်သာ အာရုံစူးနစ်လျက် လုပ်ကိုင်နေလေ၏။ လူရွယ်သည် ရသေ့ကြီးနှင့် ခြေလှမ်းခုနစ်လှမ်းခန့်အကွာသို့ ရောက်လာ၏။

"ဟောဟို တဲလေးထဲကိုဝင်သွား ... သောက်ရေအိုးတွေ့မယ်၊ အမောပြေ ရေလေးသောက်လိုက်၊ မောင်ရင်မှာ ပါလာတဲ့ ဝန်စည်စလွယ်တွေကိုလည်း အဲဒီကွပ်ပျစ်ကလေးမှာ တင်ထားလို့ရတယ်၊ အမောပြေတဲ့အခါကျတော့ ရေအိုးဘေးမှာ သဘော်ရွက်နဲ့အုပ်ထားတဲ့ ပန်းကန်ပြားတစ်ချပ်ရှိတယ်၊ အဲဒီ ပန်းကန်ပြားထဲမှာ အသင့်ခွဲပြီးသား သဘော်သီးမှည့်မှည့်ချိုချိုတွေ ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို တဝကြီး စားလိုက်ပေတော့" ဟု ရသေ့ကြီးသည် နောက်သို့မျှပင် လှည့်မကြည့်ဘဲ ၎င်း၏အလုပ်ကို ရှုးစိုက်၍လုပ်ရင်း တစ်လုံးချင်း ပြောလိုက်လေ၏။

ထို့ကြောင့် ခရီးသွားလူရွယ်လည်း ရသေ့ကြီး ပြောသည့်အတိုင်း တဲထဲသို့ဝင်သွားကာ ၎င်း၏အိတ်ကို ကွပ်ပျစ်ပေါ်သို့ ဗုန်းခနဲချလိုက်၏။ ပြီးနောက် သောက်ရေအိုးမှ ရေတစ်ခွက်ကိုခပ်၍ အငမ်းမရ မော့ချလိုက်၏။ ထိုသို့မော့ချပြီးနောက် -

"အမောကို ပြေသွားတာပဲ ... တော်တော်အေးတဲ့ ရေပါလား" ဟု ရေရွတ်လိုက်လေ၏။ ထို့နောက် အနီးအပါးသို့ မျက်စိကစားလိုက်ရာ သဘော်ရွက်ကြီးတစ်ရွက်ဖြင့် အုပ်ထားသော ပန်းကန်ပြားတစ်ချပ်ကို တွေ့ရ၏။ လူရွယ်လည်း သဘော်ရွက်ကို လှန်၍ကြည့်လိုက်လျှင် စားချင်စဖွယ် ခွဲစိတ်ထားသော သဘော်သီးများကို တွေ့ရလေတော့၏။ ထို့ကြောင့် လူရွယ်လည်း အငမ်းမရပင် သဘော်သီးစိတ်များကိုကောက်၍ စားပစ်လိုက်ရာ တစ်ထိုင်တည်း



နှင့် ပန်းကန်တစ်ချပ်လုံး ကုန်သွားလေတော့၏။ ထိုသို့ အဝအပြဲ စားသောက်ပြီးနောက် -

"ကောင်းလိုက်တဲ့ သဘော်သီးကွာ ... ချိုနေတာပဲ၊ အေးနေတာပဲ၊ တော်တော်ကို ကောင်းတာပဲ" ဟု ကျေနပ်အားရစွာ ရေရွတ်လိုက်လေ၏။ ထိုသို့ ရေရွတ်ပြီးနောက် ရသေ့ကြီးရှိရာဘက်သို့ လှည့်လိုက်ကာ စကားလှမ်း၍ ပြောမည်ဟု ဟန်ပြင်လိုက်လျှင် ၎င်း၏အလုပ်ကို စိတ်ပါဝင်စားစွာလုပ်နေသော ရသေ့ကြီးက လှည့်၍မျှပင် မကြည့်ဘဲ -

"လက်ဆေးဖို့ ရေကဘယ်မှာလဲလို့ မေးမလို့မဟုတ်လား၊ တဲအပြင်ကို ပြန်ထွက်လိုက်၊ ဘယ်ဘက်ကို ချိုးလိုက်၊ အဲဒီမှာ စမ်းချောင်းထဲကရေကို ဝါးလုံးတွေနဲ့ သွယ်ယူထားတာရှိတယ်၊ ငါက ရေတံခွန်နားလေးမှာ သွားပြီး မနေနိုင်တော့ ငါ့တဲနားလေးကို ရေတံခွန်လေး ရောက်နေအောင် လုပ်ထားတာပေါ့ကွာ ...၊ လက်

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံတင်မကဘူး၊ ရေတောင်ချိုးလို့ရသေးတယ်” ဟု လှမ်း၍ပြောလိုက်သောကြောင့် လူရွယ်လည်း ရသေ့ကြီး ပြောပြသောဘက်သို့ လျှောက်သွားရာ စမ်းချောင်းမှ သွယ်ထားသည့် ဝါးလုံးများမှနေ၍ ရေများစီးကျနေ သည်ကို တွေ့ရလေ၏။ ထိုဝါးလုံးများကို လူတစ်ရပ်ကျော် ခန့်အမြင့်၌ တင်ထားခြင်းဖြစ်ရာ ဝါးလုံးများမှ ထွက်ကျ နေသောရေသည် ရေတံခွန်ငယ်လေးတစ်ခုအလား ဖြစ်နေလေတော့၏။

လူရွယ်သည် ထိုနေရာသို့ လျှောက်သွားပြီးလျှင် ၎င်း၏လက်ကို ဆေးလေ၏။ ထိုသို့လက်ဆေးရင်းနှင့် အေးမြလှသောရေ၏အထိအတွေ့ကို လွန်စွာသဘောကျ သွားသည် ဖြစ်ရကား မအောင့်အီးနိုင်တော့ဘဲ အဝတ် အစားများကို ချွတ်ကာ ရေချိုးလေတော့၏။ လူရွယ်သည် အချိန်အတန်ကြာမျှ အားရပါးရရေချိုးနေ၏။ လေမှာလည်း တဟူးဟူး တိုက်ခတ်နေသည်ဖြစ်ရာ တစ်ကိုယ်လုံးတုန်၍



ချမ်းလာသောအခါကျမှပင် ရေချိုးခြင်းကို ရပ်လိုက်လေ တော့၏။

ပြီးနောက် တဲကြီးဆီသို့ လှမ်းလျှောက်သွားလေ၏။ ရသေ့ကြီးမှာမူ ၎င်း၏အလုပ်ကို တကုပ်ကုပ်နှင့် လုပ်နေ ပြန်လေ၏။ လူရွယ်သည် ချမ်းလွန်းလှသောကြောင့် လက်ကို ပိုက်ထားကာ အလုပ်လုပ်နေသောရသေ့ကြီးကို လှမ်း၍ ကြည့်နေမိ၏။

“ရေချိုးလို့ကောင်းတာနဲ့ သတိလက်လွတ်နဲ့ ချိုးလိုက် တာ၊ အခု တော်တော်ချမ်းနေပြီမဟုတ်လား ... ၊ တဲရဲ ဟိုဘက်ထောင့် မီးဖိုပေါ်မှာ မြေခရားတစ်လုံး တင်ထားတာ ရှိတယ်၊ ရေနွေးကျိုက်ကျိုက်ဆူနေလောက်ရောပေါ့၊ လက်ဖက်ခြောက်လည်း ခပ်ထားပြီးသား ... အဲဒီဘေးမှာ မြေရေနွေးကြမ်းပန်းကန်လေးတွေ တွေ့လိမ့်မယ်၊ အသင့် ငှဲ့ပြီး သောက်ချလိုက်ရုံပါပဲ”ဟု ရသေ့ကြီးက နောက်သို့ မျှပင် လှည့်မကြည့်ဘဲ ပြောလိုက်ပြန်၏။

လူရွယ်လည်း ရသေ့ကြီးပြောသည့်အတိုင်း ရေနွေး

www.burmeseclassic.com

www.burmeseclassic.com



ကြွမ်းပွပွကို မှုတ်၍ တစ်ခွက်ပြီးတစ်ခွက် သောက်ချလိုက်လေ၏။ ထိုအခါကျမှပင် နွေးနွေးထွေးထွေးဖြစ်သွားကာ နေသာထိုင်သာရှိသွား၏။

ထို့နောက် လူရွယ်သည် ရသေ့ကြီးအလုပ်လုပ်နေသောနေရာသို့ လျှောက်သွားပြီးလျှင် ရသေ့ကြီးနှင့် စကားပြောလေ၏။ ရသေ့ကြီးသည် လူရွယ်အား စကားပြန်ပြောသော်လည်း လှည့်၍မျှပင် မကြည့်ဘဲ သူ့အလုပ်ကို သူလုပ်ရင်း ပြန်ပြောချင်းမျိုးမျှသာ ဖြစ်၏။ လူရွယ်ကို သူ့အလုပ်လောက်ပင် အရေးထားဟန် မတူပါချေ။ ထိုသို့ပြောရင်းပြောရင်းဖြင့် လူရွယ်သည်ရသေ့ကြီးအပေါ် မကျေမချမ်းဖြစ်လာ၏။ ထို့ကြောင့် စိတ်မရှည်နိုင်တော့ဘဲ ရသေ့ကြီး၏အနီးသို့ဝင်၍ ထိုင်လိုက်ကာ ရသေ့ကြီး၏ပခုံးအား လက်နှစ်ဖက်ဖြင့် တွဲ၍တွဲ၍လုပ်ရင်း -

"နေစမ်းပါဦး ဦးရသေ့ရယ်၊ ခင်ဗျားသဘောပင်တွေက ဘယ်အချိန်လုပ်လုပ် ရပါတယ်ဗျ။ အခုတော့



ခင်ဗျားဟာက ကျုပ်ကို ဖုတ်လေတဲ့ငပိ ရှိတယ်လို့တောင် မအောင့်မေ့ဘူးထင်တယ်" ဟု ပြောလိုက်လျှင် ရသေ့ကြီးက

"အရေးကြီးတဲ့ ကိစ္စလား၊ မကြီးတဲ့ကိစ္စလားဆိုတာထက် အခုလုပ်ရမယ့်ကိစ္စလား၊ အခုမလုပ်ရမယ့်ကိစ္စလားဆိုတာကို ပိုပြီး စဉ်းစားရတယ် ကောင်လေးရေ" ဟု ပြန်၍ပြောလေ၏။ ထိုသို့ပြောရာ၌လည်း လူရွယ်ကို ဝဲ့စောင်းမျှပင် မကြည့်ဘဲ ၎င်း၏အလုပ်တွင်သာ အာရုံစူးစိုက်လျက် လုပ်ကိုင်ရင်း ပြန်၍ပြောလိုက်ခြင်း ဖြစ်၏။ ထိုအခါ လူရွယ်က ဆက်၍စကားပြောရန် ဟန်ပြင်လိုက်ရာ ဦးရွှေတောင်ဆိုသော ရသေ့ကြီးက -

"မင်းမပြောခင် ငါပြောမယ်၊ လောကကြီးမှာ အရေးကြီးဆုံးကိစ္စကတော့ အခုလုပ်ရမယ့်ကိစ္စကို အခုလုပ်ဖို့ပဲကွ အဲဒီလိုပဲ အခုမလုပ်ရမယ့်ကိစ္စကို အခုမလုပ်မိဖို့ပဲကွ ... အဲဒါဟာ တော်တော်အရေးကြီးတယ်။ ဒါပေမယ့် အမျိုးများကျတော့လည်း အဲဒီအဆင့်ထိတောင် မတွေးနိုင်

www.burmeseclassic.com

www.burmeseclassic.com



ဘူးဟေ့၊ အခုလုပ်ရမှာလား မလုပ်ရမှာလားဆိုတာ ခွဲခြားနိုင်ဖို့နေနေသာသာ ဘာလုပ်ရမှန်းမသိဘူးကို ဖြစ်နေကြတာဟေ့၊ တောင်လိုလို မြောက်လိုလို ယောင်ခြောက်ဆယ်တို့ဆိုတာမျိုးပေါ့၊ ဥပမာ အခုမင်းဖြစ်နေသလိုပေါ့ကွာ"ဟု ပြောလိုက်လျှင် လူရွယ်သည် ပါးစပ်အဟောင်းသား ဖြစ်သွား၏။ ထို့နောက် တအံ့တသြဖြင့် -

"ဟား... ဟား ... ဦးရသေ့ကလည်း အကုန်သိနေတော့တာပဲ စောစောက ကျုပ်ရောက်လာကစတုန်းကလည်း ဒီကောင်တော့ဖြင့် ရေဆာနေလောက်တယ်၊ ဒီကောင်တော့ဖြင့် ဗိုက်ဆာနေလောက်ပြီ၊ ဒီကောင်ကတော့ ရေချိုးချင်နေတော့မှာပဲ။ အဲဒါမျိုးတွေ ခင်ဗျားက ကြိုကြိုပြီးသိနေတယ်"ဟု ပြောလိုက်ရာ ရသေ့ကြီး ဦးရွှေတောင်က -

"မဆန်းပါဘူး ကောင်ကလေးရယ်၊ ငါ့ဆီကို မင်းလိုမျိုး ခရီးသည်တွေ မကြာမကြာရောက်ရောက်နေတာကိုးကွ အဲဒီတော့ ဒီခရီးသည်တွေရဲ့ အခြေအနေကို ငါက အလွတ်



နေတာပေါ့ကွာ"ဟု အေးအေးလူလူပင်ပြန်၍ ပြောလေ၏။ ထိုအခါ လူရွယ်က -

"ကဲဗျာ ... ဒါဖြင့်ရင် ကျုပ်ဟာ ဟိုဟာလုပ်ရတော့မလိုလို၊ ဒီဟာလုပ်ရတော့မလိုလိုနဲ့ ယောင်ခြောက်ဆယ်ဖြစ်နေတယ်ဆိုတာကို ဦးရသေ့ဘယ်လိုလုပ်ပြီးသိသလဲ"ဟု မေးလိုက်ပြန်လျှင် ရသေ့ကြီးက -

"ဒါလည်း သိပ်မခက်ပါဘူးကွာ မင်းလျှောက်လာတဲ့ ခြေသံကို လေ့လာလိုက်ရင် သိနိုင်ပါတယ်ကွာ၊ မင်းက မလှမ်းချင် လှမ်းချင်ပုံစံမျိုး၊ မသွားချင်သွားချင်ပုံစံမျိုးနဲ့ လှမ်းလျှောက်လာတာကိုးကွ"ဟု ပြန်၍ ပြောလေ၏။

"ဒါကတော့ဗျာ ... ခရီးပမ်းလို့ ပင်ပမ်းနွမ်းနယ်နေရင်လည်း ဘယ်လိုလုပ်ပြီး အင်နဲ့အားနဲ့ လမ်းလျှောက်နိုင်မှာတဲ့လဲ"ဟု လူရွယ်က မေးလိုက်ပြန်ရာ ရသေ့ကြီးက-

"ကွာပါတယ်ကွာ ... သိသိသာသာကြီးကို ခြားနားပါတယ်၊ ရုပ်ပိုင်းဆိုင်ရာပင်ပမ်းနွမ်းနယ်မှုကြောင့်မလှုပ်အလှုပ်ဖြစ်နေတဲ့ ပုံစံရယ်၊ စိတ်ကြောင့် မလှုပ်ချင် မကိုင်

www.burmeseclassic.com



ချင်ဖြစ်နေတဲ့ ပုံစံရယ်ဟာ တော်တော်ကြီးကို ကွာခြားပါတယ်"ဟု ပြောလိုက်လျှင် လူရွယ်လည်း ဘာစကားတစ်ခွန်းမျှမဆိုတော့ဘဲ ခေါင်းကိုသာလျှင် တဆတ်ဆတ် ညိတ်နေလေ၏။

ထို့နောက် ရသေ့ကြီး ဦးရွှေတောင်သည် ၎င်း၏အလုပ်ကို လက်စသတ်လိုက်ပြီးနောက် ရေတံလျှောက်အနီးသွားကာ ကိုယ်လက်သန့်စင်လေ၏။ ယင်းနောက် တဲကြီးအတွင်းရှိ ကွပ်ပျစ်တွင် အေးအေးလူလူပင် ထိုင်ချလိုက်လေ၏။ လူရွယ်လည်း အနီးရှိ သစ်ငုတ်ကိုဖြတ်၍ ထိုင်ရန်ပြုလုပ်ထားသော တုံးကြီးတစ်တုံးပေါ်တွင် ဝင်၍ထိုင်လိုက်ရင်း

"ဦးရသေ့ အလုပ်လုပ်နေတာကို ကြည့်ရတာ တစ်မျိုးပဲနော်"ဟုမေးလိုက်လျှင် ရသေ့ကြီးက "ငါက လုပ်စရာရှိတဲ့အလုပ်ကို တကယ်လုပ်တာလေကွာ"ဟု ပြောလိုက်ရာ လူရွယ်သည် ဗျာခနဲ ရေရွတ်လိုက်လေ၏။ ထိုအခါ ရသေ့ကြီး ဦးရွှေတောင်က လူရွယ်၏ အမူအရာကိုကြည့်၍ သဘောကျစွာဖြင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်



ပြီးနောက် -

"ဒီလိုလေကွာ . . . လောကကြီးမှာ လူတစ်ချို့ဟာ တချို့တောင်မှ မဟုတ်ပါဘူးလေ၊ တော်တော်များများဟာ အလုပ်ကို တကယ်မလုပ်ကြဘူးကွ၊ ဘာလို့ တကယ် မလုပ်ကြသလဲဆိုတော့ ဒီအလုပ်ဟာ ကိုယ်လုပ်ရမယ့် အလုပ်ပါလားလို့ မခံယူနိုင်လို့၊ ဒါမှမဟုတ် သူတစ်ပါးက ခိုင်းလို့ လုပ်နေရတာမို့လို့ မလုပ်ချင်လုပ်ချင်နဲ့ လုပ်နေကြတာတွေလည်း ရှိတယ်၊ နောက်တစ်ခုက ဘာလုပ်ရမှန်း မသိလို့ကိုပဲ ကြံမိကြံရာ ဆွဲမိဆွဲရာကို ကောက်လုပ်နေကြတာတွေလည်း ရှိတယ်၊ အဲဒီတော့ အလုပ် ကောင်းကောင်းမွန်မွန်နဲ့ ပြီးမြောက်ရေး၊ အောင်မြင်ရေးတွက် သူတို့စိတ်ထဲမှာ ဘယ်ရှိနေပါ့မလဲ၊ ပြီးပြီးရောပဲ ဝတ်ကျေတန်းကျေလေးပဲ လုပ်နေကြတာပေါ့၊ အဲဒီလိုလုပ်တော့ အလုပ်တွေလည်း တကယ်မပြီးဘူးကွ၊ အဲဒီထက်ပိုဆိုးတာကတော့ ကိုယ့်နှလုံးအိမ်မှာလည်း ပြီးမသွားဘူးကွ

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ပြန်ရာ လူရွှယ်သည် ခေါင်းကို တဗျင်းဗျင်း ကုတ်ရင်း "ဘာတွေလဲ ဦးရသေ့ရယ်"ဟု ရေရွတ် ညည်းညူလိုက်ပြန်လေ၏။ ရသေ့ကြီးဦးရွှေတောင်က လည်း သဘောကျစွာဖြင့် ဟက်ဟက်ပက်ပက် ရယ်မော လိုက်ပြန်၏။ ထို့နောက် -

"ဒီလို ကောင်လေးရဲ့ ငါ့အနေနဲ့ ပျိုးပင်ပေါက်လေး တစ်ပင်ကို စိုက်ပျိုးတယ်ဆိုပါတော့ကွာ၊ မြေကြီးကို တူးဆွပြီးအပင်ကို မြေကျင်းထဲကိုထည့် မြေကြီးကိုပြန်ဖို့၊ ရေလေးနည်းနည်းပါးပါးလောင်းလိုက်ရင် ဒီအလုပ်ဟာ ပြီးသွားတာပါပဲ၊ ဒါပေမယ့် စေတနာမပါရင်တော့ မပြီးဘူး နော်၊ ကိုယ့်လူ၊ ဘယ်မှာ မပြီးသလဲဆိုတော့ ကိုယ့်ရင်ထဲ မှာ မပြီးတာ၊ ကိုယ့်နှလုံးအိမ်မှာမပြီးတာ။ ကိုယ့်အနေနဲ့ တကယ့်ကို စေတနာထားပြီး အပင်လေးကောင်းကောင်း မွန်မွန် ရှင်သန်ဝေဆာပါစေကြောင်း ဆန္ဒနဲ့ အတတ်နိုင်ဆုံး အစွမ်းကုန် စိုက်ပျိုးပြီးစီးပါမှ အပင်စိုက်ပြီးသွားတဲ့အခါမှာ



ကိုယ့်ရင်ထဲမှာ၊ ကိုယ်လုပ်လိုက်တဲ့ အလုပ်ပေါ်မှာ ကျေနပ် အားရ ပီတိဖြစ်သွားတာကွ၊ အဲဒီလို ကိုယ်လုပ်တဲ့ အလုပ်အတွက် ကိုယ့်ရင်ထဲမှာ ကျေနပ်ပီတိဖြစ်သွားပါမှ ကိုယ့်အလုပ်ပြီးမြောက်အောင်မြင်တယ်လို့ မှတ်ယူရ တယ်၊ ဒီလိုပဲပေါ့ကွာ ... တံမြက်စည်းလှည်းရင်လည်း အပြင်မှာ အမှိုက်တွေပြောင်သွားရုံနဲ့ မပြီးဘူးကွ၊ ကိုယ့် ရင်ထဲမှာပါ ရှင်းသွား၊ ကျေနပ်သွားဖို့ လိုတယ်၊ အဝတ် လျှော်ရင်လည်း အပြင်မှာ အဝတ်ပြောင်သွားရုံနဲ့ မပြီး ဘူးကွ၊ ကိုယ့်ရင်ထဲမှာ ရှင်းသွား၊ ကျေနပ်သွားဖို့ လိုတယ်၊ ဒီလိုပဲပေါ့ကွာ၊ ဘယ်အလုပ်မဆို ကိုယ့်ရင်ထဲမှာ ပြီးသွား ပါမှ အလုပ်ပြီးတယ်လို့ မှတ်ယူပေတော့ ကောင်လေးရေ" ဟု ရှည်လျားစွာပြုံးပြလိုက်လေ၏။ လူရွှယ်လည်း နားလည်ဟန်တစ်ဝက်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်နေ သေး၏။ ထို့နောက် လူရွှယ်က -

"ရသေ့ကြီးဟာ အကြောင်းအမြင် ရနေသလားလို့ အောင် အောက်မေ့ရတယ်၊ ကျွန်တော်လည်း ဦးရသေ့

www.burmeseclassic.com

www.burmeseclassic.com



ကြီးပြောသလို ဖြစ်နေတာပါပဲဗျာ"ဟု ပြောလိုက်လျှင် ရသေ့ကြီးက -

"ဒါပေါ့ကွာ . . . ဒါပေါ့၊ စောစောကတည်းက ငါပြောသားပဲ၊ မင်း လမ်းလျှောက်လာတဲ့ပုံစံဟာ စိတ်မပါတပါနဲ့ လျှောက်လာတဲ့ ပုံစံမျိုးလေကွာ၊ အဲဒီတော့ ကြိုက်သလောက်လျှောက်၊ ဘယ်အရပ် ဘယ်ဒေသကိုပဲ ရောက်သွား၊ ရောက်သွား။ မင်းရင်ထဲမှာတော့ ဘယ်ကိုမှ ခရီးပေါက်မှာမဟုတ်ဘူး ကိုယ့်လူရေ"ဟု ပြောပြလိုက်လေ၏။

ထို့နောက်တွင်ကား ရသေ့ကြီးဦးရွှေတောင်သည် ပြောင်းဖူးဖက် ဆေးပေါ့လိပ်တစ်လိပ်ကို ကောက်ယူ၍ မီးညှိကာ အေးအေးလူလူပင် ရှိုက်ဖွာနေလေ၏။ လူရွယ်သည် ၎င်း၏အဖြစ်ကို ၎င်းဘာသာ တစိမ့်စိမ့် ပြန်ပြောင်းစဉ်းစားနေရာမှ-

"ဦးရသေ့ ပြောတာတွေ အားလုံးဟာ အဟုတ်တွေချည်းပါပဲ ဦးရသေ့ရယ် . . .၊ အခု ဒီခရီးကို ထွက်လာတယ်ဆိုတာဟာလည်း ကျွန်တော့်အနေနဲ့ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်ချပြီးမှ ထွက်လာခဲ့တာမျိုး မဟုတ်ပါဘူး၊ ထွက်သင့်သလိုလို မထွက်သင့်သလိုလိုနဲ့ ဝေခွဲမရဖြစ်နေတဲ့ကြားက လုပ်မိလုပ်ရာကောက် လုပ်လိုက်တဲ့ သဘောပါပဲ၊ ဘာရည်ရွယ်ချက်မှ တိတိကျကျ မရှိပါဘူးဗျာ"

ဟု ပြောလိုက်လျှင် ရသေ့ကြီးဦးရွှေတောင်သည် ဆေးလိပ်မီးခိုးများကို ဟူးခနဲ မှုတ်ထုတ်လိုက်ပြီးနောက်-

"ဘာကိုပဲလုပ်လုပ် . . . ကျကျနနစဉ်းစားပြီးမှ၊ အသေအချာ ဆုံးဖြတ်ချက်ချပြီးမှ၊ လုပ်တာကောင်းတယ် ကိုယ့်လူရေ . . . ၊ တချို့လုပ်ရပ်တွေဟာ ချက်ချင်းလက်ငင်း မသိသာပေမဲ့ နောက်ငါးနှစ်တန်သည်၊ ဆယ်နှစ်တန်သည်၊ နှစ်နှစ်ဆယ်တန်သည် ကြာလာတဲ့အခါမှာ အဲဒီအလုပ်ကလေးရဲ့ အကျိုးဆက်ဟာ မယုံနိုင်လောက်အောင် ကြီးမားကျယ်ပြန့်သွားတယ်ကွ" ဟု ပြန်၍



www.burmeseclassic.com

www.burmeseclassic.com



ပြောလေ၏။ ထိုအခါ လူရွယ်က ရသေ့ကြီး၏စကားကို နားမလည်နိုင်စွာဖြင့် -

"ဘယ်လိုမျိုးလဲဗျ" ပြန်၍မေးလိုက်လေ၏။ ရသေ့ကြီးသည် လူရွယ်၏မျက်နှာအား ကရုဏာသက်စွာဖြင့် တစိမ့်စိမ့်ကြည့်နေ၏။

ထို့နောက် ဆုံးဖြတ်ချက်တစ်ခုကိုပြတ်ပြတ်သားသား ချလိုက်ဟန်ဖြင့် -

"လူလေး သဘောပေါက်သွားအောင် ပြောပြလိုက်မယ်ကွယ်"ဟု အစချီကာ အောက်ပါအတိုင်း ပြောပြပါလေတော့သတည်း။

တစ်နေ့သ၌ တငြိမ့်ငြိမ့် စီးဆင်းနေသော စမ်းချောင်းလေးတစ်ခု၏ ဘေးရှိ တဲကလေးတစ်လုံးအတွင်းဝယ် ရသေ့ကြီးတစ်ပါးသည် ငြိမ်သက်စွာထိုင်လျက် တရားရှုမှတ်နေလေ၏။ နာရီအတန်ကြာမျှ ထိုသို့ ထိုင်နေပြီးနောက် ရသေ့ကြီးသည် တဲကလေး၏အပြင်သို့ ထွက်



လာကာ အညောင်းအညာပြေအောင် ကိုယ်လက်လှုပ်ရှားခြင်းကို ပြုလေ၏။

ထိုသို့ ကိုယ်လက်လှုပ်ရှားရာ၌ ခြေများလက်များကို ဘွဲ၍လှုပ်၍ ကစားရုံမျှသာမက ၎င်းအမြဲကိုင်ဆောင်နေကျ လူတစ်ရပ်ကျော်ကျော်ခန့် ရွှေရောင်ဝါးတောင်ဝှေးကြီးကိုပါ လွှဲ၍ လွှဲ၍ကစားနေလေ၏။

တောင်ဝှေးကြီးကို ဝိုးကနဲဝိုးကနဲနေအောင် လွှဲလိုက်သောအခါများတွင် ရသေ့ကြီးသည် အင်အားကို အတန်သင့် အသုံးပြုသော်လည်း ၎င်း၏အမူအရာမှာ များစွာ အားစိုက်ရဟန်မတူဘဲ နွဲ့နွဲ့နှောင်းနှောင်းနှင့် စည်းချက်ဝါးချက်ကျကျ က နေဘိသည့်အလား လွန်စွာမှ ကြည့်၍ကောင်းလှတော့၏။

ရသေ့ကြီးသည် အထက်ကဆိုခဲ့သည့်အတိုင်း ဝါးတောင်ဝှေးကြီးကို လွှဲ၍လွှဲ၍ ကိုယ်လက်လှုပ်ရှားမှုကို ပြုလုပ်နေလေ၏။ တစ်ခါသော် ရသေ့ကြီး၏ ဝါးတောင်ဝှေး

www.burmeseclassic.com

www.burmeseclassic.com



အဖျားသည်အနီးရှိ သဘော်ပင်တစ်ပင်မှ သဘော်သီးလေး တစ်လုံးကို သွား၍ ထိမိသည်ဖြစ်ရကား သဘော်သီး ကလေးသည် တောင်ရေးဖျားတွင် ပါသွားပြီးနောက် ဖုတ်ခနဲ မြေပြင်သို့ ကျသွား၏။

ထိုသဘော်ပင်တွင် သဘော်သီးမှာ နှစ်လုံးမျှသာ ရှိ၏။ ယခု အပင်ပေါ်တွင် တစ်လုံးသာ ကျန်နေလေတော့၏။ ရသေ့ကြီးသည် ကြွေကျသွားသော သဘော်သီးကလေးကို ကောက်ယူလိုက်ပြီးနောက် တစိမ့်စိမ့်ကြည့်နေလေ၏။ ထို့နောက်တွင်ကား ထိုသဘော်သီးကလေးကို တဲအတွင်း တစ်နေရာ၌ သိမ်းဆည်းထားလိုက်လေတော့၏။

ထိုသဘော်သီးကလေးသည် တဖြည်းဖြည်း ရှုံ့တွကာ နွမ်းခြောက်သွား၏။ ထို့အတူပင် ပင်ပေါ်၌ကျန်နေခဲ့သော သဘော်သီးကလေးမှာမူ တဖြည်းဖြည်းကြီးထွားလာ ပြီးနောက် ဝါဝင်းမှည့်ရွှမ်းသော အဖြစ်သို့ ရောက်လာ လေတော့၏။

ထိုသဘော်သီး ကောင်းစွာ မှည့်သောအခါ ရသေ့ကြီး



သည် အသာအယာခူးဆွတ်၍ ရေဆေး၏။ ခွဲစိတ်ပြီးနောက် ဦးစွာပထမ ဆွမ်းတော်တင်၏။ ထို့နောက် ၎င်းလည်း မြိန်ယှက်စွာစားသောက်လေ၏။ ပြီးနောက် အစေ့များကို တဲ၏ ဘေးတစ်နေရာ၌ ကြဲပက်ထားလိုက်လေတော့၏။

ရက်အတန်ကြာသည်ရှိသော် ထိုနေရာ၌ သဘော်ပင် ကလေးများ ပေါက်လာကြ၏။ ရသေ့ကြီးသည် ထိုသဘော် ပင်ကလေးများကို တစ်ပင်စီခွဲလျက် စနစ်တကျ စိုက်ပျိုး ၏။ နေ့စဉ် စမ်းချောင်းမှရေဖြင့် ဖျန်းလောင်းပေး၏။ မြေတောင်မြှောက်ပေး၏။ ဤသို့ဖြင့် များမကြာသော ကာလ၌မှာပင် ရသေ့ကြီး၏ တဲပတ်ဝန်းကျင်၌ သဘော်ပင် များစွာဖြင့် ဝေဝေဆာဆာကြီး ဖြစ်လာလေတော့၏။ ရသေ့ကြီးသည် တကူးတက သစ်သီးသစ်ဖုရှာရန် မလို တော့ဘဲ ထိုသဘော်သီးများကို အစိက အားပြု၍ အဟာရကို ကောင်းစွာမှီဝဲနိုင်လေ၏။ ဤသို့ဖြင့် သဘော် သီးပင်များ ပွားသည်ထက် ပွားလာခဲ့ရာ နောက်ဆုံးတွင်

www.burmeseclassic.com

www.burmeseclassic.com



မျက်စိတဆုံးမက ကျယ်ပြောလှသော သင်္ဘောပင်အုပ်ကြီး ဖြစ်လာခဲ့ပါလေတော့သတည်း။

ရသေ့ကြီးသည် အထက်ကအတိုင်း တစ်လုံးချင်း ပြောပြပြီးနောက် တဲ၏ တစ်နေရာတွင် တင်ထားသော နွမ်းခြောက်ရှုံ့တွနေသည့် သင်္ဘောသီးကလေးတစ်လုံးကို ယူ၍ လူရွယ်၏လက်သို့ လှမ်းပေးလိုက်၏။ ထို့နောက် -

"လွန်ခဲ့တဲ့ဆယ်နှစ် လောက်တုန်းကသာ ငါ့အနေနဲ့ ဒီသင်္ဘောသီးလေးကို တောင်ဝှေးနဲ့ရိုက်မချမိခဲ့ဘူးဆိုရင် ဒီသင်္ဘောသီးလေးရဲ့ အကျိုးဆက်ဟာ အခုအခြေအနေနဲ့ တခြားစီဖြစ်နေမှာပဲ၊ အဲဒီတုန်းက သင်္ဘောပင်မှာ အသီး လေးနှစ်လုံးသီးနေတယ် အဲဒီအသီးနှစ်လုံးဟာ အခြေ အနေအားလုံး အတူတူတွေချည်းပဲ။ ဒါပေမဲ့ အပင်ပေါ်မှာ ဆက်ပြီး ကျန်ခဲ့တဲ့အသီးလေးကိုအကြောင်းပြုပြီး ဟောဒီ ပတ်ဝန်းကျင်မှာ မင်းမြင်နေရတဲ့သင်္ဘောတောကြီး ဖြစ်လာ ခဲ့တယ်၊ အဲဒီတော့ ... လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုန်းက



သင်္ဘောသီးလေးတစ်လုံးကိုတုတ်နဲ့ ရိုက်ချခဲ့မိခြင်း၊ မချမိခဲ့ ခြင်းဆိုတာဟာ ဘာမှအရေးကြီးတဲ့ကိစ္စတစ်ခု မဟုတ်ခဲ့ ပါဘူး၊ ဝမ်းသာစရာလည်းမဟုတ်ခဲ့ဘူး၊ ဝမ်းနည်းစရာ လည်း မဟုတ်ခဲ့ဘူး၊ ဒါပေမဲ့ အဲဒီအကျိုးဆက်ဟာ အခုလိုအချိန်ကာလများစွာ ကြာလာတဲ့အခါမှာတော့ အခြေအနေချင်း မိုးနဲ့မြေလို ကွာခြားသွားခဲ့ပါပြီ၊ အခု အချိန်ကျမှ ပြန်ပြင်မယ်ဆိုရင်လည်း ပြင်လို့မရစကောင်း တော့ပါဘူးကွယ်" ဟု စိတ်ရှည်လက်ရှည် ရှင်းပြလိုက် လေ၏။ လူရွယ်သည် ရသေ့ကြီး၏ မျက်နှာကို တစိမ့်စိမ့် ကြည့်နေ၏။ ထို့နောက် -

"အဲဒီတော့ ... ကျွန်တော်ကော ဘာတွေဆက် လုပ်ရမလဲ ဦးရသေ့" ဟု မေးလိုက်ရာ ရသေ့ကြီးက -

"များသောအားဖြင့် ကိုယ်ဘာလုပ်သင့်တယ်၊ ဘာ မလုပ်သင့်ဘူးဆိုတာ ဘေးကပြောပြတာထက် ကိုယ့်ဟာ ကိုယ်သိပြီးသားက များပါတယ်ကွာ၊ အဲဒီလို သိတဲ့အတိုင်း ဆုံးဖြတ်ချက်ခိုင်ခိုင်ချပြီး တစိုက်မတ်မတ် လုပ်သွားဖို့ပါပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာပဲ လုပ်လုပ်၊ ဆိုးတာပဲ လုပ်လုပ်၊ များသော အားဖြင့် ချက်ချင်းလက်ငင်း မသိသာရင်တောင်မှ ကာလ ကြာရှည်လာတဲ့အခါမှာ အဲဒီလုပ်ရပ်ရဲ့ အကျိုးဆက်ဟာ အများကြီး အများကြီး သိသာလာပါလိမ့်မယ်" ဟု ပြန်၍ပြောလေ၏။

"ဟုတ်ပါပြီ ဦးရသေ့ရယ် . . . ။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ဘာလုပ်သင့်တယ်ဆိုတာလေးတော့ ကျေးဇူး ပြုပြီး လမ်းညွှန်ပေးပါလားဗျာ" ဟု လူရွယ်က ပြော လိုက်ပြန်၏။

ထိုအခါ ရသေ့ကြီးဦးရွှေတောင်သည် လူရွယ်အား သနားသော၊ ကရုဏာသက်သော၊ စိတ်မရှည်သော မျက်လုံးမျိုးဖြင့် ကြည့်ရင်း -

"ငါ့အနေနဲ့ မောင်ရင့်ကို ဘာလုပ်ပါ၊ ဘာမလုပ်ပါနဲ့ ဘာလုပ်သင့်ပါတယ်၊ ဘာမလုပ်သင့်ပါဘူး ဆိုတာမျိုး ပြောမနေတော့ပါဘူး။ ဘာဘဲလုပ်လုပ် အခုနေ ငါ ပြော ခဲ့တဲ့အကြောင်း အရာလေးကိုပဲ ခေါင်းထဲမှာ ထည့်ထား



လိုက်ဖို့ပါပဲ၊ အဲဒီတော့ ငါ့ပါးစပ်က မောင်ရင့်အတွက် ဘာမှလမ်းမညွှန်တော့ပါဘူး။ ဟောဒီ သဘော်သီး အခြောက်ကလေးကိုပဲ မောင်ရင့်အတွက် လမ်းညွှန် လက်ဆောင်အဖြစ် ပေးလိုက်ပါတယ်ကွယ်"ဟု တည် ကြည်လေးနက်သောလေသံဖြင့် တစ်လုံးချင်း ပြောပြရင်း သဘော်သီးကလေးကို လူရွယ်၏လက်သို့ ကမ်းပေး လိုက်လေ၏။

လူရွယ်လည်း ကျေနပ်ပီတိဖြစ်သော မျက်ဝန်းအစုံဖြင့် ရသေ့ကြီးအား တစိမ့်စိမ့်ကြည့်နေပြီးနောက် ရသေ့ကြီး၏ ခြေအစုံကို ၎င်း၏ နဖူးဖြင့်ထိလျက် ရိုကျိုးမြတ်နိုးစွာ အန်တော့လိုက်လေ၏။ ထို့နောက် ရသေ့ကြီးပေးလိုက်သော သဘော်သီးအခြောက်ကလေးကို လက်နှစ်ဖက်ဖြင့် အယုတယကိုင်ရင်း တရိုက်မက်မက် နမ်းရှုံ့လိုက်ပါ လေတော့သတည်း။ ။

သဗ္ဗေမမ္မာ

ခင်ယော်နီ


www.burmeseclassic.com

www.burmeseclassic.com



( ၁ )

ဒေါက်တာစောခွန်နောင် အမ်အေ၊ ပီအိပ်ချ်ဒီ (လန်ဒန်)ဘွဲ့ရသူ သမိုင်းပါရဂူပညာရှင်သည် ရန်ကုန် တက္ကသိုလ်မှ မော်လမြိုင်ကောလိပ်သို့ တာဝန်အ ပြောင်းရွှေ့လာ၏။ မော်လမြိုင်သို့ အလုပ်ပြောင်းလာရ သော်လည်း မော်လမြိုင်ကောလိပ်မှ ပေးသောအိမ်တွင် မနေဘဲ၊ အပြင်တွင် တိုက်သစ်တစ်လုံး ဝယ်၍နေ ဒေါက်တာစောခွန်နောင်တစ်ယောက် မော်လမြိုင်မြို့ ပြောင်းလာရသောကြောင့် အပျော်ကြီး ပျော်နေမိသည်




www.burmeseclassic.com

www.burmeseclassic.com



ပျော်နေရသည့်အကြောင်းမှာ စောခွန်နောင်၏ အိပ်မက်ထဲတွင် အမြဲလိုလိုမက်နေသော အိပ်မက်ဆန်းတွင် ပါနေသည့် ကျိုက်မရော ခုနစ်ခွေတောင်၊ ခုနစ်ခွေတောင်လွမ်းစေတီဘုရားသို့ အချိန်မရွေး သွားလာနိုင်သောကြောင့် ဖြစ်၏။ ဒေါက်တာစောခွန်နောင်သည့် မော်လမြိုင်မြို့ အထက်လမ်းမကြီးနှင့် သံလွင်ဥယျာဉ်လမ်းသွယ်ထောင့်ရှိ သံလွင်ဥယျာဉ်ခြံကြီးဘက်သို့ မျက်နှာပြုထားသော ခြံကျယ်ကြီးနှင့် နှစ်ထပ်တိုက်အသစ်တစ်လုံးကို ဝယ်လိုက်၏။

တစ်ခြံလုံး သဇင်ပန်း များ၊ သစ်ခွပန်းများ အပြည့်စိုက်ထားသောကြောင့် ခြံကြီးအား "မောသဇင်မြိုင်"ဟု အမည်ပေးထား၏။ ခြံဝင်းတံခါးပေါက် လေးထောင့်အုတ်တိုင်ကြီး၏တစ်ဖက်တွင် လေးထောင့် ကြေးဆိုင်းဘုတ်ကြီးဖြင့်"မောသဇင်မြိုင်"ဟူ၍လည်းကောင်း၊ ကျန်အုတ်တိုင်ကြီး၏တစ်ဖက်၌ "ဒေါက်တာစောခွန်နောင်၊ အမ်အေ၊ ပီအိပ်ချ်ဒီ (လန်ဒန်)"ဟူ၍ လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ကြေးဆိုင်းဘုတ်ကြီးတစ်ခု လုပခန့်ညားစွာ ချိတ်ဆွဲထားသည်။

ဒေါက်တာစောခွန်နောင်သည် မော်လမြိုင်မြို့သို့ရောက်သည်နှင့် မိမိ၏ ကိုယ်ပိုင် အနီရဲရဲရောင် တံခါးနှစ်ပေါက် အမိုးဖွင့်အမိုးချ မာစီးဒီးစပိုစ့်ကား အသစ်စက်စက်ဖြင့် မော်လမြိုင်မှ ကျိုက်မရောမြို့သို့ အမြဲသွား၏။ ကျိုက်မရောမြို့သို့ မရောက်မီ ခုနစ်ခွေတောင်လမ်းခွဲမှ ခုနစ်ခွေတောင် ဖြတ်လမ်းပေါ်သို့ မောင်းတက်၍ ခုနစ်ခွေတောင်ထိပ်လမ်းဘေးရှိ စေတီပြိုစေတီပျက်ကလေးအနီး ကားထိုးဆိုက်ရပ်နား အပန်းဖြေလေ့ရှိ၏။ ခုနစ်ခွေတောင်ထိပ်ပေါ်မှ ကြည့်လိုက်သောအခါ တောင်၏အနောက်ဖက်ခြမ်းတွင် မော်လမြိုင်-မုဒုံကားလမ်းမကြီးလည်းကောင်း၊ ထိုကားလမ်းနှင့် မလှမ်းမကမ်း၌ မော်လမြိုင်-မုဒုံ-ရေး မီးရထားလမ်းအားလည်းကောင်းတွေ့ရ၏။ တောင်၏ အရှေ့ဘက်ခြမ်းဝယ် မော်လမြိုင်-ငန်းတေး-ပိန္နဲကုန်း-ကျိုက်မရောကားလမ်းကို တွေ့ရ၏။



ပထမဆုံးသွားသောအခါ၌ ဗလကြီးအိုက်စံနှင့် ဦးခန်းလျန်တို့ ပါကြ၏။ နောက်ပိုင်းများတွင် စောခွန်နောင်နှင့် အတူ အိုက်စံသာပါ၏။ စောခွန်နောင်ရောက်တိုင်း တောင်ထိပ်စေတီပျက်ဘေး မလှမ်းမကမ်းရှိ ကျောက်ဖျာကြီးတစ်ချပ်ပေါ်တွင် အမြဲထိုင်အနားယူတတ်၏။ စောခွန်နောင် လာတိုင်း စေတီပျက်လေး၏ အင်္ဂါထောင့်ပစ္စယာပေါ်တွင် "အသည်းပုံ စံပယ်ကြက်ရှန်းပန်းသုံးကုံး" အမြဲတွေ့ရ၏။

လွမ်းစေတီပျက် အနီးရှိ ရေးဟောင်းကျောက်စာတိုင် အကျိုးအပဲ့တွင် ကမ္ဗည်းအက္ခရာရေးထိုးတင်ထားခဲ့သည်မှာ "လွမ်းစေတီ ကျောက်စာတိုင်"ဟူ၍ ထိပ်ဆုံးမှ ထင်ရှားပီသစွာ တွေ့ရသည်။ အောက်ဆုံးပိုင်း၌ မသဲမကွဲ မထင်မရှား "တပ်မှူးလေး စောသီဟနောင်"ဟု ရေးထိုးထားသည်ကို တွေ့ရ၏။ စောခွန်နောင်သည် အိပ်မက်ထဲမှအတိုင်း တံသဝေမတိမ်း (၁)လွမ်းစေတီအပြိုအပျက်၊

www.burmeseclassic.com

www.burmeseclassic.com



(၂) မလှမ်းမကမ်းရှိ ကျောက်ဖျာကြီးတစ်ချပ်ရော၊ (၃)ရှေး ယောင်းကျောက်စာတိုင်ရှိ "တပ်မှူးလေး စောသီဟ နှောင်"အမည်ပါ တိတိကျကျပါရှိနေသောကြောင့် အလွန် အမင်း အံ့ဩနေမိ၏။ မိမိနှင့် ဆိုင်သည်ဟု ထင်မိ၏။

စောခွန်နှောင်သည် အိပ်မက်ထဲတွင် အကြိမ်ပေါင်း များစွာ ခဏခဏမက်လေ့ရှိသော "ခုနစ်ခွေတောင်နှင့် ခုနစ်ခွေတောင် လွှမ်းစေတီဘုရား"အားလည်းကောင်း၊ ကျောက်စာတိုင်အကျိုးအပဲ့၏ အောက်ခြေတွင် ပါနေသည့် "တပ်မှူးလေး စောသီဟနှောင်"အမည်နာမကို တွေ့ရ သောကြောင့်လည်းကောင်း၊ ငိုချင်သလိုလို ဝမ်းနည်း သယောင်ယောင် ဖြစ်လာ၏။ အိပ်မက်ထဲတွင် တွေ့ခဲ့ရသူ ညီအစ်မခုနစ်ဖော်အား ခုနစ်ခွေတောင်ထိပ် ခုနစ်ခွေတောင် လွှမ်းစေတီဘုရား တစ်ပတ်လုံး လိုက်လံရှာဖွေသော်လည်း မတွေ့ရချေ။ သို့သော် လွှမ်းစေတီဘုရား၏ အင်္ဂါထောင့် ပစ္စယာထက် စံပယ်ကြက်ရုန်းသုံးကုံး အသည်းပုံ အမြဲ တင်ထားလျက် ရှိသည်ကိုသာ တွေ့ရ၏။



စောခွန်နှောင် ခုနစ်ခွေတောင်သို့ လာပြီးတိုင်း အပြန် တွင် ကျိုက်မရောမြို့ရှိ ရဲအရာရှိဟောင်း ဦးတိုက်ဦး၏ အိမ်သို့ အမြဲဝင်လေ့ရှိသည်။ ပင်စင်စား ရဲအရာရှိဟောင်း ဦးတိုက်ဦးမှာ ကျိုက်မရော ဆုတောင်းပြည့်ဘုရားကြီး၏ ရှေ့ ကျိုက်မရောဈေးအနီးတွင် နေသူဖြစ်၏။ စေခွန်နှောင် လာတိုင်း ကျိုက်မရောဇာတိဖြစ်သူ ဦးတိုက်ဦး ပြောပြသမျှ နားထောင်ပြီးမှ ပြန်လေ့ရှိသည်။ ရောက်သွားတိုင်း စောခွန်နှောင်က -

"ဦးတိုက်ဦး စောခွန်နှောင်ကို ခုနစ်ခွေတောင် အကြောင်းနဲ့ ခုနစ်ခွေတောင် လွှမ်းစေတီအကြောင်း တွေကို ရောက်တုန်းရောက်ခိုက် ပြောပြပါဦး"

ဟု စကားစလိုက်သည်နှင့် ဦးတိုက်ဦးက -

"ဦးတိုက်ဦးတို့ရဲ့ အဘိုးတွေ အဘွားတွေ ပြောခဲ့ဖူး တာကတော့၊ ဟိုးတုန်းက၊ အဲဒီ ခုနစ်ခွေတောင်ပေါ်မှာ နေပူရင် ညီအစ်မခုနစ်ယောက်ဟာ ရေးနန်းဝတ်နန်းစား တွေ၊ မင်းမြှောက်တန်ဆာငါးပါးတွေကို ထုတ်ထုတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



နေပူလှမ်းကြတယ်လို့ ပြောကြတာပဲ။ ဦးတိုက်ဦးကတော့ မမြင်ဖူးဘူး။ ကျိုက်မရောကလူတွေ ပိန္နဲကုန်းကလူတွေ ကျောက်တစ်လုံးက လူတွေ၊ မုဒုံဘက်ကလူတွေ၊ အလှူအတန်းမင်္ဂလာဆောင်တွေရှိလို့ ရွှေငွေလက်ဝတ် ရတနာတွေ သွားငှားကြရင်တောင်၊ ရကြတယ်လို့ဆိုကြတာပဲ"

"ဟာ ... ထူးဆန်းလှချည်လား ဦးတိုက်ဦး"

"ပြောကြတာပဲ စောခွန်နောင်။ နောက်တော့ ငှားတဲ့လူတွေက သစ္စာမရှိပြန်မပေးကြတော့လို့ နေရာရှာမတွေ့ အမြင်ကွယ်သွားတယ်လို့ ဆိုကြပါတယ်။ အဝင်ဝ မတွေ့တော့ မသွားကြတော့ဘူးလို့၊ ဟိုတုန်းက သိပ်လူပြောခဲ့ကြတယ်"

"တကယ်ထူးဆန်းတာပဲ၊ အဲဒါမျိုးဒီတစ်ခါပဲ ကြားဖူးတယ်"

"ဟိုး ... တုန်းကဆိုရင် ရွှေငွေလက်ဝတ်စားတွေလဲ ငှားလို့ရတဲ့အပြင်၊ နွားကျောင်းသားလေးတွေ ရောက်သွား



ရင် အစားအသောက်တွေ ကျွေးလိုက်ကြသေးတယ်လို့ ပြောကြပါတယ်။ ဒါပေမယ့် ဦးတိုက်ဦးကတော့ တစ်ခါမျှ မကြုံဖူး မတွေ့ခဲ့ဖူးဘူး။ လူတွေပြောလို့သာ သိရတာပါ"

"စောခွန်နောင်ကတော့ "ခုနစ်ခွေတောင်နဲ့ ခုနစ်ခွေတောင် လွမ်းစေတီဘုရားအောက်မှာရှိတဲ့ ကျောက်လိုဏ်းဂူကြီးထဲကို ခဏခဏရောက်ဖူးတယ်" အဲဒီအထဲမှာ အင်မတန်ချော အင်မတန်လှပတဲ့ ညီအစ်မခုနစ်ဖော်နဲ့ ခဏခဏ တွေ့ရလို့ သိပ်ခင်ပါတယ်။ အငယ်ဆုံး အထွေးဆုံးလေးရဲ့ နာမည်က "မြစံပယ်"လို့ ခေါ်ပါတယ်။ သူမရဲ့ ညာဘက်ပါးပြင်ပေါ်မှာ စံပယ်တင်မှဲ့နက်လေးတစ်လုံးပါတယ်။ ရယ်လိုက်တိုင်း ပြုံးလိုက်တိုင်း၊ ပါးချိုင့်လေးနဲ့ သိပ်လှ သိပ်ချစ်စရာကောင်းပါတယ်။ စောခွန်နောင် အဲဒီကို ခဏ ခဏရောက်ဖူးပါတယ် ဦးတိုက်ဦး"

www.burmeseclassic.com

www.burmeseclassic.com



ဦးတိုက်ဦးတစ်ယောက် စောခွန်နောင် "ခုနစ်ခွေတောင်နှင့်ခုနစ်ခွေတောင် လွှမ်းစေတီဘုရားအောက်ရှိ ကျောက်လိုဏ်ဂူကြီးထဲသို့ ရောက်သွားသည်"ကို ကြားရသောအခါ၊ မျက်လုံးပြူး မျက်ဆန်ပြူးနှင့် အံ့သြလျက် မယုံနိုင်ခြင်းများစွာဖြင့် -

"စောခွန်နောင်၊ ခုနစ်ခွေတောင်နဲ့ ခုနစ်ခွေတောင်လွှမ်းစေတီဘုရားအောက်က ကျောက်လိုဏ်ဂူကြီးထဲကို ခဏခဏရောက်ဖူးတယ်ဆိုတာ ဟုတ်ရဲ့လား စောခွန်နောင်။ သိပ်ဘေးအန္တရာယ် များပါတယ်၊ ဦးတိုက်ဦးတို့တော့ မယုံရတစ်ခက် ယုံရတစ်ခက်ပါလား"

"ဦးတိုက်ဦးက စောခွန်နောင်ကျောက်လိုဏ်ဂူကြီးထဲကို ခဏခဏရောက်နေပါတယ်ဆိုတာ မယုံဘူးလား၊ ဦးတိုက်ဦး မယုံမရှိနဲ့ စောခွန်နောင်၊ အိပ်မက်ထဲမှာ ခဏခဏရောက်နေပါတယ်။ မနေ့ညကတောင် အိပ်မက်ထဲမှာ ထပ်ရောက်ခဲ့ပါသေးတယ်။ စောခွန်နောင် တစ်ယောက်



တည်းပါ။ ဒီပြင်လူမပါဘူး" ဟု ပြောလိုက်မှ မယုံနိုင်ခြင်းများစွာဖြင့် အံ့သြနေသူ ဦးတိုက်ဦးက-

"အော် . . . ဒါဆိုရင်ဖြစ်နိုင်တယ်။ ဦးတိုက်ဦး မှားသွားလို့ပါ။ ယုံပါတယ်။ ဦးတိုက်ဦး ယုံပါပြီ စောခွန်နောင်"ဟု ပြန်ပြောလိုက်သည်။ ဦးတိုက်ဦးသည် ဦးခန်းလျှန် ခဏခဏပြောထားခဲ့ဖူးသောကြောင့်၊ စောခွန်နောင် တစ်ယောက် ခေတ်ပညာတတ်ကြီးတစ်ယောက် ဖြစ်လင့်နေကစား -

၁။ အိပ်မက်မက်ပြီးလျှင် အိပ်မက်ကို အစွဲအလန်းကြီး၍ "ဟယ်လ်လူစီနေးရှင်း(Halluci- nation) ခေါ် တကယ်မရှိသောအရာကို ရှိသည်ဟု ထင်မြင်တတ်သော အာရုံမှားစွဲလန်းမှုရောဂါ"

၂။ "စကစ်ဇို ဖရီနီးယား(Schizophreria) ခေါ် စိတ်ကစင့်ကလျားရောဂါ" နှင့်

၃။ "ဟိုက်ပိုးမီးနီးယား(Hy-pomenia)ခေါ် ဘဝမြင်

www.burmeseclassic.com

www.burmeseclassic.com



ရောဂါ” မျိုးများ မသိမသာရှိသူဖြစ်နေကြောင်း ကြိုတင်သိထား၏။

“စောခွန်နောင်က အိပ်မက်ထဲမှာ တွေ့ရမြင်ရတာ မကျေနပ်လို့ ခုနစ်ခွေတောင်ကို ခဏခဏ လာတာ တစ်ခါမှ မတွေ့ရဘူး၊ အဖော်ပါလာလို့ပဲလား၊ ဒါမှမဟုတ်ရင် လသာည၊ တစ်ယောက်တည်း မလာလို့ မတွေ့တာလားလို့၊ သိပ်စဉ်းစားစရာဖြစ်နေပါတယ်။ ညမိုးချုပ်သန်းခေါင်ယံလောက်မှာ ဘယ်သူ့ကိုမှမခေါ်ဘဲ တစ်ယောက်တည်း လာရမလားလို့ စိတ်ကူးနေတယ်”

“ဟေ့ . . . စောခွန်နောင် အရမ်းအရမ်း မလုပ်နဲ့၊ ခုနစ်ခွေတောင် ဟိုဘက်အဆင်းက ကိုးလောင်းကွေ့ဟာ သိပ်ကြမ်းတယ်။ သိပ်လူစားတယ်။ ညမပြောနဲ့ နေ့ခင်းကြောင်တောင်တောင် ကားသမားတိုင်းဖြတ်မဆင်းရဲကြဘူး။ မလုပ်လိုက်ပါနဲ့ စောခွန်နောင်”

“ဦးတိုက်ဦးက သိပ်စိုးရိမ်တတ်တာပဲ။ အိပ်မက်ထဲရောက်နေကျပါ”



“မင်းက မိုင်းယောင်း မဟာစော်ဘွားကြီး စပ်ခွန်မိုင်းနဲ့ မယ်မယ်ဘုရား သီရိစန္ဒာ မဟာဒေဝီကြီးရဲ့ တစ်ဦးတည်းသောသား ဆိုတာကိုလည်း သတိထားပါဦး စောခွန်နောင်”

“ဦးတိုက်ဦးကလဲ စောခွန်နောင်က ကလေးမဟုတ်တော့ပါဘူး။ အသက်(၂၇)နှစ်တောင်ရှိနေပြီပဲ။ စောခွန်နောင်က “ဆေးသိပ္ပံနယ်လွန် ( **Beyond Medical Science**) ဖြစ်ရပ်ဆန်းတွေကို သိပ်စိတ်ဝင်စား လေ့လာနေတာပါ ဦးတိုက်ဦးရဲ့။ ကဲ . . ပြန်တော့မယ်နော်” ဟု ပြောဆိုနှုတ်ဆက်ပြီး၊ အနီရဲရဲရောင် အမိုးဖွင့်အမိုးချ တံခါးနှစ်ပေါက် မာစီးဒီးစပို့စ်ကား အသစ်တစ်စင်း ကျိုက်မရောဈေးရှေ့မှ အရှိန်ပြင်းစွာဖြင့် မောင်းထွက်သွားလေတော့၏။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



( ၂ )

တစ်ညသော လသာသာ ညဥ့်သန်းခေါင်ယံအချိန်တွင် စောခွန်နောင်တစ်ယောက် ရေမိုးချိုး အဝတ်အစားလဲ၍ အပြင်ထွက်ရန်ပြင်ဆင်နေစဉ်၊ ဦးခန်းလျှန်က -

"ဟော့ ‥ စောခွန်နောင်၊ ညကြီးမိုးချုပ် ၁၂နာရီတောင် ထိုးနေပြီ။ ဘယ်ကို သွားမလို့လဲ။ အချိန်မတော် ညကြီး သန်းခေါင်။ အသွားအလာလဲ ဆင်ခြင်ပါဦး"



"ဟာ ‥‥ ဦးခန်းလျှန်ကလဲ၊ ဒီနားတင်လေးပါ၊ သိပ်မဝေးပါဘူး။ ကျိုက်မရောနားက ခုနစ်ခွေတောင်ထိပ်၊ ခုနစ်ခွေတောင် လွှမ်းစေတီဘုရားဘေးက ကျောက်ဖြာကြီးပေါ်မှာ လသာသာ သွားထိုင်မလို့"

"ဒီလောက်ဝေးပြီး၊ ဒီလောက်မိုးချုပ်နေတာပဲ ‥ စောခွန်နောင်"

"ကားနဲ့သွားရင် ခဏလေးပါ။ လသာတုန်း မော်လမြိုင်တောင်ကုန်းပေါ်က ဦးဇိနဘုရားဟာ၊ မန္တလေးရသေ့ကြီး ဦးခန္တိ မဟာမြတ်မုနိဘုရား၊ အလယ်တိုင်စေတီဘုရားထက် ပိုသာယာတယ်။ လသာသာ မရောက်ဖူးသေးလို့ စောခွန်နောင် တစ်ယောက်တည်း ညီအစ်မခုနစ်ဖော်နဲ့ တွေ့မလားဆိုပြီး သွားတာပါ။ အဲသည် ညီအစ်မခုနစ်ဖော်ဟာ စောခွန်နောင်နဲ့ သိပ်ခင်တယ်။ နောက် ညီအစ်မ, ခုနစ်ဖော် ဘုရားရုပ်ပွားတော်(၇)ဆူပါ ပူဇော်ဖို့ပေးဦးမှာတဲ့ ဦးခန်းလျှန်"

www.burmeseclassic.com

www.burmeseclassic.com



"စောခွန်နောင် တကယ်ခက်ပါလား။ ဦးခန်းလျှန်မှာ တာဝန်ရှိတယ်နော်၊ မသွားခင် သမားတော်ကြီး ဒေါက်တာ အောင်ခင်နဲ့ ဒေါက်တာကျော်တင့်တို့ ပေးထားတဲ့ဆေးကို သောက်သွားဦး။ ခုနစ်ခွေတောင်၊ ညီအစ်မခုနစ်ဖော်က ဘယ်သူတွေတုန်း၊ နာမည်က ဘယ်သူတွေလဲ။ စောခွန်နောင် ဘယ်တုန်းကရောက်ပြီး ဘယ်လိုသိခဲ့ကြလဲ၊ ဦးခန်းလျှန်လည်း မသိရပါလား"

"စောခွန်နောင် ခုနစ်ခွေတောင်နဲ့ ခုနစ်ခွေတောင် လွမ်းစေတီဘုရားအောက်က ကျောက်လိုဏ်ဂူကြီးထဲကို ခဏခဏ ရောက်ဖူးနေပါတယ်။ အဲဒီမှာရှိတဲ့ ညီအစ်မ ခုနစ်ဖော်လည်း သိပ်ခင်ပါတယ်။ ညီအစ်မခုနစ်ဖော်ရဲ့ နာမည်တွေက မြပဒုမ္မာ၊ မြသရဖီ၊ မြသဇင်၊ မြမဥ္ဇူ၊ မြခွာညို၊ မြနှင်းဆီနဲ့ မြစံပယ်တို့ဖြစ်ကြတယ်။ အဲဒီအထဲမှာ အငယ်ဆုံးလေး၊ အထွေးဆုံးဖြစ်တဲ့ မြစံပယ်ဟာ အချောဆုံး အလှဆုံး အယဉ်ဆုံး၊ ပါးချိုင့်လေးနှစ်ဖက်ပါတဲ့အပြင် စံပယ်တင်မှဲ့လေးတစ်လုံး ညာဘက်ပါးမှာပါတယ်။



စောခွန်နောင် ခဏခဏ ရောက်နေကျပါ။ ဦးခန်းလျှန် မသိမယ့်သာ မသိတာကိုး၊ အမြဲရောက်ပါတယ်"

"ဟာ ... ဘယ်တုန်းကရောက်လဲ။ စောခွန်နောင် ကျောက်လိုဏ်ဂူကြီးထဲကို ရောက်သွားတာ ဦးခန်းလျှန် ယုံဝမယုံဘူး။ မင်းနားမှာ ဦးခန်းလျှန် အမြဲရှိနေတာပဲ။ စိတ်ကောင်းကောင်းထားစမ်းပါ။ စိတ်ကစဉ့်ကလျားဖြစ်ပြီး စိတ်တွေ ဂယောင်ချောက်ချားဖြစ်လာပြီ ထင်ပါရဲ့ စောခွန်နောင်"

"ဟာ ... ဦးခန်းလျှန်က စောခွန်နောင်ကို အထင်သေးလိုက်တာ၊ စောခွန်နောင် ခုနစ်ခွေတောင်နဲ့ ခုနစ်ခွေတောင်လွမ်းစေတီဘုရားအောက်က ကျောက်လိုဏ်ဂူကြီးထဲကို ခဏ ခဏ အိပ်မက်ထဲမှာရောက်ခဲ့ပါတယ်။ မော်လမြိုင်ကို မပြောင်းလာခင်ကတည်းက အိပ်မက်ထဲမှာ ရောက်နေကျ၊ ဦးခန်းလျှန် မယုံဘူးလား"

ဟု မေးလိုက်ရာ၊ ဦးခန်းလျှန်တစ်ယောက် တအံ့တသြ ဖြစ်ရင်း -

www.burmeseclassic.com

www.burmeseclassic.com



"အော် ... အိပ်မက်ထဲမှာရောက်ခဲ့တာကိုး၊ ဦးခန်းလျှမ်
ယုံပါပြီ စောခွန်နောင်။ ကဲ ... ဆေးသောက်ပြီးလိုလ
မည်မည် အိုက်စံကိုအဖေါ်ခေါ်သွား။ ညကြီးမိုးချုပ် ကားဘီ
ပေါက်၊ ဆီပိတ်နေရင် ဒီကောင်ကြီးကို ခိုင်းလို့ရအောင်
ခေါ်သွား"

"ဟုတ်ကဲ့ပါ။ ဦးခန်းလျှမ်း ဆေးသောက်ပြီး အိုက်စံ
သွားတော့မယ်"

"အေး ... ကောင်းတယ်၊ ကားကို ညကြီးမိုးချု
ဖြည်းဖြည်းမောင်း၊ အိုက်စံမောင်းခိုင်းတိုင်း ကားကို အရ
မမောင်းနဲ့။ ဒီကောင်ကြီးက မင်းလိုမဟုတ်ဘူး။ ဗလကြ
အားကိုးပြီး မိုက်ကန်းကန်း တစ်ဇွတ်ထိုးသမားကြီးကွ"

ဟု သတိပေးမှာလိုက်၏။ စောခွန်နောင် ဆေးသော
ပြီးသည်နှင့် ဗလကြီးအိုက်စံနှင့် နှစ်ယောက်သား အနီ
ရောင် မာစီးဒီးကားဖြင့် "မောသဇင်မြိုင်"ခြံကြီးမ
မောင်းထွက်သွားကြလေ၏။ ဦးခန်းလျှမ်းမှာမူ စောခွန်နေ
တစ်ယောက် အိပ်မက်မက်၍ အိပ်မက်ကို အစွဲလန်း



မားကာ "ဟယ်လ်လူစီနေရှင်း( Hallucination) ခေါ်
တကယ်မရှိသောအရာကို ရှိသည်ဟု ထင်မြင်တတ်သော
အာရုံမှာ စွဲလန်းမှုရောဂါ" တက်လာပြီကို သတိထား
လိုက်မိ၏။

နှစ်ယောက်သား ခုနစ်ခွေတောင်သို့ မောင်းတက်လာ
ပြီး ကားရပ်ထားလိုက်၏။ စေတီဘေးကျောက်ဖျာကြီး
တစ်ချပ်ပေါ် လသာသာအောက် ထိုင်နေကြစဉ် လွမ်းစေတီ
ဘုရားပျက် ကောင်းကင်ယံမှ ငှက်ဆိုးနှစ်ကောင်၊ တစ်
ကောင်ပြီးတစ်ကောင် "ဂီး"ခနဲ "ဂီး"ခနဲ ရှုးရှုးရှရှ ထိုးအော်
ရင်းပျံသွားကြ၏။ ငှက်ဆိုးထိုးသံကြားရပြီးနောက်၊ စောခွန်
နောင်တို့ ထိုင်နေသောနေရာတစ်ဝိုက် စံပယ်ပန်းနံ့များ၊
စံပယ်ကြက်ရှန်းပန်းနံ့များ မွှေးနေ၏။ လေတိုက်တိုင်း
မွှေးနေ၏။ ငွေလရောင်ကလည်း ထိန်ထိန်သာ၊ စံပယ်
ကြက်ရှန်းပန်းနံ့များကလည်း ကြိုင်ကြိုင်မွှေးနေချိန်ဝယ်
"ဒိန်း" ခနဲ အသံမြည်ဟိန်းသွားပြီးနောက်၊ ခုနစ်ခွေတောင်
တစ်တောင်လုံး လျှင်လှုပ်သည့်ပမာ သိမ့်သိမ့်တုန်ခါ

www.burmeseclassic.com

www.burmeseclassic.com



သွား၏။ ခလာအကြာတွင် "ဟင်း"ခနဲ သက်ပြင်းရှည်ကြီးချသံကို နှစ်ယောက်သား အတိုင်းသား ကြားလိုက်ရ၏။

စောခွန်နောင် ထိုင်ရာမှထ၍ ဘေးပတ်ဝန်းကျင်သို့ လှျောက်ကြည့်သောအခါ၊ တောင်ခြေသို့ ထိုးဆင်းသွားသည့် ချုံတိုးသံကို ကြားလိုက်ရပြီး၊ ရွှေကျင်ခပ်ပဝါတစ်ထည် ချုံနှင့်ငြိကျန်ခဲ့သည်ကို တွေ့ရ၏။ သို့သော် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရချေ။

ငြိကျန်ရစ်ခဲ့သော ရွှေကျင်ခပ်ပဝါကို ယူကြည့်လိုက်ရာ၊ စံပယ်ကြက်ရန်းပန်းနံ့များ တစ်ထည်လုံးသင်းပျံ့မွှေးကြိုင်နေပြီး၊ ထောင့်စွန်းတစ်နေရာဝယ် အသည်းပုံအတွင်း ရွှေစာလုံးဖြင့်မဟာဆန်ဆန် ရေးစာလုံးဖြင့် "သစ္စာရှင်"ဟု ရေးထိုးထားသည်ကို တွေ့ရ၏။ စောခွန်နောင် ရူးရူးစိုက်စိုက်ကြည့်နေပြီး၊ မိမိ၏လည်ပင်းတွင် ရစ်ပတ်ထားလိုက်၏။ ဗလကြီးအိုက်စံက -



"ဆရာလေး ... အခုရတဲ့ ပဝါဟာ မွှေးပြီးထူးဆန်းလိုက်တာ၊ ဒီခုနစ်ခွေတောင်အကြောင်းနဲ့ ဒီလွမ်းစေတီဘုရားအကြောင်း သိသမျှ ပြောပြပါ၊ ဆရာလေး၊ အိုက်စံရောက်သာရောက်နေတယ်၊ ဘာမှ သေသေချာချာ မသိဘူး"

"ဒီတောင်ကို လမ်းကွေ့ခုနစ်ကွေ့ အတက်အဆင်းရှိလို့ ခုနစ်ခွေတောင် တချို့သိကြတယ်။ ဒါပေမယ့် ဟိုတုန်းက မြွေကြီးခုနစ်ကောင်တောင်ထိပ်မှာ ခွေခွေနေကြလို့ ခုနစ်ခွေတောင်လို့ ခေါ်ကြတယ်။ ဒီတောင်မှာရှိတဲ့ စေတီလေးကို "ခုနစ်ခွေတောင်လွမ်းစေတီဘုရား"လို့ ခေါ်ကြတယ်။ ဟိုး . . တုန်းက "ကိုယ်ရံတော်တပ်မှူးလေးစောသီဟနောင်နဲ့ ညီအစ်မခုနစ်ဖေါ်တို့ရဲ့" ကြေကွဲလွမ်းချစ်ဖွယ်ရာ ဇာတ်လမ်းလေးကို မှတ်တမ်းတင်ထားသလို ကမ္ဘာတည်သရွေ့ မမေ့နိုင်ကြမယ့် လွမ်းစေတီလေး ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာလေး သိပ်စိတ်ဝင်စားစရာကောင်းတာပဲ၊ ဆက်ပြောပါဦး"

"ကိုယ်ရံတော် တပ်မှူးလေး စောသီဟနောင်ကို ညီအစ်မခုနစ်ဖော်လုံးက ချစ်ကြတယ်။ ဒါပေမယ့် အငယ်ဆုံး အထွေးဆုံးဖြစ်တဲ့ မြစံပယ်လေးနဲ့ စောသီဟနောင်တို့ဟာ တိတ်တခိုးချစ်နေကြတယ်။ ကျန်တဲ့ အစ်မခြောက်ယောက်ကလည်း မသိတဲ့နဲ့ ချစ်နေရက်ပဲ။ ဒီခုနစ်ခွေတောင်ရဲ့အောက်မှာ ကျောက်လိုဏ်ဂူကြီးရှိတယ်။ အဲဒီကျောက်လိုဏ်ဂူကြီးရဲ့ အလယ်တည့်တည့်မှာ နဂါးခုနစ်ကောင်ခွေနေတဲ့အပေါ်မှာ "ရွှေသား နဂါးရုံဘုရားတစ်ဆူ" ရှိတယ်။ အဲဒီရွှေသား နဂါးရုံဘုရားကနေ "ဆံတော်(၁၁)ဆူ ဌာပနာထားတဲ့ ကျိုက္ခမီရေလယ်ဘုရားအောက်အထိ" လိုဏ်လမ်းပေါက်နေတယ်။ ကျိုက္ခမီရေလယ်ဘုရားအောက်မှာ "နဂါး(၁၁)ကောင် နဂါးရုံဘုရားတစ်ဆူရှိတယ်" အိုက်စံရဲ့၊ ဒါကို လူတိုင်းမသိကြဘူး၊ သိတဲ့ပညာရှင်က သိပ်နည်းပါတယ် အိုက်စံ"



"ဆရာလေးကရော၊ ဒါတွေကို ဘယ်လိုလုပ် သိတာလဲ ဆရာလေးရဲ့"

"ဟ . . . အိုက်စံ။ တို့က အိပ်မက်ထဲမှာ ခဏခဏ ရောက်ပြီး မက်နေလို့သိတာပဲ။ နောက်သိရတာက -

၁။ မော်လမြိုင် ပြည်ကျောင်းဆရာတော် ဦးကလျာဏ

၂။ သံဖြူဇရပ် မြသိမ်ကျောင်းဆရာတော် ဦးကောသလ

၃။ မုဒုံလက်ခတ်တောင် ဘေးမဲ့ဆရာတော် ဦးပဒုမသာမညရယ်၊

၄။ အင်းတကော် တောင်ကိုးလုံး ဘေးမဲ့ဆရာတော် ဦးစန္ဒာဝရရယ်၊

အဲဒီလေးပါး ပြောပြလို့လဲ သိရတာပဲ အိုက်စံ"

"ဟာ . . . ဆရာလေးရဲ့ ဆရာတော်ကြီးတွေဟာ ဒိတ်ဒိတ်ကြဲ ဆရာတော်ကြီးတွေပဲ။ ဆက်ပြောပါဦး ဆရာလေး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် အခုခုနစ်ခွေတောင် လွှမ်းစေတီဘုရားမှာ ညီအစ်မခုနစ်ပေါ် မရှိတော့ဘူး။ ခြောက်ပေါ်ပဲရှိတော့တယ်။ တစ်ယောက်လျော့နေတယ်လို့ တို့ အိပ်မက်ထဲမှာ မက်လို့ သိရတယ်။ လျော့နေတဲ့တစ်ယောက်က အငယ်ဆုံး အထွေးဆုံးလေး"

"ဆရာလေး ... ဒီခုနစ်ခွေတောင်လွှမ်းစေတီဘုရားဟာ ဆရာလေးနဲ့ဆိုင်တယ်ဆိုရင် ပြင်ပါလား။ ဆရာလေးမှာ (၁) မော်လမြိုင်ပြည်ကျောင်း ဆရာတော် ဦးကလျာဏရယ် (၂) သံဖြူဇရပ်မြသိမ်ကျောင်း ဆရာတော် ဦးကောသလရယ်

(၃) မုဒုံလက်ခတ်တောင် ဘေးမဲ့ဆရာတော်ဦးပဒုမ သာမညရယ်

(၄) ရန်ကုန် အင်းတကော် တောင်ကိုးလုံး ဆရာတော်ဦး စန္ဒာဝရ လေးပါးတောင်ရှိနေကြတာပဲ။ ဘာကြောက်စရာလိုလဲ၊ နောက်ကျောက်စာတိုင် အောက်မှာပါတဲ့ "စော



သီဟနောင်"ဆိုတာလည်း ဆရာလေး စောခွန်နောင်ပဲ ဖြစ်ကိုဖြစ်ရမယ်"

"ဟာ ... အိုက်စံ မင်းဟာဗလကောင်းသလောက် အကြံကောင်း၊ ဉာဏ်ကောင်းတွေထွက်လို့ပါလား။ ဒီနေရာမှာ ဦးခန်းလျှန်ထက် အိုက်စံပေးတဲ့အကြံကောင်း ဉာဏ်ကောင်းဟာ ရွှေနဲ့ချိန်ဆက်ပြီး အဖိုးတန်လိုက်တာ။ ပြောနေရင်ကြာပါတယ်။ ဘယ်သူ့ဆီမှာမှ အလှူငွေလိုက်ကောက်မခံတော့ဘဲ၊ ကိုယ့်ငွေနဲ့ကိုယ် ဒီစေတီလေးကို အမြန်ဆုံးပြင်တော့မယ်။ ဘဝစည်း၊ ဘဝဆက်၊ ပညာစည်း ပညာဆက်၊ ပဋ္ဌာန်းစည်း ပဋ္ဌာန်းဆက်၊ ကုသိုလ်ရေစက်ပါတဲ့သူတွေရှိရင် ကံမကုန်သေးရင် ခုနစ်ခွေတောင်လွှမ်းစေတီဘုရားလေးမှာ ပြန်ဆုံကြရမှာပေါ့ သုံးဆယ့်တစ်ဘုံသားတို့ရယ်"

ဟု စောခွန်နောင်တိုင်တည်လိုက်၏။ တစ်တောင်လုံး လေပြေလေညှင်းတိုက်ခတ်နေချိန်ဝယ်၊ နှင်းဆီပန်းနံ့ သင်းပွယ်၊

www.burmeseclassic.com

www.burmeseclassic.com



စံပယ်ပန်းနံ့သဖွယ်၊ မွှေးကြိုင်သင်းပျံ့နေ၏။ လသာသာ ငွေလရောင်အောက်ဝယ် ဝေးရာအရပ် တစ်နေရာရာမှ စောင်းသံလေးကို သဲ့သဲ့ကြားနေရ၏။ လွမ်းသူစောင်းသံလေးများပင် ဖြစ်နေလေရော့သလားဟု ထင်ယောင်မှားစရာ ဖြစ်နေ၏။

□□□



( ၃ )

စောခွန်နောင်သည် အင်္ဂါသားပီပီ လုပ်မည်ဆိုငွတ်၊ သွားမည်ဆိုငွတ်၊ ချစ်မည်ဆိုငွတ်၊ လှူမည်ဆိုငွတ် တားမနိုင်ဆီးမရဖြစ်လာ၏။ ကျိုက်မရောမြို့မှ ရဲအရာရှိဟောင်း ဦးတိုက်ဦး၊ ဦးဘနီ၊ ဦးစောဦး၊ ဒေါ်ဖွားသစ်၊ ဒေါ်အမာလေးတို့ ဦးဆောင်လျက် မော်လမြိုင်မြို့ ကတိုးဦးမြတ်လေးတို့နှင့်အတူ ခုနစ်ခွေတောင် လွမ်းစေတီဘုရားအား ပြုပြင်မွမ်းမံ ပြင်ဆင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တပေါင်းလပြည့် အင်္ဂါနေ့နံနက် ၉နာရီ ၉မိနစ်၊ ၉စက္ကန့် တိတိအချိန်တွင် ရွှေထီးအထွဋ်တင် လှူတော်မူ၏။ ဘုရားအနေကဇာကို မော်လမြိုင်မြို့ ပြည်ကျောင်းဆရာတော် ဦးကလျာဏ၊ သံဖြူဇရပ် မြသိမ်ကျောင်းဆရာတော် ရွှေစင်ဦးကောသလ ၊ မုဒုံဂုံးဂုံးကျ ဆရာတော်ဘုရားကြီးနှင့် မုဒုံ လက်ခတ်ဆရာတော် ဦးပဒုမသာမညတို့ ဦးဆောင်စီမံတော်မူကြ၏။

ပင့်သံဃာတော်များအား ဆွမ်းကပ်၊ သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ် အပြည့်အစုံ လှူဒါန်းပြီး၊ ရေစက်ချအမျှဝေကာ ကျွေးမွေးညေ့ခံ ပြီးဆုံးသွား၏။ ပြည်ကျောင်းဆရာတော် ဦးကလျာဏက ကျောက်ဖျာထက်တက်၍ ခြေစုံရပ်လျက် နေမင်းကို မော်ကြည့်ရင်း -

၁။ သဗ္ဗဗေယျ မင်္ဂလ ဂါထာတော်(၁၀)ခေါက်၊

၂။ မေတ္တသုတ်၊

၃။ အပြင် အောင်ခြင်းရှစ်ပါးအရှည်၊



၄။ အတွင်းအောင်ခြင်းရှစ်ပါးအရှည်၊

၅။ ရတနာရွှေချိုင့် ဂါထာတော်ကြီးနှင့်၊

၆။ ပဋ္ဌာန်းဗေယ မွန္တာန်(၁၄) ဂါထာတော် (၉)ခေါက်၊ ရွတ်ဖတ်သရဇ္ဈာယ်ပြီး၊ စောခွန်နောင်အား ကြည့်ရင်း -

"ဒကာလေး စောခွန်နောင်၊ တူသောအကျိုး မြတ်သော အကျိုးပေးတော့မယ်"

"မှန်လှပါ အရှင်ဘုရား" ဟု ပြန်လျှောက်တင်၏။ စောခွန်နောင်သည် ဆရာတော်တို့အား အသီးသီးပြန်လိုက်ပို့လိုက်သည်။ လှူဖွယ်ဝတ္ထု ကိစ္စအဝဝ အားလုံးပြီးဆုံး၍ အသီးသီးပြန်သွားကြသော်လည်း ရွှေထီးတဝင်းဝင်းနှင့် ဆုံသင်္ကန်းဖြူဖြူဖွေးဖွေး ကပ်ထားသော ခုနစ်ခွေတောင် ဆွမ်းစေတီဘုရား အင်္ဂါထောင့်မှ အသည်းပုံ စံပယ်ကုံး နားကုံးကို စေတီပစ္စယာထက်တွင်ကပ်ထားရင်း ပုတီးစိပ် နေသူ မိန်းမသားတစ်ဦးအား တွေ့ရ၏။ သူမသည် အသက် (၁၀)နှစ်အရွယ် အသားဖြူဖြူချောချောလှလှ မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်သည်။ သူမအား ကျိုက်မရော ဦးတိုက်ဦးက ခင်ခင်မင်မင် ရှင်းရင်းနှီးနှီး -

"ဟဲ့ ... မစံပယ်ခင်၊ အိမ်မပြန်သေးဘူးလား။ ပြန်တဲ့သူတွေကပြန်သွား ကုန်ကြပြီ။ သိပ်မှောင်ရင် မကောင်းဘူး။ အိမ်က သိပ်စိတ်ပူနေပါဦးမယ်" ဟု ပြောလိုက်ရာ သူမက -

"ရပါတယ် ဦးလေး ဦးတိုက်ဦး" ဟု ပြန်ပြောစဉ် ဦးတိုက်ဦးက စောခွန်နောင်ဘက်သို့ လှည့်၍ -

"ဟော့ ... စောခွန်နောင်။ အဲဒါ မစံပယ်ခင်ဆိုတာ သူပေါ့။ ခုနစ်ခွေတောင်ခြေမှာ အမေမုဆိုးမကြီးနဲ့ အမေ တစ်ခု သမီးတစ်ခု၊ နွားတွေမွေး၊ ခြံလုပ်စားရင်းနဲ့ နေနေကြတာ။ သူကတော့ ခုနစ်ခွေတောင်က လွမ်းစေတီ ဘုရား အင်္ဂါထောင့် ပစ္စယာပေါ်မှာအမြဲ စံပယ်ပန်း သုံးကုံးကို အသည်းပုံလှူပြီး ဆုတောင်းနေတဲ့ မစံပယ်ခင် ပေါ့ စောခွန်နောင်" ဟု ဦးတိုက်ဦးက ပြောလိုက်ရာ စောခွန်နောင် တအံ့တဩ ဖြစ်ရင်း -



"ဟာ ... လက်စသတ်တော့ မစံပယ်ခင်က စံပယ်ပန်း သုံးကုံးကို အမြဲလာလှူနေတာကိုး။ ဒီလောက်တောင် လှူပြတ်တဲ့ ခုနစ်ခွေတောင်တိပ်တစ်ယောက်တည်း တက် လာတာ မစံပယ်ခင် မကြောက်ဘူးလား"

"ညီမလေး မစံပယ်ခင်က မကြောက်ပေါင် အစ်ကို နောင်။ ဘဝက ဘဝဆက် ပတ္တာန်းဆက်ပါခဲ့တဲ့သူပါရှင့်။ မစံပယ်ခင်က ခုနစ်ခွေတောင်ထိပ် လွမ်းစေတီဘုရားမှာ ဘဝဟောင်းက စောသီဟနောင်ကို လာစောင့်နေပါတယ်။ စောသီဟနောင်နဲ့ဘဝဆက် ဆုထူးပန်နှစ်ခွေတောင်က ညီအစ်မခုနစ်ဖော်နဲ့ လွမ်းစေတီဘုရား ပြုပြင်မွမ်းမံ ပြီးစီးမယ့်နေ့ကို စောင့်နေရလို့ပါ။ အခုမှ အလိုပြည့် စိတ်ချမ်းသာသွားရပါတယ်။ ဦးလေး ဦးတိုက်ဦးရဲ့"

ဟု ပြောလိုက်ရာ ဦးတိုက်ဦးက စောခွန်နောင်၏ ဘက်သို့လှည့်ရင်း -

"စောခွန်နောင်၊ မစံပယ်ခင်ရဲ့ အမေမုဆိုးမကြီး အိုကြီးနဲ့ ဦးတိုက်ဦးတို့ဟာ မောင်နှမတစ်ဝမ်းကွဲ တော်

www.burmeseclassic.com

www.burmeseclassic.com



ကြတယ်။ မစံပယ်ခင်ကလည်း စောခွန်နောင်လိုပဲ၊ ခုနစ်ခွေတောင်နဲ့ ခုနစ်ခွေတောင်ထိပ် လွမ်းစေတီဘုရားအောက်မှာ နဂါးခုနစ်ကောင်ပါတဲ့ နဂါးရုံရွှေရုပ်ပွားတော် တစ်ဆူရှိတယ်လို့ ခဏခဏ အိပ်မက်မက်တယ်။ အဲဒီလိုအိပ်မက်ထဲမှာလည်း၊ ညီအစ်မခုနစ်ယောက်ရှိတယ်လို့လည်း ပြောတယ်။ ညီအစ်မခုနစ်ယောက်ရဲ့နာမည်တွေက မြပဒုမ္မာ၊ မြသရဖီ၊ မြသဇင်၊ မြမဥ္ဇူ၊ မြခွာညို၊ မြနှင်းဆီနဲ့ မြစံပယ်တို့ဖြစ်ကြတယ်ဆိုတာ အိပ်မက်ထဲမှာ ခဏခဏမက်ပြီး စောခွန်နောင်လို့ သိနေတယ်။ လွမ်းစေတီဘုရား အင်္ဂါထောင့်မှာ အသည်းပုံစံပယ်ကုံးသုံးကုံး သွားလှူတိုင်း တစ်နေ့က လှူခဲ့တဲ့ ပန်းအနွယ်လေးတွေကို ပြန်ပြန်ယူခဲ့တယ်။ နောက်ပိုင်းကျတော့ စံပယ်ကုံးအနွမ်းတွေကို မတွေ့ရတော့ဘူးတဲ့"

"ဟုတ်ပါတယ် အစ်ကိုနောင်၊ တစ်ခုခုတော့ ထူးနေပြီလို့ ထင်ခဲ့မိပါတယ်ရှင့်။ ထင်ခဲ့တဲ့အတိုင်း စံပယ်ကုံးသုံးကုံးကို တစ်နေ့၊ တောင်အောက်အဆင်းမှာ အစ်ကိုနောင်ယူသွားတာကို တွေ့ရပါတယ်"



"ဟုတ်ပါတယ် အစ်ကိုနောင့်ကို စိတ်ဆိုးလား ညီမလေး"

"ညီမလေး အစ်ကိုနောင်ကို စိတ်မဆိုးရဲပါဘူးရှင့်။ ဒါပေမယ့် ညီမလေးအသက်(၁၆)နှစ်အရွယ်ထဲက မေမေတို့၊ ဦးလေး ဦးတိုက်ဦးတို့ မသိအောင် လိုက်ရှာနေတဲ့ သူတစ်ယောက်ရှိပါတယ်ရှင့်။ သူကတော့ ကျောက်စာတိုင် အကျိုးအပဲ့အောက်ဆုံးမှာ ကမ္ဗည်းရေးထိုးထားတဲ့ ချစ်သူရဲ့ကောင်း "စောသီဟနောင်" ပါ" ဟု ပြောနေစဉ်-

"ဒိန်း"ခနဲ "ဒိန်း"ခနဲ အသံမြည်ဟည်းလာ၏။ ခုနစ်ခွေတောင် တစ်တောင်လုံး မြေငလျင်တုန်လှုပ်သည့်အလား သိမ့်သိမ့်တုန်ခါသွား၏။ ကောင်းကင်ယံထက်ဆီမှ ကြီးပစ်ခွင်းသံကြီးများကို မမျှော်လင့်ဘဲ ကြားနေရ၏။ ခုနစ်ခွေတောင်ထိပ် ကောင်းကင်ပြင်တစ်ပြင်လုံး မိုးသား မီးလိပ်များ အလိပ်လိုက် အလိပ်လိုက် တက်လာကြကာ၊ ပြင်းသော အနောက်တောင် မုတ်သုံလေပြင်း တိုက်

www.burmeseclassic.com

www.burmeseclassic.com



ခတ်လာ၏။ လေပြင်းနှင့်အတူ အခါမဲ့မိုးကြီး အညှိုးကြီးစွာ ရွာသွန်းချလိုက်၏။ အတန်ကြာအောင် မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ပြင်းထန်သော အနောက်တောင် မုတ်သုံလေပြင်း စဲ၍ မြောက်လေပြန်လာ၏။

သုံးဦးသား တအံ့တသြ ဖြစ်နေကြစဉ် အချိန်တွင် ပိန္နဲဆိုးသက်န်းဝတ်ရဟန်းတစ်ပါး ခုနစ်ခွေတောင်၏ အနောက်ဘက်မှ တက်လာပြီး၊ တနင်္ဂနွေထောင့်တွင် ဘုရားရှိခိုးကန်တော့ဝတ်ပြုကာ တောင်၏အရှေ့ဘက်မှ ကွယ်ဆင်းသွား၏။ သုံးဦးသားအင်္ဂါထောင့်မှ ကြည့်နေကြစဉ်၊ ကျောက်ဖျာကြီးပေါ်သို့ လက်မောင်းလုံးခန့်ရှိ ငန်းတော်ကျားမြွေကြီးနှစ်ကောင် ပါးပျဉ်းထောင်တက်လာကြပြီး စေတီတော်၏ ထီးတော်ကို မော်ဖူးနေကြ၏။ အချိန်အတော်ကြာကြာမျှ ကျောက်ဖျာထက် ငြိမ်ငြိမ်သက်သက် နေကြပြီးနောက် ဘေးချုံတောထဲသို့ တိုးဝင်သွားကြ၏။ ဦးတိုက်ဦးက တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလျက် -



"ခုနစ်ခွေတောင်ထိပ်က လွှမ်းစေတီဘုရားသို့ နဂါးမျိုးနွယ် ငန်းတော်ကျား မြွေကြီးနှစ်ကောင်လာဖူးတာ ထူးတယ်။ ချစ်သူမောင်နှံချစ်ကြိုးဆက်ပြီး ချစ်ခင်စုံမက် ဖူးစာဖက် ဖြစ်ကြတော့မယ့် အတိတ်ထူးနမိတ်ထူးပဲ။ သိပ်ကောင်းတဲ့ အယူတော်မင်္ဂလာပဲ" ဟု ပြောလိုက်၏။

ခဏကြာလျှင် စောခွန်နောင်သည် စံပယ်ခင်အား ခုနစ်ခွေတောင်ရှိ မိခင်မှဆိုးမကြီး ဒေါ်ကြေ့ု အိမ်သို့လည်းကောင်း၊ ဦးတိုက်ဦးအား ကျိုက်မရောအိမ်သို့လည်းကောင်း အသီးသီး လိုက်ပို့ကာ လူချင်းခွဲခဲ့ကြ၏။ သို့သော် စောခွန်နောင်တစ်ယောက် ဦးတိုက်ဦး၏ တူမတော်သူ မစံပယ်ခင်မှာ စောခွန်နောင် အိမ်မက်ထဲတွင် မက်၍ မြင်တွေ့နေရသော အိမ်မက်ထဲမှ ညီအစ်မခုနစ်ဖော်တို့၏ အငယ်ဆုံးအတွေးဆုံးသော "မြစံပယ်"နှင့် အလွန်တူသည်ကို တွေ့ရ၏။

အမြွှာပူးဟု ထင်ရသလောက် တူလွန်းလှပေသည်။ မစံပယ်ခင်တွင်လည်း မြစံပယ်ကဲ့သို့ ညာဘက်ပါးပြင်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ထက် စံပယ်တင်မုန့်နက်ကလေးတစ်လုံး ပါနေ၏။ မစံပယ်ခင်အား အိမ်မက်ထဲမှ မြစံပယ် ဝင်စားသည်ဟု စိတ်ထဲတွင် စောခွန်နောင် အစွဲကြီးစွဲနေမိ၏။ စောခွန်နောင်သည် တကယ်မရှိသောအရာကို ရှိသည်ဖြစ်နေသည်ဟု ထင်မြင်တတ်သောအာရုံမှာ စွဲလန်းမှုရောဂါ (Hallucana-tion) ဟယ်လူစီနေရှင်း စိတ်ရောဂါဖြစ်နေသည်ကို ပညာရှိသတိဖြစ်ခဲ့ သတိလက်လွတ်ဖြစ်နေ၏။ မစံပယ်ခင်ကို တွေ့တိုင်း သူမ၏ခေါင်းပေါ်ထက် ဘုရား(၇)ဆူ အမြဲရွက်ထားသယောင် ထင်ယောင်ထင်မှား ဖြစ်နေ၏။

မစံပယ်ခင်၏ စိတ်ထဲတွင်လည်း ကျောက်စာတိုင် အကျိုးအပဲ့၏အောက်ဆုံး၌ ရေးထိုးထားသော နာမည် "စောသီဟနောင်"သည် ခန္ဓာအိုးအိမ်သစ် အကြိမ်ကြိမ် ပြောင်းလာခဲ့သည့် ယခုဘဝတွင် "စောခွန်နောင်" ဖြစ်နေသည်ဟု ယုံ၏။ ဘဝဟောင်း လူဝင်စားဖြစ်သောကြောင့်သာလျှင် ခုနစ်ခွေတောင်လွမ်းစေတီကို ပြန်လည်



မြင်နိုင်သူ ဖြစ်ရသည်ဟု ယုံကြည်၏။ လူတိုင်းတွင် မမျှော်လင့်ဘဲ သဘာဝလွန်အကြောင်းအရာ (Super Natural) နှင့် သိပ္ပံနယ်လွန် (Beyond Science) အစွဲအလန်းကြီးတတ်မှု ရှိတတ်သည်ကို တွေ့ရတတ်၏။

စောခွန်နောင်နှင့် မစံပယ်ခင်တို့နှစ်ယောက် လွမ်းစေတီဘုရားတည်ပြီးမှ ပိုမို ခင်တွယ်လာကြသည်။ မစံပယ်ခင်ကလည်း စံပယ်ကြက်ရုန်းပန်းများ လာလှူချိန်၊ စောခွန်နောင်ကလည်း သဇင်ပန်းများ သစ္စာပန်းများ လာလှူချိန် ဆုံမိနေကြရာကအစ၊ အတွေ့များလာကြ၏။ စောခွန်နောင်တစ်ယောက် သဇင်ပန်း သုံးခက် လက်ဆောင်ပေးနေရာမှ မြပိတုန်းရောင် ဆံကေသာထက် ပန်ပေးရက်သား၊ အခြေအနေထိ ရောက်သွားကြကာ၊ သံယောဇဉ်ကြိုး ချည်မိကြတော့၏။

နှစ်ယောက်သား ဆုံမိကြတိုင်း ကျောက်ဖျာဆီသို့ သွား၊ ငန်းတော်ကျားကြီးနှစ်ကောင် ပါးပျဉ်းထောင်ကာ

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖျာပေါ်တက်နေလေ့ရှိကြ၏။ စောခွန်နော···
သံသယရှိလာသည်နှင့် ဗလကြီးအိုက်စံ၊ အိုက်ပန်း···
ဦးခန်းလျှံတို့ကို ခေါ်လာပြီး ကျောက်ဖျာကြီးအား ···
ယောက်သား မ,ရွှေ့ရလိုက်ကြသောခါ အောက်မှ ကျော···
အိုးနှင့် ထည့်ထားသည့် ရွှေမန်ကျည်းဆောင့်များ···
ရွှေသားရုပ်ပွားဆင်းတုတော် ခုနစ်ဆူတိတိ ရသွား···
ကျောက်ဖျာကို မူလနေရာအတိုင်း ပြန်ထား၍ ပြန်လာ···
ကြ၏။

□ □ □

( ၄ )

စောခွန်နောင် ရွှေမန်းကျည်းတောင့်တစ်အိုးနှင့် ဘုရား···ပွားတော် ခုနစ်ဆူရပြီးသည်နှင့် (၁)မော်လမြိုင် ပြည်···ကျောင်း၊ (၂) သံဖြူရေပ်ပြည်သိမ်ကျောင်း၊ (၃) ကျိုက်မရော···တောင်းပြည့် ဘုန်းကြီးကျောင်းနှင့် မုဒုံလက်ခတ်တောင်···ဒမသာမညတောရကျောင်းတို့ရှိ သံဃာတော်များအား···ကြွရာရှစ်ပါးအစုံအလင် လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့်···ကျွေး၏။ မော်လမြိုင်မြို့ ဆံတော်ရှင်စေတီတော်များ···ကြသော ကျိုက်သုတ်စေတီ၊ တောင်ပေါ်ဦးဇိန်စေတီ၊

www.burmeseclassic.com

www.burmeseclassic.com



ရွှေဖျိုင်းဖြူစေတီ၊ ကျိုက်ဖနဲစေတီ၊ မလိမ်ကုန်းစေတ ကျိုက်ဝဲဂူစေတီ၊ ခေါင်းဆေးကျွန်းစေတီ၊ ရိုးဂိုဘင်လို့ သကြ်န်ပွဲစေတီတော်များကို နဝကမ္မဦးစွာလှူ၏။

ထိုသည့်နောက်မှ ကျိုက်သန်လန်စေတီတော်ခေ ကျိုက်ရှမ်းလန်စေတီတော်၊ အလံတိုင်စေတီတော်နှ ဦးခန္တီတန်ဆောင်း ကြေးဆင်းတုတော်ကြီးများကိုပါ ထပ် လှူဒါန်းပြန်၏။ အားလုံးလှူဒါန်းပြီးမှ ခုနစ်ခွေတော ကားလမ်းကို ကျောက်ခင်းပြုပြင်လိုက်သည်။

မစံပယ်ခင်နှင့် မိခင် မှဆိုးမကြီးဒေါ်ကြေူတို့၏ ဆေ နှစ်ဖက်ခြံနှစ်ခြံလုံးကို ဝယ်လိုက်၏။ အလယ်တွင် တစ်ထ တိုက်တစ်တိုက် ဆောက်ပေးလိုက်သည်။ ဆယ်ကေဏ ခြံကြီး၏ ထိပ်တံခါးပေါက်အုတ်တိုင်၌ ကြေးဆိုင်းဘုတ်ကြ တစ်ခုတွင် လှပစွာ "မြစံပယ်ခင်ရိပ်သာ" ဟု ရေးထိုးထာ ၏။ တစ်ခြံလုံး နှစ်ရှည်သီးပင်များ ပန်းပင်များ၊ လှပစ စိုက်ပျိုးထားသည်။ စောခွန်နှောင်နှင့် မစံပယ်ခင်တို့ န



ကြိုက်နေကြသော်လည်း လက်မထပ်ကြသေးသောကြောင့် စောခွန်နှောင် ကိုယ်တိုင်က အသွားအလာဆင်ခြင်၏။

တစ်နေ့တွင် စောခွန်နှောင်နှင့် ဗလကြီးအိုက်စံ ခုနစ်ခွေ တောင်ထိပ် လွှမ်းစေတီဘုရားရှေ့ စကားပြောနေကြစဉ် ဗလကြီး အိုက်စံက -

"ဆရာလေးတို့ရဲ့ မင်္ဂလာဆောင်က ဘယ်တော့လဲ၊ ဆရာလေး" ဟု မေးလိုက်ရာ စောခွန်နှောင်က -

"ဟော့ကောင် အိုက်စံ၊ မင်္ဂလာဆောင်တဲ့ စကားကို ပြော့စမ်းနဲ့၊ မစံပယ်ခင်ရဲ့အမေ ဒေါ်ကြေူပြောပြခဲ့ဖူးတာ ရှိတယ်။ မစံပယ်ခင်ကို ကိုယ်ဝန်မရှိခင်မှာ လွှမ်းစေတီ ဘုရားက နဂါးခုနစ်ကောင်အမောက်ထောင်ဆင်းလာ ကြတယ်တဲ့။ နဂါးခုနစ်ကောင်အိမ်ရှေ့အရောက်၊ အငယ်ဆုံး နဂါးတစ်ကောင်က အိမ်ထဲကို ဝင်လာပြီး "အမေရယ် ဗိုးမှတ္တမနယ်မှာတုန်းက အမေ့ရဲ့သမီးအရင်းလေးပါ။ အမေ့အိမ်မှာ ပြန်နေပါရစေလို့" ပြောပြီး ဝမ်းထဲဝင်သွား

www.burmeseclassic.com



လိုက်တာ ပြန်မထွက်လာတော့ဘူးလို့၊ ပြောပြတယ်။ ဒေါ်ကြေ။ အဲဒီလို အိပ်မက်မက်ပြီးမှ မွေးဖွားလာတာတဲ့။ အဲဒီတော့၊ ကျန်တဲ့ နဂါးခြောက်ကောင်ဟာ ခုနစ်ခွေတောင် လွမ်းစေတီဘုရားဆီကို ပြန်တက်သွားလို့ အိပ်မက်မက်ပြီးမှ သူ့ကို မွေးလာတယ်လို့ ပြောပြတယ် အိုက်စံရဲ့"

"ဟာ . . . ထူးဆန်းလိုက်တာ၊ ဆရာလေးရယ်။ ဒါဆိုရင် မစံပယ်ခင်ဟာ လူဝင်စားတယ်လို့ပြောရမှာပေါ့"

"အားလုံးကတော့ အဲဒီလိုပဲ ပြောနေကြတာပါပဲ။ နောက်ပိုပြီး ထူးဆန်းတာက မစံပယ်ခင်ရဲ့အဖေကြီး ဆုံးသွားပြီးတဲ့နောက်မှာ၊ ငွေရေးကြေးရေး ကျပ်တည်းလာရင် ရွှေဒင်္ဂါးပြားတွေ၊ ရွှေမကျည်းတောင့်တွေ၊ ပိုက်ဆံတွေ ကောက်ရတတ်တယ်တဲ့။ နောက်သူ့ကို မျက်ရည်ပေါက်ကြီးငယ် ကျအောင်လုပ်တဲ့သူဆိုရင် တစ်ခုခုဖြစ်ပြီး ဒုက္ခရောက်သွားကြတာပဲတဲ့။ တချို့များ ကျိုက်မရောက် ပြောင်းပြေးရတဲ့အထိ ဖြစ်သွားကြတယ်တဲ့။ အရက်မူးပြီး စော်ကားတဲ့ တောင်ပိုင်းက အောင်ပုတို့၊ သာဂိတို့၊ နက်



ကျော်တို့ဆိုရင် သွားလေရာ မြွေထွက်လိုက်လို့၊ ကျိုက်မရောကနေ မော်လမြိုင်ကို ပြောင်းပြေးသွားကြရတဲ့အထိတောင် ဖြစ်ခဲ့ကြတယ်လို့ ပြောကြတယ်အိုက်စံ"

"အဲဒါဆို သူမှာ အစောင့်တို့ဘာတို့ တစ်ခုခုရှိနိုင်လိမ့်မယ်လို့ ထင်ရတာပဲ။ နောက်ကြောင်းအစောင့်ရှိကြတဲ့သူများဟာ၊ အိမ်ထောင်ပြုရခက်ကြတယ်လို့ ရှေးလူကြီးတွေဆိုကြတာပဲ ဆရာလေးရဲ့"

"တို့ကတော့ မစံပယ်ခင်ကလွဲလို့ ဘယ်သူ့ကိုမှ မချစ်ဘူး ယူလဲမယူနိုင်ဘူး။ ညီမလေး မစံပယ်ခင်နဲ့အတူ ခုနစ်ခွေတောင် လွမ်းစေတီဘုရား အင်္ဂါထောင့်ကနေ ပေါင်းရပါစေသားလို့ အမြဲဆုတောင်းနေကြတယ်။ တို့နှစ်ယောက်လုံးဟာ ခုနစ်ခွေတောင် လွမ်းစေတီမှာ အမြဲဆုပန်ကြလို့ "ခုနစ်ခွေတောင် သစ္စာရှင်"တွေ ဖြစ်ကြတယ်။ ခုနစ်ခွေတောင် လွမ်းစေတီဘုရားပြိုကျ ပျက်စီးသွားတာတောင်မှ တို့နှစ်ယောက်ရဲ့ မေတ္တာသစ္စာတွေဟာ ခိုင်မြဲနေကြမှာပဲ အိုက်စံ"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာလေး၊ မစံပယ်ခင် နေကောင်းသွားပြီလားဟင်၊ မတွေ့တာကြာလို့"

"အေး ... ဟုတ်တယ်၊ ညီမလေး မစံပယ်ခင်၊ နေမကောင်းတာ ကြာပြီ၊ တစ်ညနေ နေဝင်ရီတရော နွားရှိုင်းသွင်းချိန်၊ ညီမလေးရဲ့ အိမ်ရှေ့ ပိတောက်ပင်ကြီးမှာ ဇီးကွက်နှစ် ကောင်လာအော်တဲ့အချိန်မှာ၊ ပိတ်ဖြူစင်ကြယ်နဲ့ ခေါင်းပေါင်းအဖြူ ပေါင်းထားတဲ့ သူတော်စင်အဘိုးအို တစ်ပါးဟာ အိမ်ထဲ ဝင်လာပြီး -

"သမီးငယ်လေး နေမကောင်းတာကြာသွားပြီပဲ၊ လူက လည်း နေမကောင်း၊ စိတ်ကလည်း နေမကောင်းလို့ စိတ် ထောင်းကိုယ်ကြေ၊ စိတ်ဆင်းရဲနေရှာတာပဲ၊ အဘ ဆေး လေးကိုသောက်လိုက်"လို့ ပြောပြီး လွယ်အိတ်ထဲမှာ ပါလာတဲ့ "ရွှေခွက်နဲ့ ဆေးတိုက်သွားတယ်" တစ်ခါတည်း နေကောင်းသွားတယ်တဲ့။ "နေမကောင်းရင် ဒီရွှေခွက်ထဲမှာ ဆေးထည့်ပြီးသောက်ရင် နေကောင်းသွားမယ်။ ပျောက်



သွားမယ်။ ဒီရွှေခွက်လေး သမီးယူထားလိုက်"ဆိုပြီး ထွက်သွားတယ်တဲ့"

"ဟာ ... ထူးဆန်းလိုက်တာ ဆရာလေး"

"နောက် အဘ ပြန်လာတော့မှ သမီးလေးရဲ့ မင်္ဂလာ ကိစ္စအဝဝကို စီစဉ်တာပေါ့။ နေကောင်းအောင်နေလိုက် ပါဦး သမီးလေးရယ်"ဆိုပြီးထွက်သွားလိုက်တာ ဒီကနေ့ထိ ပြန်မရောက်သေးဘူး"

"ဒီလိုဆိုရင် ရွှေခွက်ပေးသွားတဲ့ အဘပြန်လာမှ ဆရာ လေးနဲ့ မစံပယ်ခင်တို့ရဲ့ အချစ်ဟောင်းဟာ အကြောင်းထူး လာမှာပေါ့နော်"

"အေး .. ဟုတ်တယ်၊အားလုံးကဆေးသောက်ဖို့ ရွှေခွက်ပေးခဲ့တဲ့ အဘပြန်လာမယ့်ရက်ကို စောင့်နေကြရ သော့တာပဲ အိုက်စံရယ်။ ရွှေခွက်ကို ကြည့်လိုက်ရင် အပြင်ဘက်က နဂါးခုနစ်ကောင် ဖောင်းကြွရုပ်ပါတယ်။ ရွှေခွက်ရဲ့အထဲမှာတော့ ၈၊ ၈၊ ၆၊ ၀ ၈မ အရွှေရော

www.burmeseclassic.com

www.burmeseclassic.com




လေးလုံးရယ်၊ ကြီးလေးကြီး အက္ခရာ က၊ ယ၊ ဏ၊ ဠ လေးလုံးပါတဲ့အပြင် နဘယ်နဲ့ နရောဂ် စာတန်းနှစ်ခု ပါသေးတယ် အိုက်စံ"

"သိပ်ထူးဆန်းတာပဲ၊ ရွှေခွက်ပေး ဆေးတိုက်သွားတာ စဉ်းစားစရာပဲဆရာလေး။ အကြောင်းထူးတစ်ခုခုတော့ရှိ လို့နေမှာပဲ"

"ရွှေခွက်ပေးသွားတဲ့ အဘ ပြန်လာမယ့်ရက်ကို အားလုံးက ညနေ နေဝင်တရော နွားရိုင်းသွင်းချိန် ပိတောက်ပင်ထက် ဇီးကွက်နှစ်ကောင် လာအော်တိုင်း မျှော်နေရတာနေ့တိုင်းပါပဲကွာ။ အခုမှ နီးရက်နဲ့ဝေး ချစ်ရက်နဲ့ခွေး နေရတော့တယ် အိုက်စံရယ်" ဟု ပြောရင်း တိတ်ဆိတ်ငြိမ်သက်သွားကြလေတော့၏။

ပဥ္စဂုဏ် အပါံဝန္ဒာမိ သဗ္ဗဒါ

❒ မြပုလဲစန္ဒာညွှန့်




www.burmeseclassic.com

www.burmeseclassic.com



(၁)

မော်လမြိုင်မြို့ ဆေးရုံကြီးတွင် ဆေးရုံအုပ်ကြီးဖြစ်သူ သမားတော်ကြီး ဒေါက်တာအောင်ခင်၊ ဒေါက်တာကျော်တင့်နှင့် ဒေါက်တာစောခွန်နောင်တို့ သုံးဦးသား စကားပြောဆိုနေကြစဉ် ကားတိုက်၍ သေဆုံးသွားသည်ဟုဆိုသော ဟိန္ဒူကုလား ယောဂီဆာဒူးကြီး၏ အလောင်းတစ်လောင်းကို ရင်ခွဲရုံသို့ လာပို့သွားကြ၏။ ထိုအလောင်းကို တာဝန်ကျအလုပ်သမားတစ်ဦးက မှတ်တမ်းတင်ရေးသား လက်ခံယူထားလိုက်၏။ ဆရာဝန်သုံးဦးစလုံး ရောက်လာပြီး ဟိန္ဒူကုလားယောဂီ ဆာဒူးကြီး၏ ရုပ်အလောင်းကို အသေးစိတ်ကြည့်ကြသောအခါ ကားတိုက်ထားသော ဒဏ်ရာဟူ၍

www.burmeseclassic.com

www.burmeseclassic.com



လုံးဝမတွေ့ကြချေ။ စောခွန်နောင် အသေအချာကြည့်လိုက်တော့မှ မိမိအိပ်မက်ထဲ၌ မကြာခဏမက်၍ မိမိအား ဟိမဝန္တာတောင်၊ ဗုဒ္ဓဂါယာ၊ လုမ္ဗိနီဥယျာဉ်နှင့် သီဟိုဠ်သီရိလင်္ကာ စွယ်တော်တိုက် စသည့်ဒေသများသို့ ခေါ်ဆောင်သွားသော ပဋ္ဌာန်းဆက်၊ ဘဝဆက်၊ ပညာဆက် "ပုန်းဘာဘာ" ကွမ်းစားဟိန္ဒူကုလား ယောဂီဆာဒူးဖကီးကြီးနှင့် အလွန်တူနေသည်ကို အံ့သြစွာတွေ့ရ၏။ ဆေးရုံအုပ်ကြီးဖြစ်သူ ဒေါက်တာအောင်ခင်က -၊

"ဒေါက်တာစောခွန်နောင် သတိထားနော်၊ မြန်မာနိုင်ငံမှာရှိတဲ့ ဆေးရုံကြီးတွေထဲမှာ မော်လမြိုင်ဆေးရုံကြီးဟာ မော်လမြိုင်တောင်တန်း အရှေ့ဘက်မှာရှိတဲ့ မြေနီကုန်းသုသာန်သင်္ချိုင်းနဲ့ နီးနေလို့လားတော့မသိဘူး အထူးအဆန်းတွေ မကြာခဏ ဖြစ်တတ်တယ်"

ဟု မော်လမြိုင်သား ဒေါက်တာအောင်ခင်က ရှင်းပြရာ ဒေါက်တာစောခွန်နောင်က -



"ဘယ်လိုလဲ ဒေါက်တာအောင်ခင်ရဲ့ ခင်ဗျားက ကျုပ်ကိုကြောက်တတ်တဲ့ ဆရာဝန်သစ်တစ်ယောက်လို့ ထင်ရင် မှားသွားမှာပေါ့ စောခွန်နောင်က လူသေအလောင်းကို မကြောက်တတ်ပါဘူး၊ မော်လမြိုင်ဆေးရုံကြီးမှာ ဘယ်လိုအထူးအဆန်းတွေများ ခဏခဏဖြစ်တတ်လို့လဲ၊ ခင်ဗျားပြောမှ သိရမှာပေါ့"

ထို့နောက် ဒေါက်တာအောင်ခင်ရော ဒေါက်တာကျော်တင့်ပါ ထွက်သွားကြ၏။ အခန်းထဲတွင် စောခွန်နောင်တစ်ယောက်တည်းကျန်ခဲ့၍ ယောဂီကုလား ဆာဒူးကြီး၏ မျက်နှာကို အသေအချာကြည့်လိုက်ရာ မိမိအား ပြုံးတော့ယောင်၊ ရယ်တော့မယောင် မျက်နှာကိုမြင်လိုက်ရ၏။ ဆာဒူးကြီး၏ နှုတ်ခမ်းဖူးပြင်အား အသေအချာစေ့စေ့ကြည့်လိုက်တော့မှ နှုတ်ခမ်းဖူးပြင်ထက် သွေးစီးကြောင်းနှင့် ဒဏ်ရာဟု ထင်ရသော နေရာပေါ်မှာ ဟိန္ဒူဘာသာစာလုံး ဖြစ်နေသည်ကို အံ့သြစွာတွေ့လိုက်မိ၏။ လက်ဖဝါးပြင် နှစ်ဖက်စလုံးကို ကြည့်၍ ကိုင်ကြည့်သောအခါတွင်လည်း လူသေကောင်

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကလေပ်နှင့်လုံးဝမတူဘဲ နွေးနေသည်ကို တွေ့၏။ လက်တစ်ချောင်းချင်းကိုင်၍ မိမိ၏ နက်တိုင် လည်စည်းမှ ကလစ်ဖြင့် လက်တစ်ချောင်းစီ၏ ထိပ်ဖျားသို့ ထိုးကြည့်ရာ သွေးများပန်းထွက်လာသည်ကို တွေ့ရ၏။ စောခွန်နောင် အတန်ကြာစဉ်းစားနေစဉ် -

"ဟင်း"ခနဲသက်ပြင်းချသံ ကြီးပမာ ကြားလိုက်ရ၏... ရုပ်အလောင်းများထားရာ နေရာသို့ တစ်လောင်းစီ စေ့စေ့ စပ်စပ် ထပ်ကြည့်သော်လည်း ထူးခြားမှုလုံးဝမတွေ့... သောကြောင့် နောက်ဆုံးတွင် စောခွန်နောင်သည် နေအိမ်... ရှိရာ "မောသဇင်မြိုင်" ခြံကြီးသို့ အနီရဲရဲရောင် တ... နစ်ပေါက် မာစီဒီးစပို့ကား အသစ်စက်စက်ဖြင့် ပြန်လာခဲ့...

နေအိမ်သို့ပြန်လည် ရောက်ရှိသော်လည်း စော... နောင်သည် လုံးဝစိတ်ချမ်းသာ ပျော်ရွှင်မှုမရှိသောကြော... ဆေးရုံတွင်တွေ့ခဲ့ရသော ရုပ်အလောင်းသည် မိမိအိပ်မ... ထဲမှ "ပန်းဘာဘာကြီး" ဖြစ်နေမည်လားဟု တွေးတ... ရင်း စောစီးစွာအိပ်ရာဝင်ခဲ့၏။ အိပ်ပျော်သွားပြီး မကြာ...



ကားတိုက်၍ သေဆုံးသွားသည်ဆိုသော ဟိန္ဒူကုလား ယောဂီဆာဒူးကြီးကို အိပ်မက်မြင်မိပြန်သည်။

အိပ်မက်ထဲတွင် ယောဂီဆာဒူးကြီးက စောခွန်နောင်အား -

"လူလေးကို ဘာဘာကြီးလိုက်ရှာနေတာ ကြာပြီပဲ၊ လူလေးကို ဘာဘာကြီးက မှတ်မိပေမယ့် လူလေးဟာ ဘဝအိုးအိမ် အကြိမ်ကြိမ်ပြောင်းလဲခဲ့ရလို့ မမှတ်မိတော့ဘူး၊ ဘဝပြောင်းသွားတိုင်း ကျန်ရစ်ခဲ့ပြီးခဲ့တဲ့ ဘဝဟောင်းအကြောင်း ကောင်းကောင်းမမှတ်မိတော့ဘူး၊ တရေးရေး ...ောက်ပဲ ဝိုးတိုးဝါးတားမသဲမကွဲ သတိရတော့တယ်၊ လူလေးက လက်ဖျားထိပ်ကို အပ်နဲ့ထိုးတော့ နာတာပေါ့၊ သွေးထွက်တာပေါ့၊ ဘာဘာကြီးဟာလူလေးကို တွေ့ချင်လို့ သူသေတွေကြားထဲမှာ သုံးရက် လာကျင့်ပါတယ်။ ဒီသုံးရက်ပြီးရင် သုသာန်သချိုင်းမှာ သုသာန်စောင့် သဘောမျိုး အသုဘကမ္မဋ္ဌာန်း သဘောမျိုးသုသာန် မြေအောင်း...

www.burmeseclassic.com

www.burmeseclassic.com



တွင်းအောင်း၊ သဘောမျိုး၊ နောက်ထပ်ငါးရက် ကျင့်ရဦးမယ်။ ဟိမဝန္တာတောင်ခြေက ကျောက်လိုဏ်ဂူတွေထဲမှာ ကုလားယောဂီကြီးတွေ ဖကီးကြီးတွေဆိုရင် ဆံပင်တွေ လုံးခဲကျစ်တွေးသွားကြတဲ့အပြင် မြေသားတွေ တစ်ကိုယ်လုံး ဖုံးသွားတဲ့အထိ ကျင့်ကြတာ၊ ထိုင်လျက် တစ်ချို့ မတ်တပ်ရပ်လျက်တစ်ချို့ လက်အုပ်ချီကန်တော့လျက်၊ မစားမသောက် မလှုပ်မရှား ပီတိပွားရင်းကျင့်နေကြတယ်၊ မသိရင် လူသေကောင်ကြီး အတိုင်းပဲ”

“အကျင့်တရားနဲ့ ပတ်သက်လို့ အရိုးကြေကြေ အရေခမ်းခမ်း နောက်မဆုတ်တမ်း အသေခံကျင့်တဲ့နေရာမှာ ကုလားယောဂီဆာဒူး ဖကီးကြီးတွေနဲ့ တိဘက်လာမာဘုန်းကြီးတွေဟာ အံ့ဩစရာအကောင်းဆုံးပဲ။ အခုလည်း ကျင့်ရင်းနဲ့ သေသွားပါစေ၊ ဇာနည်ယောက်ျား၊ မင်းယောက်ျားများ ဆုကြီးပန် ပုဂ္ဂိုလ်များဟာ ဆက်လက်ကျင့်သွားရဦးမှာပဲ၊ လူလေး တစ်နေ့နေ့ တစ်ချိန်ချိန်သမ္မာရင့်



အဆင့်မြင့်လာတဲ့တစ်နေ့မှာ လူလေးကိုယ်တိုင်လည်း ဒါမျိုးတွေကို မနားမနေကြိုးစား ကျင့်ကြံအားထုတ်လာမှာ အမှန်ပဲ”

“လူလေးက ဘာဘာကြီးကို အခုမမှတ်မိရင်သာနေယ်၊ လူလေးကိုယ်တိုင် ဘာဘာကြီးကို မော်လမြိုင်ဒိုင်းကွင်းမြို့ပေါက်ဝ ကာလီမန်ညောင်ပင်ကြီး အောက်မှာ န်းက တစ်ကြိမ်၊ လူလေးနေတဲ့အိမ်နားက ရွှေကညင်ပင်ကြီးအောက်မှာတုန်းက တစ်ကြိမ်၊ သကြံ့န်အပြီး ကုလားကျောက်တစ်လုံးပွဲတော် ကုလား ကျောက်တစ်လုံးတောင်က ကုလား ဘုရားရှစ်ခိုးကျောင်းရှေ့မှာတုန်းက တစ်ကြိမ်၊ ဟိန္ဒူကုလားမီးနင်း ပွဲမှာတစ်ကြိမ်၊ ဘိုကုန်း ူးမကျောင်းဘေး ဟိန္ဒူကုလား သကြံ့န်ဆေးအနီ င်တွေနဲ့ ပက်တုန်းက တစ်ကြိမ်၊ အားလုံးစုစုပေါင်း ကြိမ်တိတိ ဘေးချင်းကပ် တွေ့ခဲ့၊ ဆုံခဲ့တာတွေကို သွားပြီထင်ပါရဲ့ ဘာဘာကြီးကတော့ တစ်နေ့တစ်ရက် မမေ့ရက်ခဲ့ပါဘူး၊ လူလေး ကိုယ်တိုင် ကိုယ့်ညီတွေ၊

www.burmeseclassic.com

www.burmeseclassic.com



မုန့်တွန့်ဝိါတွေ၊ ပုတူးမုန့်တွေ၊ ကွမ်းယာတွေ ဝယ်ပေးခဲ့တာတွေရော မေ့သွားပြီလား၊ ဘဘကြီးကတော့ မမေ့သေးပါဘူး"

"အခု လူလေးဆီကို လာတွေ့တာဟာလည်း အင်မတန်အရေးကြီးတဲ့ ကျင့်စဉ်တစ်ခုအတွက် ဟိမဝန္တာတောင်ခြေတောအုပ်ကြီးထဲကို မသွားခင်လာတွေ့တာ၊ ဒီခရီးဟာ အချိန်လနှင့်ချီပြီး ကြာရင်ကြာမယ် နှစ်နဲ့ချီပြီးကြာရင်လည်း ကြာမယ်လေ"

"ဘဘကြီးဟာ လူလေးအတွက် ပညာဆက် ပဋ္ဌာန်းဆက်၊ ဘဝဆက်သစ္စာရှင်ကြီး ဖြစ်ပါတယ်၊ ဒါကြောင့်သာ သံသရာတစ်ကွေ့ ဘဝတစ်ကွေ့ ခန္ဓာအိုးအိမ်အကြိမ်ကြိမ် ပြောင်းလဲသွားပေမယ့် သစ္စာ၊ မေတ္တာ စေတနာ အပြည့်အဝနဲ့ လာလာတွေ့နေတာပေါ့၊ လူ့ရဲ့ခန္ဓာအိမ်သာ အချိန်တန်ရင် သေကြေပျက်စီးသွားမယ်၊ လူ့ရဲ့ပညာဆက် ပဋ္ဌာန်းဆက်၊ ပါရမီဆက်၊ ကုသိုလ်ဆက်၊ အကုသိုလ်ဆက် ကတော့ အမျှင်မပြတ် အဆက်မပြတ်သွားမေဘူး ကိုယ်



ကျင့်တရားနဲ့ သီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲနေမှသာ လူ့ဖြစ်ကျိုးနပ်၊ ကုသိုလ်ပြုရကျိုးနပ်တော့မှာပေါ့ လူလေးရယ်"

ဟု အိပ်မက်ထဲမှာ စောခွန်နောင်မက်နေ၏။ အိပ်ရာမှ နိုးလာရာ ရေမိုးချိုး၊ နံနက်စာ စားသောက်ပြီးသည်နှင့် စောစောစီးစီး မော်လမြိုင်ဆေးရုံကြီးသို့ တာဝန်ဝတ္တရားအရ ထွက်လာခဲ့၏။

○○○

www.burmeseclassic.com

www.burmeseclassic.com



(၂)

စောခွန်နောင် ဆေးရုံကြီးသို့ရောက်သည်နှင့် တာ ကျ စာရင်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီးနော ရုပ်အလောင်းများထားရှိရာ ရင်ခွဲရုံသို့ တန်းဝင်သွား ရုပ်အလောင်းများကို ကြည့်လိုက်သောအခါ ယမန် ညနေအချိန်က ထားရှိခဲ့သော အနေအထားမျိုးနှင့် လ မတူတော့ဘဲ ကုလားယောဂီဆာဒူးကြီး၏ ရုပ်အလော မှာလည်း မိန်းမနှစ်ယောက်၏ အလောင်းကြားတွင်



တော့ချေ။ ဆာဒူးကြီး၏အလောင်းသည် ဘေးအစွန်းဆုံးသို့ နေရာပြောင်းရွှေ့ရှိနေသည်ကို စောခွန်နောင်တွေ့ရ၏။ အခန်းတာဝန်ကျသူအား မေးလိုက်ရာ မည်သူမျှမရွှေ့ကြောင်း၊ ယမန်နေ့ညနေကအတိုင်းပင် သူကိုယ်တိုင် နေရာချထားခဲ့ကြောင်း စောခွန်နောင်အား ရှင်းပြ၏။ စောခွန်နောင်သည် ကျေနပ်မှုမရှိ၍ ကုလားယောဂီဆာဒူးကြီး၏ လက်နှစ်ဖက်စလုံး ကိုင်တွယ်စမ်းသပ်ကြည့်သောအခါ ပူနွေးနေသည့်အပြင် ချိုး၍ ကွေး၍ ရနေသေးသည်ကို တအံ့တဩ တွေ့ရသည်။

စောခွန်နောင်သည် မယုံကြည်နိုင်ခြင်းများစွာဖြင့် မိမိရုံးခန်းသို့ ပြန်၍ နားကျပ်နှင့် သွေးတိုင်းကိရိယာများကို အစုံအလင်ယူကာ တစ်ယောက်တည်း ကုလားထိုင်ပေါ်တွင် ထိုင်လျက် စိတ်တိုင်းကျ စမ်းသပ်စစ်ဆေးနေ၏။ အမျိုးမျိုး စမ်းသပ်စစ်ဆေးလိုက်သော်လည်း နှလုံးခုန်သံ၊ သွေးတိုးသံများ လုံးဝမကြားရသည့်အပြင် ပူနွေးနေသော လက်များသည်ပင်လျှင် အေးစက်သွားသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ချိုး၍ရသော လက်ချောင်းများသည်လည်း မည်သို့ဖြစ် သွားသည်မသိ၊ မိမိရောက်ခါစကဲ့သို့ ချိုး၍ မရတော့ချေ။ စောခွန်နောင် စမ်းသပ်ကိရိယာများကို ဘေးသို့ ချပြီးနောက် အိပ်မက်,မက်ခဲ့သည်ကို ပြန်လည်စဉ်းစားနေချိန်တွင်

"ဟင်း" ခနဲ သက်ပြင်းရှည်ကြီးချသံကို ပီပီသသ ထင်ထင်ရှားရှားကြားလိုက်ရသည်။ သက်ပြင်းရှည်ကြီး ချသံကို ကြားသည်နှင့် ဘေးပတ်ဝန်းကျင်တစ်ခုလုံးတွင် တာဝန်ကျဝန်ထမ်းများရောက်မရောက်၊ ရှိမရှိ တစ်ချက် လှည့်ကြည့်ပြီးနောက် ကုလားယောဂီ ဆာဒူးကြီး၏ ရုပ်အလောင်းကို စစ်ဆေးကြည့်ရာ နဂိုအတိုင်း ပြောင်းလဲ ခြင်းမရှိသည်ကို တွေ့ရသည်။ နားထဲတွင်လည်း စကား ပြောသံတစ်ခုကို တိုးတိုးလေးကြားနေရသယောင် ထင် ရသည်။

"ဘာဘာကြီးဟာ လူလေးအတွက်-ပညာဆက် ပဋ္ဌာန်းဆက်၊ ဘဝဆက်သစ္စာရှင်ကြီးဖြစ်ပါတယ်" ဟု ကြားနေမိသယောင်အချိန်၌ လိပ်ပြာနက်အထီးတစ်ကောင်



သည် စောခွန်နောင်၏ ညာဘက်လက်ဖမိုးပေါ်တွင် တောင်ပံ တဖျပ်ဖျပ်ခတ်ရင်း လာနားၡ၏။ ညာဘက် လက်ဖမိုးပေါ်တွင် နားလိုက်၊ ညာဘက်ပခုံးပေါ်သို့ ပြောင်း ရွှေ့နားလိုက်၊ ညာဘက်ပါးပြင်ထက်သို့ ပျံသန်းလိုက်နှင့် အထူးအဆန်း ဖြစ်နေ၏။ စောခွန်နောင်ကိုယ်တိုင်လည်း လိပ်ပြာနက်လေး၏ စိတ်တိုင်းကျ ပြုလုပ်ခြင်း ခံနေရ သယောင် ဖြစ်နေ၏။ တစ်ခုခုကို သတိရသည်နှင့် စောခွန်နောင်သည် ချက်ချင်းပင် ကုလားယောဂီ ဆာဒူးကြီး၏ ညာဘက်လက်ဖဝါးကို ဆုပ်နယ်ကိုင်တွယ် ကြည့်သောအခါ အနည်းငယ်ပူနွေးနေသယောင်တွေ့ရ၏။ လက်ညှိုးထိပ်ဖျားကို ဖိညှစ်လိုက်ပြန်တော့လည်း လှုကောင်းပကတိအသွင် သွေးတက်နီရဲလာသည်ကို တွေ့ရ သည်။ လျှော့လိုက်သောအခါ သွေးပြန်ကျ တပြေးညီ ဖြစ်သွားပြန်သည်။

စောခွန်နောင်သည် စိတ်မကြေပွဲအဖြစ် ဒုတိယ အကြိမ် အမျိုးမျိုးစမ်းသပ်စစ်ဆေးသောအခါ နှလုံးခုန်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



သွေးတိုးခြင်းများကို လုံးဝမတွေ့ရသည့်အပြင် ပူနွေး
နေသည်ဟု ထင်ရသောလက်များသည်ပင်လျှင် အေးစက်
နေသည်ကို တွေ့ရ၏။ တစ်ကိုယ်လုံး ကြည့်ရှုစမ်းသပ်
စစ်ဆေးပြီးချိန်ဝယ် . . .

"ဟင်း"ခနဲ ဒုတိယအကြိမ် သက်ပြင်းရှည်ကြီး ခ
လိုက်သံကို ပီပီသသ ထပ်မံကြားလိုက်ရပြန်၏။ ကုလား
ဆာဒူးကြီး၏ ရုပ်အလောင်းကို စေ့စေ့စပ်စပ် ကြည့်လိုက်
သော်လည်း ပြောင်းလဲမှု ထူးခြားမှု မရှိသည်ကို တွေ့
သည်။ လိပ်ပြာနက်လေးမှာမူ စိတ်ထင်ယောင်ထင်မှာ
ဖြစ်၍ သဲသဲယပ်ပွားနေသော စောခွန်နောင်၏ ညာဘက်ပုခုံး
ထက်တွင်သာ ငြိမ်ငြိမ်သက်သက် နားနေ၏။ သူ၏ အကြ
အာရုံတွင်လည်း . . .

"ဘာဘာကြီးဟာ လူလေးကို တွေ့ချင်လို့ လူသေ
ကြားထဲမှာ သုံးရက်လာကျင့်ရပါတယ်၊ ဒီသုံးရက်ပြီးရင်
သုသာန်သချိုင်းမှာ ရှုတင်သဘောမျိုး၊ အသုဘကမ္မဋ္ဌာန်း



သဘောမျိုး၊ သုသာန်မြေအောင်း သဘောမျိုး၊ နောက်ထပ်
ငါးရက်ကျင့်ရဦးမယ်"" ဟု ကြားနေရသယောင်ဖြစ်နေ၏။
စောခွန်နောင်သည် ကုလားယောဂီဆာဒူးကြီး၏ ရုပ်
အလောင်းကို ကြည့်လိုက်၊ ပခုံးထက်မှ လိပ်ပြာနက်လေး
ကို ကြည့်လိုက်နှင့် စိတ်အိုက်အိုက်ဖြင့် ဆေးရုံ အခ
ဆောက်အဦး အပြင်ဘက်သို့ လျှောက်ထွက်သွား၏။
အပြင်ဘက်မှ ခွေးတစ်ကောင်သည် စောခွန်နောင်ကို
မြင်သည်နှင့် ပခုံးထက်မှာ လိပ်ပြာနက်လေးအား
မော့ကြည့်ရင်း မနားတမ်းဟောင်နေ၏။ ထိုစဉ် နောက်ထပ်
ခွေးတစ်ကောင်အနားသို့ ထပ်ရောက်လာပြီး ခွေးနှစ်ကောင်
ပေါင်း၍ ဆက်ဟောင်နေကြပြန်သည်။ ခဏကြာလျှင်
နားနေသော လိပ်ပြာနက်လေးသည် စောခွန်နောင်၏
ပခုံးထက်မှပျံ၍ ရင်ခွဲရုံအတွင်းသို့ ဝင်ရောက်ပျောက်
ကွယ်သွားတော့၏။

ထိုနေ့သည် စောခွန်နောင်အဖို့ မော်လမြိုင်ဆေးရုံကြီး၌
အလုပ်လုပ်နေရသည့် နေ့ရက်များတွင် စိတ်မတည်ငြိမ်

www.burmeseclassic.com

www.burmeseclassic.com



လွန်းသောနေ့၊ မယုံကြည်နိုင်စရာ ထူးဆန်းမှုများ စတင်တွေ့ရှိရသောနေ့ ဖြစ်သည်။ အလုပ်လုပ်နေရာမှ မကြာခဏ ရင်ခွဲရုံအတွင်းသို့ အကြောင်းမရှိ အကြောင်းရှာကာ ကုလားယောဂီဆာဒူးကြီး၏ ရုပ်အလောင်းကိုသာ တကြည့်ကြည့်နှင့်လုပ်နေ၏။ ထိုသို့ကြည့်နေစဉ်မှာပင် မော်လမြိုင်မြို့ ဟိန္ဒူဗုဒ္ဓဘာသာ သာရေးနာရေး အစည်းအရုံးမှ အဖွဲ့ဝင်လူကြီးများ ရောက်လာကြပြီး အမျိုးအမည် နေရပ်လိပ်စာမသိသော ယောဂီဆာဒူးကြီးအား မြေမြှုပ်သင်္ဂြိုဟ်ရန် ကိစ္စအဝဝ တာဝန်ယူစီစဉ်လိုက်ကြသည်။

စောခွန်နောင်သည် ယောဂီဆာဒူးကြီးအား မြေမြှုပ်သင်္ဂြိုဟ်ရန် စီစဉ်ထားမှုကို လုံးဝ သဘောမကျသော်လည်း မိမိဘာမျှမတတ်နိုင်သဖြင့် မပြောသာဘဲ ဖြစ်နေ၏။ တာဝန်ဝတ္တရားပြီးဆုံး၍ မိမိနေအိမ်သို့ ပြန်လာခဲ့ရသော် ကစား ကုလားယောဂီဆာဒူးကြီး၏ ရုပ်အလောင်းကိုသာ မျက်စိတွင် စွဲမြင်နေ၏။ ညအိပ်ရာဝင်၍ အိပ်ပျော်သွားသည်နှင့် စောခွန်နောင်အိပ်မက်ထဲမှာ ကုလားယော



ဆာဒူးကြီးကို မြင်မက်၏။ အိပ်မက်ထဲတွင် ကုလားယောဂီဆာဒူးကြီးက -

"လူလေး၊ ဘာဘာကြီးအတွက် ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့၊ သူတို့လုပ်စရာရှိတာ သူတို့လုပ်သွားကြပါလိမ့်မယ်၊ ဘာမှဝင်မပြောနဲ့။ လူလေး လုပ်ချင်တာ၊ ဖြစ်စေချင်တာကိုသာ စိတ်တိုင်းကျလုပ်ပါ။ လူလေး ဘာဘာကြီးဆီကို ခဏခဏလာပါ။ ဒါမှလည်း ဘာဘာကြီး လူလေးဆီ သာရကျိုး၊ တွေ့ရကျိုးနပ်တော့မှာပေါ့၊ မလာပဲနှင့် မနေပါနှင့်"

"လူလေးဟာ တစ်နေ့ကျရင် အကျင့်တရားကို ခင်ဝယ်ပိုက်ပြီး ကျင့်မယ့် ပဌာန်းဆက်၊ ပညာဆက်၊ ဂုဏ်ဆက် လူဝင်စားဖြစ်လို့ အစားအသောက်မှာ သက်သက်လွတ်စားနိုင်အောင် ကြိုးစားပါ။ ဝက်သား၊ အမဲသား၊ ကျွဲသား၊ ဆင်သား၊ ဆိတ်သားတွေ မစားပါနဲ့တော့။ အသားစားမှ အားအင်ပြည့်ဖြိုးကျန်းမာတာ မဟုတ်ပါဘူး။ သက်သတ်လွတ်စားတတ်ရင်လည်း ကျန်းမာ

www.burmeseclassic.com

www.burmeseclassic.com



ဖြိုးအင်အားတိုးပါတယ် လူလေး။ သက်သတ်လွတ် စားရင် ကိုးရက်အတွင်း ထူးခြားလာပါလိမ့်မယ်။ ထူးခြားလာတာနဲ့အမျှ စိတ်ချမ်းသား ကိုယ်ချမ်းသာဖြစ်လာမှာ အမှန်ပဲ။ လူလေးဟာ မျိုးဆက်၊ ပညာဆက်၊ ဘဝဆက်၊ ပဋ္ဌာန်းဆက်၊ ပုဂ္ဂိုလ်ဆက်ကို မွေးရာပါ အသိစိတ်ဓါတ်နဲ့ ဆက်လက်ထိန်းသိမ်းသွားနိုင်ပါစေလို့ ဘာဘာကြီး မေတ္တာပို့ဆုတောင်းပေးလိုက်ပါတယ် လူလေး" ဟု ပြော နေ၏။ အိပ်ရာမှ နိုးလာသည်နှင့် စောခွန်နောင် စိတ် ပြောင်းသွားကာ (၁) သက်သတ်လွတ် စားပြီး (၂) နဝင် သီလကိုယူ၍ (၃) ကုလားယောဂီ ဆာဒူးကြီးအတွက် ပြုလုပ်ရမည့် ကိစ္စအဝဝကို ရေးမှတ် စီရင်ထားလိုက်၏။

၀၀၀



(၃)

နောက်တစ်နေ့ မွန်းလွဲချိန်မှစ၍ မော်လမြိုင်သို့ ဟိန္ဒူ [illegible]ဘာသာအသင်းအစည်းအရုံးဝင် လူကြီးများ ဖိုင်းဝန် [illegible] ဈေးကြီးကြက်တန်းမွတ္တလေး၊ မောင်ငံ၊ ဘိုကုန်း၊ [illegible] ဟိန္ဒူအသင်း အစည်းအရုံးအဖွဲ့ဝင်များ ရပ်ကွက် [illegible]င်းခုံဟိန္ဒူအသင်းအဖွဲ့ဝင်များ ရောက်ရှိပြင်ဆင်ကြ၏။ [illegible]ဘာကိစ္စများ ပြင်ဆင်ပြီးဆုံးသည်နှင့် စောခွန်နောင် [illegible]တိုင် နှင်းဆီပန်းအနီရဲရဲရောင် ပန်းကုံးကြီးတစ်ကုံး ကုလားယောဂီဆာဒူးကြီး၏ လည်ပင်းတွင်စွပ်၍

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး နယ်ပူးရော့ ကာလ်ဗင်ကလိန်း (Calvin Klein) မှ ထုတ်လုပ်သော အော့ဗ်ဆက်ရှင် (Ofsession) နှင်းဆီနက် နံပါတ် (၉) ရေမွှေးအမျိုးအစား တစ်ပုလင်းလုံး ပက်ဖျန်းရာ ရပ်ကလာပ်တစ်ခုလုံးနှင်းဆီနံ့ သင်းပျံ့မွှေးကြိုင်နေ၏။ ဟိန္ဒူရိုးရာ ဓလေ့ထုံးစံအတိုင်း ဆေးရုံကြီးဘေးပေါက်မှ ထမ်းယူထွက်သွားကြပြီးလျှင် မော်လမြိုင်တောင်တန်းကြီး၏ အရှေ့ဘက်၌ရှိသော မြေနီကုန်း ဟိန္ဒူသုသာန်သင်္ချိုင်းညောင်ပင်ကြီး၏အောက်၌ မြေမြှုပ်သင်္ဂြိုလ်လိုက်ကြ၏။ စောခွန်နောင်သည် ဆေးရုံအုပ်ကြီး သမားတော် ဒေါက်တာ "အောင်ခင်" အား ခွင့်တိုင်မြေ ကြားပြီး၊ အသုဘလိုက်ပို့၏။ မြေမြှုပ်သင်္ဂြိုလ်ခြင်းကိစ္စ ပြီးဆုံးသွားသောအခါ၊ အားလုံးပြန်သွားကြကုန်သော်လည်း စောခွန်နောင်တစ်ယောက် စိတ်မကောင်းခြင်းများစွာဖြင့် မြေပုံဘေး၌ ရပ်နေ၏။ မည်မျှကြာအောင် ရပ်နေမိသည် မသိ၊ အသုရိန်နေမင်းကြီးသည် သံလွင်မြစ်၏ အနောက်ဘက် မိုးကုတ်စက်ဝိုင်းအတွင်း သက်ဆင်းငုံ့ဝင် မှေး



ကွယ်သွား၏။ သုသာန်သင်္ချိုင်းတစ်ခုလုံး မဟုရာ အမှောင်ထုဖုံးလွှမ်းကာ ပရစ်သံများ၊ ရင်ကွဲသံများ ပေါ်ထွက်ကြားသာရ၏။

အမှောင်ထုအတွင်းမှ ခွေးအူသံများထွက်ပေါ်လာပြီး နောက်၊ ခွေးနက်လေးတစ်ကောင်သည် စောခွန်နောင် မတ်တပ်ရပ်နေသော ခြေရင်းနံဘေးကို ခေါင်းဖြင့် တိုးဝှေ့ ပွတ်သပ်နေ၏။ စောခွန်နောင် ငုံ့ကြည့်လိုက်ရာ ခွေးလေးသည် မိမိ၏ ကိုယ်ပေါ်သို့ နောက်ခြေထောက်နှစ်ဘက် အားပြုမတ်တပ်ရပ်ရင်း သခင်ရင်းပမာ ခင်တွယ်နေပုံရ၏။ တော်မှောင်လာပြီးဖြစ်၍ ဘေးပတ်ဝန်းကျင်သို့ ကြည့်လိုက်သောအခါ မိမိတစ်ဦးတစ်ယောက်မှတစ်ပါး၊ မည်သူ့ကိုမှ မတွေ့ရချေ။ ထိုစဉ် စောခွန်နောင်၏ နားထဲ၌ -

"လူလေး ... ဘာဘာကြီးအတွက် ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့" ဟု ကြားယောင်နေမိ၏။ မြေပုံ နံဘေးမှ ထွက်၍ အတ်ဂူဝန်းကျင်မလှမ်းမကမ်းတွင် ရပ်ထားသော မိမိ၏ အနီရဲရဲရောင် တံခါးနှစ်ပေါက်ပါသော ဂျစ်ကား

www.burmeseclassic.com

www.burmeseclassic.com



စပို့ကားဆီသို့ တစ်လှမ်းချင်းလျှောက်ခဲ့၏။ ခွေးနက်လေးမှာ မိမိ၏ အရှင်သခင်ပမာ စောခွန်နောင်၏ နောက်သို့ တစ်ကောက်ကောက်ပါအောင် လိုက်လာ၏။ ကားပေါ်သို့ မတက်မီ မြေပုံဘက်ဆီသို့ တစ်ချက်လှမ်းကြည့်နေစဉ် -

"လူလေး ... ဘာဘာကြီးဆီကို ခဏခဏလာပါ။ ဒါမှလည်း ဘာဘာကြီး လူလေးဆီလာရကျိုး၊ တွေ့ရကျိုး နပ်တော့မှာပေါ့။ မလာဘဲနဲ့ မနေပါနဲ့" ဟု ကြားနေသယောင် စိတ်တွင် ခံစားနေရ၏။ စောခွန်နောင်သည် ကားပေါ်တက်၍ မြေနီကုန်းသုသာန်သင်္ချိုင်းအတွင်းမှ အရှိန်ပြင်းစွာဖြင့် မောင်းထွက်ခဲ့၏။ ခွေးနက်လေးမှာမူ မောင်းထွက်သွားသောကားကို မော့ကြည့်ရင်း မြေပုံကြားတွင် ကျန်ရစ်ခဲ့လေတော့၏။

○○○



(၄)

စောခွန်နောင်သည် နောက်တစ်နေ့နံနက် ဆေးရုံသို့ အလုပ်မဆင်းမီ မော်လမြိုင် မိုင်ဒါဈေးရှေ့ ဈေးချိုပန်းသည် များထံမှ နိုင်ငံခြားသစ္စာပန်း ပတ္တမြားရောင် အနီရဲရဲ ခက်၊ စံပယ်ပန်းကုံးရှည်ကြီးများနှင့် နှင်းဆီပန်း အနီရဲရဲ ာင်များ ဝယ်ယူ၍ ကုလားယောဂီ ဆာဒူးကြီး၏ မြေပုံဆီသို့ ကားဖြင့် မောင်းထွက်လာ၏။ ကားကို မြေပုံ ဂူများအတွင်းထဲအထိ မောင်းဝင်ထိုးရပ်လိုက်၏။ ခွန်နောင် ကားထိုးရပ်ပြီး တံခါးဖွင့်ဆင်းလိုက်သော ါ ယမန်နေ့ညနေက တွေ့ခဲ့ရသော ခွေးနက်လေး ခေါင်းခါခါ အမြီးတရမ်းရမ်းနှင့် ဆီးကြိုနေရှာ၏။

www.burmeseclassic.com

www.burmeseclassic.com



ကုလားယောဂီဆာဒူးကြီး၏ မြေပုံရှိရာသို့ စောခွန်နောင်၏ ရှေ့မှ ခွေးနက်လေး ဦးဆောင်ထွက်သွား၏။ မြေပုံနေရာသို့ ရောက်၍ ကြည့်ပြန်သောအခါ စောခွန်နောင်ထက် ဦးစွာရောက်လာသူတစ်ဦး၏ (၁) မြေပုံခေါင်းရင်းတစ်ပိုင်း လုံး အနီရောင် နှင်းဆီပန်းတစ်ပွင့်ချင်း ဖြန့်စီချထားခြင်း (၂) မြေပုံခေါင်းရင်းတည့်တည့် ကုလားရိုးရာစလေ့ ပင်စိမ်း ပင်ကြီးတစ်ပက်ကို ပန်းအိုးနှင့်တကွ မြေမြှုပ်ချ စိုက်ထား ခြင်း (၃) ပင်စိမ်းကိုင်းများပေါ်တွင် စံပယ်ပန်း ကုံးရှည် ကြီးများနှင့် ကြက်ရုံးပန်းကုံးရှည်ကြီး လုပစွာ တင်ထား ချိတ်ဆွဲထားသလို အံ့ဩဖွယ်ရာတွေ့ရ၏။

စောခွန်နောင်သည် ယနေ့တွင် ထူးထူးခြားခြား သက်သက်လွတ်စားသည့်အပြင် နဝင်္ဂသီလ၊ ကိုးပါးသီလ ကိုပါ စောင့်ထိန်းလာ၏။ ထူးထူးခြားခြား ကျင့်ကြံလာသော နေ့တွင် စောခွန်နောင်အဖို့ ဦးစွာပထမ ထူးထူးခြားခြားမှ တွေ့ကြုံလာရခြင်းဖြစ်သည်။ မိမိဝယ်ယူလာသော နှင်းခြ သစ္စာပန်း၊ ပတ္တမြားရောင် အနီရဲရဲကိုးခက်ကို မြေစဦ



ကြီးတစ်အိုးတွင် ထည့်၍ မြေပုံခေါင်းရင်း၌ တင်ထား၏။ နှင်းဆီပန်းအနီရဲရဲရောင်ကို ပထမရှေ့ဦးလူ တင်သွားသည့် အတိုင်း အပွင့်ချည်းသက်သက် အညှာရိုးတံမပါဘဲ မြေပုံအောက်ပိုင်းသို့ ဆက်လက်၍ စီချသွား၏။ နှစ်ဦးပေါင်း လိုက်မှ မြေပုံတစ်ခုလုံး နှင်းဆီပန်းအနီရဲရဲ ရောင်ဖြင့် လုပသွား၏။ ပါလာသော စံပယ်ပန်းကုံးရှည်များကို မြေပုံ၏ လေးဘက်လေးတန်၌ ဘောင်ခတ်စီတန်း ချထားရာ စပယ်ပန်းကုံးအနားကွပ်မြေပုံ ဖြစ်သွား၏။ ကျန်ရှိ ကြက်ရုံးပန်းကုံးများအား အသည်းပုံအသွင် ခေါင်းရင်း၊ အလယ်၊ ခြေရင်းပိုင်းသုံးနေရာ၌ လုပစွာ တင်ထားလိုက်၏။ အသည်းပုံသုံးပုံမှာ ထူးခြားလွန်းလှ၏။ အားလုံးပြင်ဆင်ပြီး သွားသည်နှင့် မြေပုံခြေရင်းမှနေ၍ သုံးကြိမ်သုံးခါ ရှိခိုး ကန်တော့၏။ ရှိခိုးကန်တော့ပြီး မတ်တတ်ရပ်မည်အပြုတွင် မြေပုံခြေရင်း၌ အသည်းပုံရွှေလောကာတ်နှင့် ရွှေဆွဲကြိုး တစ်ကုံးကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



စောခွန်နောင်သည် ရွှေထည် ပစ္စည်းလေးနှစ်ခုကို ကောက်ယူပြီး ပတ်ဝန်းကျင်သို့ လှည့်ကြည့်လိုက်သော်လည်း ခွေးနက်လေးတစ်ကောင်မှ တစ်ပါး၊ လူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရချေ။ ခွေးနက်လေးမှာမူ စောခွန်နောင်အား တစ်လှည့်၊ အသည်းပုံ ရွှေလောကတ်နှင့် ရွှေဆွဲကြိုးအားတစ်လှည့်ကြည့်ရင်း မပြတ်တမ်း ဟောင်နေ၏။ စောခွန်နောင် ငေးကြည့်စဉ်းစားနေချိန်ဝယ် -

"သက်သတ်လွတ်စားရင် ကိုးရက်အတွင်း ထူးခြားလာပါလိမ့်မည်။ ထူးခြားလာတာနှင့်အမျှ စိတ်ချမ်းသာကိုယ်ချမ်းသာဖြစ်လာမှာ အမှန်ပဲ"။ ဟု အိပ်မက်ထဲမှ ပန်းဘာသာ ကုလားယောဂီဆာဒူးကြီး၏ စကားကို ကြားယောင်နေမိ၏။ စောခွန်နောင်သည် ဒုတိယအကြိမ်မြောက်အဖြစ် မြေပုံကို ရှိခိုးကန်တော့ပြီး ထွက်လာခဲ့၏။ ခွေးနက်လေးမှာမူ စောခွန်နောင်၏ ကားရှိရာထိ လိုက်ပို့ဆောင်ပြီးနောက် မြေပုံဘေးတွင် သနားစဖွယ် ကျန်ရစ်ခဲ့ရှာ၏။



နောက်တစ်နေ့ ဒုတိယနေ့တွင် စောခွန်နောင်သည် ပန်းများ၊ မုန့်မျိုးစုံ၊ စက္ကူကတ်ထူပြားသေတ္တာနှင့် ပန်းဘာဘာကုလားယောဂီဆာဒူးကြီး၏ မြေပုံသို့လာသောအခါ ယမန်နေ့မှ တင်ထားသော ပန်းဟောင်း ပန်းနွမ်းများကို မြေပုံ၏ခြေရင်း ခပ်လှမ်းလှမ်းတွင် နှင်းဆီပန်း သီးသန့်တစ်ပုံ၊ စံပယ်နှင်းကြက်ရုံးပန်းများက တစ်ပုံနှင့်အတူ သစ္စာပန်း တစ်ပုကိုပါ သပ်သပ်ရပ်ရပ် ခွဲခြားစွန့်ပစ်ထားသည်ကိုတွေ့ရ၏။ ခေါင်းရင်းတွင် ရှိနေသော မြေစဉ့်ပန်းအိုးကိုမူ ရေအိုးအား ရေဖြည့်ထား၏။ ပြုလုပ်ထားပုံမှာ အိမ်ထောင်ထိန်းသိမ်းမှု ကိုနိုင်၍ စည်းကမ်းရှိသော ခေတ်ပညာတတ်အမျိုးသမီးတစ်ဦးတစ်ယောက် ဖြစ်လိမ့်မည်ဟုထင်ရသည်။

စောခွန်နောင် မြေပုံခေါင်းရင်း၌ ကုလားမုန့်မျိုးစုံပါသည့် စက္ကူကတ်ထူပြားမုန့်သေတ္တာကို ချလိုက်ရာ၊ မိမိထက်အရင် ဦးစွာချထားနှင့်သော ကုလားမုန့်မျိုးစုံမျိုးတူမုန့်တစ်ဘူးကို တွေ့ရ၏။ ရေဖြည့်ထားသော ပန်းအိုးတွင် အဝါရောင်သစ္စာပန်း ကိုးခက်တစ်အိုးထိုးလိုက်၏။ နှင်းဆီ

www.burmeseclassic.com

www.burmeseclassic.com



ပန်းအဝါရောင်ပွင့်များကို ပထမသူ၏ အဝါရောင်နှင်းဆီ အောက်မှာ တစ်ပွင့်ချင်းစီချသွား၏။ ယူဆောင်လာသော စံပယ်ပန်းကုံး ရှည်ကြီးများကိုလည်း မြေပုံနံဘေး၊ လေး ဘက်လေးတန်တွင် စီတန်းချထားလိုက်သည်။ ကြက်ရုံး ပန်းများအား အသည်းပုံသွင် ခေါင်းရင်း၊ အလယ်၊ ခြေရင်း သုံးနေရာ လှပစွာတင်ထားလိုက်၏။

အားလုံးပြင်ဆင်ပြီးစီးသွားသည်နှင့် မြေပုံခြေရင်း၌ ထိုင်ကာရှိခိုးကန်တော့သည်။ ရှိခိုးကန်တော့ပြီး မတ်တပ် ရပ်လိုက်ရာ၊ မိမိခြေထောက်နှစ်ဘက်ကြား၌ ရွှေလက်ပတ် ကြိုး အပျော့တစ်ခု ပြတ်ကျနေသည်ကို တွေ့ရ၏ စောခွန်နောင် ကောက်ယူ၍ ဘေးပတ်ဝန်းကျင်သို့ လိုက် ကြည့်သော်လည်း ခွေးနက်လေးတစ်ကောင်မှတစ်ပါး လူတစ်ဦးတစ်ယောက်ကိုမှ မတွေ့မမြင်ရချေ။ စောခွန် နောင်သည် လက်ပတ်ကြိုးလေးကို ညာဘက်လက်တွင် ဆုပ်ကိုင်ထားရင်း ကားမောင်း၍ ပြန်လာခဲ့၏။ ကောက် ထားသော ပစ္စည်းနှစ်မျိုးလုံးအတွက် စဉ်းစားစရာ ဖြ



နောက် တတိယနေ့၌ စောခွန်နောင် ပန်းများ၊ ကွမ်းယာများ၊ တိုရှည်များနှင့် ပန်းဘာဘာ ကုလားယောဂီ ဆာဒူးကြီး၏မြေပုံသို့ လာရောက်ကန်တော့ပြန်၏။ ယမန် နေ့မှ တင်ထားသော ပန်းဟောင်းများကို မြေပုံ၏ ခြေရင်းတွင် သပ်ရပ်စွာ စွန့်ပစ်ထားသည်ကို တွေ့ရ၏။

ခေါင်းရင်းတွင်ရှိနေသည့် ရေဖြည့်ထားသော ပန်းအိုး တွင် ပန်းရောင်သစ္စာပန်း ကိုးခက် ထိုးစိုက်လိုက်သည်။ မြေပုံခေါင်းရင်းဝယ် ဖက်ပျော့ဖက်အထပ်ထပ်ဖြင့် ခင်းတင် ထားသော ကွမ်းယာများနှင့် တိုရှည်များကို ပထမဦးသူ တင်ထားသည့် ဘေး၌ ယှဉ်လျက် တင်ထားလိုက်၏။

နှင်းဆီပန်း ပန်းရောင်ပွင့်များကို ပထမသူ၏ပန်းရောင် နှင်းဆီပွင့်အောက်ပိုင်းမှ ဆက်လက်၍ တစ်ပွင့်ချင်းစီ ချသွားသည်။ သုံးရက်တိုင်တိုင် နှင်းဆီပန်းအရောင် တိုက်ဆိုင်မှုမှာလည်း အံ့ဩစရာပင်။

www.burmeseclassic.com

www.burmeseclassic.com



ယူဆောင်လာသော စံပယ်ပန်းကုံးရှည်ကြီးများအား လေးဘက်လေးတန် စီတန်းဘောင်ခတ်ချထားလိုက်သည် ကြက်ရုံးပန်းများကိုမူ အသည်းပုံပြုလုပ်လျက် ခေါင်းရင်း အလယ် ခြေရင်းသုံးနေရာတို့၌ လှပစွာ တင်ထားလိုက်၏ အားလုံးပြင်ဆင်ပြီးစီးသွားသည်နှင့် မြေပုံခြေရင်းမှ ရှိခိုးကန်တော့သည်။ ရှိခိုးကန်တော့ပြီး မတ်တပ်ရပ်တော မည့်အပြုတွင် မြေပြင်တစ်ခွင် သတိထားပြီး ကြည့်လိုက် တော့မှ မိန်းမတစ်ယောက်ယောက်၏ စိန်ကြယ်သီးတစ်လုံ ပြုတ်ကျကျန်ရစ်ခဲ့သည်ကို ကောက်ရမိပြန်၏။ စောခွန် နောင်သည် ထိုကြယ်သီးကို ကောက်ယူ၍ သုသာန် သင်္ချိုင်းအတွင်းမှ ကားမောင်းထွက်လာခဲ့၏။

စတုတ္ထနေ့တွင် စောခွန်နောင် အိမ်ရာမှ စောစောစီး ထပြီးနောက် မော်လမြိုင် မိုင်ဒါပန်းဈေး ဈေးချိုသည်မျာ ထံမှ နိုင်ငံခြားသစ္စာပန်းအဖြူရောင်နှင့် အဖြူရောင် နှင်း ပန်းများ စံပယ်ပန်းများနှင့် ကြက်ရုံးပန်းများအပြင် အလိုရှိ



တို့ကို စိတ်တိုင်းကျဝယ်ယူ၍ ကားမောင်းထွက်လာ၏။ မိမိ၏ကားကို ထားနေကျနေရာတွင်မဟုတ်ဘဲ နေရာပြောင်း ရွှေ့၍ ရပ်ထားပြီးပန်းတင်ရမည့်ကိစ္စအဝဝကို ငွေနှင်းမှုန် များကြား၌ တစ်ယောက်တည်း ပြင်ဆင်ပြုလုပ် ပန်းကွယ်၍ စောင့်နေ၏။

မကြာလိုက်ပါ။ မိုင်ဒါပန်းဈေးမှ ပန်းများဝယ်ယူပြီး တင်သောနေ့တွင်မှ တိုက်တိုက်ဆိုင်ဆိုင် အပေါ်အောက် ပိုးသားပျော့ပျော့ အဖြူရောင်ဝတ်ထားသည့် ဆာဒီဝတ်ရုံ ထားသူ ဟိန္ဒူအမျိုးသမီး ချောချောလှလှ သွယ်သွယ်လျလျ ဖြူဖြူဖွေးဖွေး မြင်ရသူငေးလောက်အောင် လှမျိုးတစ်ရာ ကြွယ်၍ ယဉ်မျိုးတစ်ရာခသော မနောနတ်သမီးအသွင် သူပျိုစင်ကို စောခွန်နောင် မြင်လိုက်ရ၏။ စောခွန်နောင် သည် မြင်လျှင်မြင်ချင်း ရင်တွင်းနှလုံး ချစ်သွေးဖုံးကာ ပန်းကွယ်နေရာမှ ပြုံးပြုံးကြီးကြည့်နေမိ၏။ အသေအချာ ထပ်မံကြည့်လိုက်ရာ အိပ်မက်ထဲမှ ပန်းဘာဘာကြီးနှင့် အဘ ရုဖန်ရုံခါ ပါလာသူ နတ်မိမယ်တစ်ပါး ဖြစ်လေမည်

www.burmeseclassic.com

www.burmeseclassic.com



လားဟု စောခွန်နောင် ထင်ယောင်ထင်မှား ဖြစ်နေမိသည်။ အမှန်တကယ်လည်း အိပ်မက်ထဲမှ မိန်းကလေးနှင့်တူနေ၏။

အဖြူရောင်ဆာဒိဝတ်ထားသူ ဟိန္ဒူမလေးသည် မိမိထက်အရင်ဦးစွာ ပထမရောက်လာသူကို တအံ့တသြဖြစ်နေမိရင်းပန်းများကို တစ်ယောက်တည်း ပြင်ဆင်ချထား၏။ သူမ၏ဘေးမှ အရပ်ထောင်ထောင် မောင်မောင်း၊ အသားမည်းမည်း မိုက်ရူးရဲလုပ်ဝံ့ကိုင်ဝံ့ သတ်ဝံ့သည်ဟု ထင်ရသော ဟိန္ဒူကုလား သက်တော်စောင့်နှစ်ဦးကို လက်နှစ်ဖက်ပိုက်ရင်း ရပ်စောင့်နေကြသည်ကို တွေ့ရ၏။ သူမ၏ ဘေးမှသူမကဲ့သို့ပင် ချောလှသူ အဖြူရောင် ဆာဒီဝတ် အခြွေအရံတစ်ပါး လိုက်ပါလာသည်ကို တွေ့ရ၏။ ကိစ္စအဝဝ ပြီးဆုံးပြီးသည်နှင့် ဟိန္ဒူမလေးသည် မြေပုံခြေရင်းမှ ထိုင်၍ ရှိခိုးကန်တော့၏။

ရှိခိုးကန်တော့ပြီး မတ်တပ်ရပ်လိုက်သည်နှင့် အဖြူရောင် ကုတ်အင်္ကျီ၊ အဖြူရောင်ဘောင်းဘီရှည်၊



အဖြူရောင်ဘွတ်ဖိနပ်စီးထားသူ ဒေါက်တာစောခွန်နောင်သည် ပုန်းကွယ်နေရာမှ တစ်လှမ်းချင်းထကာ သူမထံပါးသို့ လျှောက်လာ၏။ စောခွန်နောင်လျှောက်လာသောအသံကို ကြားရသောအခါ ဟိန္ဒူကုလားသက်တော်စောင့် နှစ်ဦးတို့သည် စောခွန်နောင်လာရာဘက်သို့ လုံးဝလှည့်မကြည့်ကြပေ။ ထိုစဉ် -

“ချွင်”ခနဲအသံကို ကြားလိုက်ရပြီး ဟိန္ဒူကုလားသက်တော်စောင့်နှစ်ယောက်တို့၏ ပြောင်လက်တောက်ပနေသော အသွားထက်သည့် ဓားနှစ်လက်စလုံး ဓားအိမ်မှ အသီးအသီးအပြင်ဘက်သို့ ရောက်ရှိလာကြ၏။ စောခွန်နောင်သည် လုံးဝကြောက်ရွံ့ခြင်းမရှိဘဲ ခြေလှမ်းမပျက်၊ အိန္ဒြေမပျက် နတ်မိမယ်တမျှ လှပသူလေးထံသို့ လျှောက်သွား၏။ စောခွန်နောင်သည် သူ့လက်ထဲမှ အသည်းပုံရွှေလော့ကတ်၊ ရွှေဆွဲကြိုး တစ်ကုံး၊ ရွှေလက်ပတ်ကြိုးအပျော့၊ မိန်းမစိန်ကြယ်သီးတစ်လုံးကို နတ်မိမယ်လေးအား ပေးလိုက်၏။ ထိုအခိုက်မှာပင် -

www.burmeseclassic.com

www.burmeseclassic.com



"ရှိး"ခနဲ လေတိုးသံကြားလိုက်ရပြီး ဟိန္ဒူကုလားဓားကောက်ကြီးက စောခွန်နောင် လှမ်းပေးလိုက်သည့် ညာဘက်လက်ကို ခုတ်ချလိုက်၏။ ရှမ်းရိုးရာ၊ မြန်မာ့ရိုးရာ သိုင်းတတ်ထားသူ စောခွန်နောင်မှာ လေ၏ အလျှင်ကဲ့သို့ ဆတ်ခနဲလက်ကို ရုတ်သိမ်းလိုက်ပြီး ညာဘက်ခြေထောက်ဖြင့်ခုတ်သူ၏ ဘယ်ဘက်မေးရိုးသို့ ညာဘေးတိုက်အားကုန်ကန်ပစ်လိုက်ရာ ဖိုသူသည် ဓားကိုင်လက် ညာဘက်သို့ ယိမ်းယိုင်ကာ တစ်ချက်မှုးဝေသွား၏။

စောခွန်နောင်၏ အစွမ်းအစကို မြင်လိုက်သော ကျန်သက်တော်စောင့် တစ်ယောက်သည် ဓားကောက်ကြီးအားကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း ခုတ်တော့မည်အပြုတွင် လုကေရီလေးကပြေး၍ ခေါင်းခါပြလိုက်သည်နှင့် နောက်ဆုတ်သွားတော့၏။ စောခွန်နောင်ဒုတိယအကြိမ် ရှေ့တိုး၍ ရွှေထည်ပစ္စည်းများကို လှမ်းပေးလိုက်ရာ သူမက -

"ကျေးဇူးတင်ပါတယ် အစ်ကိုစောခွန်နောင်"



"ဟာ ... ဘယ်တုန်းကသိတာလဲ၊ အစ်ကိုဘာမှမသိပါလား။ လူမှားနေပြီထင်တယ်၊ တူးဆန်းလိုက်တာ"

"အစ်ကို စောခွန်နောင်ဟာ ဘဝအိုးအိမ်အကြိမ်ကြိမ်ပြောင်းလဲခဲ့ရလို့ မမှတ်မိတော့ဘူးထင်ပါရဲ့။ ညီမလေးသစ္စာဝတီဒေဝီကတော့ အိပ်မက်ထဲမှာ ပန်းဘာဘာဟိန္ဒူကုလားယောဂီ ဆာဒူကြီးနဲ့ အိပ်မက်မက်နေရာက အစ်ကိုစောခွန်နောင်ကို ကောင်းကောင်းတွေ့ဖူး မြင်ဖူးနေပါတယ်ရှင်"

"အစ်ကိုနောင်က အိပ်မက်ထဲမှာတော့ ရေးရေးပဲ...တ်မိတယ်။ တူးဆန်းလိုက်တာ။ အပြင်မှာ အခုမှ မြင်ဖူး...တွေ့ဖူးတော့တယ် ညီမလေးရဲ့"

"အစ်ကိုနောင်က ညီမလေးနဲ့ ဘာဘာကြီးကို မမှတ်မိ...ဘူးသာပါ။ မော်လမြိုင်ဒိုင်းဝန်ကွင်း မြို့ပေါက်ဝ၊ ကာလီမန်...ညောင်ပင်ကြီးအောက်မှာတုန်းက တစ်ကြိမ်၊ ရွှေကညင်ပင်...ကြီးအောက်မှာက တစ်ကြိမ်၊ ကုလားကျောက် တစ်ရုံး...တော်တုန်းက တစ်ကြိမ်၊ ဟိန္ဒူကုလား မီးနင်းပွဲတုန်းက

www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်၊ ဘိုကုန်းဘီလူးမ ကျောင်းဘေး ဟိန္ဒူ ကုလား သင်္ကြန်ပွဲတုန်းက တစ်ကြိမ်၊ စုစုပေါင်း ငါးကြိမ်တိတိ ဘေးချင်းကပ် တွေ့ခဲ့ဆုံခဲ့ဖူးပါတယ် အစ်ကိုနောင်၊ အစ်ကိုနောင်ကို လိုက်ရှာနေတာ ကြာပြီပဲ။ အခုမှ အနီးကပ်တွေ့ရတော့တယ်။

"ညီမလေးက အစ်ကိုနောင့်ကို ဘာအတွက် လိုက်ရှာနေတာလဲ ပြောပါဦး"

"ခက်ပါလား၊ အစ်ကိုနောင်ရယ်၊ အစ်ကိုနောင်အတွက် ပညာဆက်၊ ပဋ္ဌာန်းဆက်၊ ဘဝဆက် သစ္စာရှင်လေး ဖြစ်ပါတယ်။ ဒါကြောင့်သာ သံသရာတစ်ကွေ့ ခန္ဓာအိုးအိမ် အကြိမ်ကြိမ် ပြောင်းသွားပေမဲ့ သစ္စာမေတ္တာ စေတနာ အပြည့်အဝနဲ့ မတွေ့တွေ့အောင် လိုက်ရှာနေရတာ အခု တွေ့ရတော့တယ်။ အိပ်မက်ထဲမှာ ညီမလေးရဲ့ ပညာဆက် ပဋ္ဌာန်းဆက်၊ ဘဝဆက်သစ္စာရှင်ကြီးဖြစ်ခဲ့တဲ့ ပန်းဘာဘာကြီး ဟိန္ဒူကုလားယောဂီဆရာဒူးကြီးက မြန်မာနိုင်ငံ မော်လမြိုင်မြို့ကို ရောက်နေကြောင်း အိပ်မက်ထဲ



မက်ရာက အိန္ဒိယနိုင်ငံကနေ ဒီကို မရောက်ရောက်အောင် လာပြီး လိုက်လံရှာဖွေရင်း မော်လမြိုင်မြို့ကို ရောက်လာရပါတယ် အစ်ကိုနောင်"

"ဟာ ... အင်မတန် ထူးဆန်းအံ့ဩစရာပဲ၊ မဖြစ်နိုင်ဘာ၊ တကယ့်ကို မဖြစ်နိုင်တာပဲ။ ညီမလေး သစ္စာဝတီ အဝီရယ်"

"အစ်ကိုနောင် .. လောကမှာ မဖြစ်နိုင်တာမရှိဘူး။ ဖြစ်သေးတာပဲရှိတယ်။ အစ်ကိုနောင် မြန်မာနိုင်ငံကို ရောက်နေမှန်းသိလို့ ညီမလေး ဆရာဝန်ဘွဲ့ရပြီးတာနဲ့ အိန္ဒိယနိုင်ငံမှာပဲ မြန်မာစာပေနဲ့ မြန်မာစကားကို တတ်အောင်သင်ပြီးလိုက်ရှာရင်း ပန်းဘာဘာကြီးရဲ့ ကျေးဇူးကြောင့် မော်လမြိုင်မြို့တောင်တန်းရဲ့ အရှေ့ဘက်မှာ ရှိတဲ့ မြနီကုန်းသုသာန်သင်္ချိုင်းထဲမှာ အခုမနက်မှ လာတွေ့ရခြင်းဖြစ်ပါတယ်"

"အခု ညီမလေးက မော်လမြိုင်ဘယ်မှာတည်းနေလဲ၊ အိန္ဒိယနိုင်ငံမှာရော ဘယ်မှာနေလဲ ပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး အခု မော်လမြိုင်အောက်လမ်းမကြီး ဗိုလ်ချုပ်လမ်းမကြီး နန်းတော်ရဲ့ ရုပ်ရှင်ရုံနားက ဆရာဝန်ကြီး ဒေါက်တာဆွန်ဒရွန်းတိုက်မှာ တည်းပါတယ်။ မိဘတွေကတော့ ပြည်နယ်စော်ဘွားတွေပါ အစ်ကိုနောင်"

"အခု ညီမလေးအတွက် အစ်ကိုနောင် ဘာလုပ်ပေးရမလဲ၊ ဘာတွေဖြစ်ချင် သိချင် လုပ်ချင်လဲ၊ ဒါအရေးအကြီးဆုံးပဲ"

"ညီမလေး သစ္စာဒေဝီဟာ ဒီသင်္ချိုင်းကိုလာရင် ကိုယ့်ဖူးစာဖက် အစစ်အမှန် ပညာဆက်၊ ပဌာန်းဆက်၊ ဘဝဆက် သစ္စာရှင်ဖူးစာဖက်ကို တွေ့မယ်လို့ အိပ်မက်ထဲမှာ ပန်းဘာဘာကြီးက အိပ်မက်ပေးပါတယ်။ ပထမနေ့က ဆာဒီ အနီရဲရဲရောင် အပေါ်အောက် ဝတ်လာတုန်းက အစ်ကိုနောင် သစ္စာပန်းရော နှင်းဆီပန်းပါ အနီရဲရဲရောင် တင်ပါတယ်၊ ဒုတိယနေ့ ဆာဒီ အဝါရောင် အပေါ်အောက် ဝတ်လာတော့ အစ်ကိုနောင် သစ္စာပန်းရော နှင်းဆီပန်းပါ အဝါရောင် တင်ပါတယ်။ တတိယနေ့ ဆာဒီက ပန်းရောင်



အပေါ်အောက် ဝတ်လာတော့ သစ္စာပန်းရော နှင်းဆီပန်းပါ န်းရောင် တင်ပါတယ်။ ဒီနေ့ စတုတ္ထနေ့မှာ ဆာဒီအဖြူရောင်အပေါ် အောက်ဝတ်လာတော့ အစ်ကိုနောင်က သစ္စာပန်းရော နှင်းဆီပန်းပါ အဖြူရောင်တင်ပါတယ်။

အဲဒီလေးရက်စလုံး ကိုက်ညီကတည်းက ဒီယောက်ျား ာင်းဟာ ညီမလေး သစ္စာဝတီဒေဝီရဲ့ ဘဝဖူးစာဖက် ြင်ယာလောင်း ခင်ပွန်းလောင်းဖြစ်ပြီဆိုတာသိရပါတယ်။ ာက်ကြင်ယာလောင်း၊ ခင်ပွန်းလောင်းအတွက်ပေးမယ့် ည်းရွှေလက်ဝတ်လက်စားတွေ ပျောက်သွားတာတော့ ာ်တာပဲလို့ထင်နေမိတာ။ ဖူးစာဖက်မှန်လို့သာ အားလုံး ရတာဖြစ်ပါတယ်အစ်ကို"

"အဲဒါမှ ခက်တော့တာပဲ ညီမလေး၊ အစ်ကိုနောင်ကို ်မယ်ဘုရား သီရိစန္ဒာမဟာဒေဝီကြီးနဲ့ ခမည်းတော် ား ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမဟာစော်ဘွား ပ်ခွန်မှိုင်းတို့က သဘောတူပြီးသား မိန်းကလေး ရှိပါ ယ်၊ အဲဒါ ဘယ်လိုလုပ်ကြမလဲ စဉ်းစားပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးမှာလည်း အစ်ကိုနောင်လို သဘောတူပြီး သား စကားပြောဆိုပြီးသား ပြည်နယ်စော်ဘွား စော်ကန် သား တစ်ဦးရှိပါတယ်။ အခုမှ အားလုံးခက်ကုန်ကြတော့ မှာပါလား အစ်ကိုနောင်ရယ်"

ဟုပြောပြီး မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် ဖုံးအုပ် လျက် ရှိုက်ကြီးတငင် ငိုပွဲဆင်နေ၏။ စောခွန်နောင်မှာမူ မည်သို့လုပ်ရမည်ကို မစဉ်းစားတတ်အောင် ဖြစ်နေစဉ် သစ္စာဝတီဒေဝီသည် မြေပုံအနီးမှ ပြေးထွက်သွားပြီးနောက် အသင့်စောင့်နေသော ကားတစ်စင်းပေါ်သို့ လိုက်တက်သွား၏။ သက်တော်စောင့်ကြီးနှစ်ဦးနှင့် အခြွေအရံမိန်းမတစ်ဦး ပါ ကားပေါ်သို့လိုက်တက်သွားပြီး၊ ကားမောင်းထွက်သွား ၏။ စောခွန်နောင်မှာမူ ကောက်ရသော ရွှေထည်ပစ္စည်းများ ကို ကိုင်တွယ်ရင်း သချိုင်းကုန်းအတွင်း၌ ကျန်ရစ်ခဲ့လေ တော့၏။



(၅)

နောက်ရက်များတွင် စောခွန်နောင်သည် နေ့စဉ် ရက်ဆက် နံနက်အရုဏ်တက်ချိန်မှစ၍ ဟိန္ဒူကုလား ယောဂီဆာဒူးကြီး၏ မြေပုံတွင် လာစောင့်နေသော်လည်း၊ တွေ့နေကျခွေးနက်တစ်ကောင်ကိုလည်း မတွေ့ရသည့် အပြင် ဘဝဆက်သစ္စာရှင်လေးဆိုသော "သစ္စာဝတီဒေဝီ" ဟိန္ဒူအမျိုးသမီး ချောချောလှလှလေးကိုပါ နောက်ထပ် မတွေ့ရတော့ချေ။ မြေပုံမှာလည်း တစ်နေ့ထက်တစ်နေ့ မှိုထားသော မြေကြီးများအက်ကြောင်းထ၊ ပက်ကြား အက်ဟလာသည်ကို အကွက်လိုက် အကွက်လိုက်

www.burmeseclassic.com



လူးဆန်းစွာတွေ့ရ၏။ စောခွန်နောင်မှာမူ ဝတ္တရားတစ်
အလား သစ္စာပန်း၊ နှင်းဆီပန်းတို့ကို တစ်နေ့တစ်ရောင်
ပန်းအိုးတွင်လည်းကောင်း၊ မြေပုံပေါ်တွင်လည်းကောင်
လာတင်၏။ စံပယ်ပန်းကုံးများနှင့် ကြက်ရုံးပန်းကုံးမျ
တို့ကိုလည်း၊ ယခင်အတိုင်း တင်မြဲတင်နေ၏။ တစ်
တွင် ရွှေဒင်္ဂါးတစ်ပြား ကိုင်ထားသော ကုလားငယ်
တစ်ယောက် စောခွန်နောင်ရှိရာ ဟိန္ဒူကုလားယော
ဆာဒူးကြီး၏ မြေပုံအနီးသို့ရောက်လာပြီး -

"ဟိန္ဒူကုလားယောဂီ ဆာဒူးကြီးတစ်ယောက်
မှာသွားပါတယ်။ ပန်းဘာဘာကြီးဟာ အင်မတန် အ
ကြီးတဲ့ ကိစ္စရပ်တစ်ခုအတွက် ကျင့်စဉ်တစ်ခုအတွက်
ဟိမဝန္တာတောင်ခြေတောအုပ်ကြီးထဲကို ချက်ချင်းထွ
သွားရလို့ပါ ဆိုပြီး မှာသွားပါတယ်။ ဒီရွှေဒင်္ဂါးတစ်ပြား
ပန်းဘာဘာကြီးပေးသွားတာ ဖြစ်ပါတယ်"ဟု ပြော
သည်နှင့် ရွှေဒင်္ဂါးတစ်ပြားကို ညာဘက်လက်ဖြင့် ပြော



ကြားသိလိုက်ရ၏။ သူမအား နောက်ထပ် လုံးဝ စုံစမ်း၍လည်း မရတော့ချေ။ နွေနွေ မိုးမိုး ဆောင်းဆောင်း တနင်္ဂနွေ နံနက်စောစောတိုင်း အဖြူရောင် အပေါ်အောက် နိုင်ငံခြား ဝတ်စုံ ဝတ်ထားသူ အရပ်ထောင်ထောင် မောင်းမောင်းနှင့် လူရွယ်တစ်ယောက်အား ဟိန္ဒူသင်္ချိုင်းအတွင်း ညောင်ပင်ကြီးအောက်၌ အမြဲမပြတ်တွေ့နေရသည်မှာ ယနေ့တိုင်အောင်ပင် ဖြစ်နေလေတော့သတည်း။

ပဉ္စဂုဏ်၊ အဟံဝန္ဒာမိ သဗ္ဗဒါ။

❐ မြပုလဲစန္ဒာညွန့်

www.burmeseclassic.com

www.burmeseclassic.com



(၁)

ဒေါက်တာစောခွန်နောင် အမ်အေ၊ ပီအိပ်ချ်ဒီ(လန်ဒန်

သည် ရန်ကုန်တက္ကသိုလ်သမိုင်းဌာနမှ ကထိကဖြစ်သည်

မိုးရာသီကျောင်းပိတ်ရက်တစ်ရက်တွင် ပဲခူးမြို့သို့ မိမိ

ကိုယ်ပိုင်ကား အနီရဲရဲရောင် မာစီဒီးစပို့စ်ကားဖြင့် ခ

ထွက်သွား၏။ ခရီးထွက်သွားရာတွင် မိမိနှင့်အတူ ဗလ

အိုက်စံ၊ အိုက်ပန်နှင့် ဦးခန်းလျှန်တို့ သုံးယောက်စ

ပါကြသည်။

# ပဲခူးဟင်္သာကုန်းမှ နွားကရိုင်းကျွဲရုပ်




www.burmeseclassic.com

www.burmeseclassic.com



ပဲခူး ရွှေမော်ဓောစေတီတော်ကြီးသို့ ဦးစွာတက်ရောက်ဖူးမြော်ကန်တော့ကြပြီးနောက် ပဲခူးဟင်္သာကုန်းဘက်ဆီသို့ ကားမောင်းထွက်လာ၏။ အပင်ကြီးကြီး အရိပ်ကောင်းကောင်းအောက်တွင် ကားကိုထိုးရပ် တံခါးပိတ်သောခတ်ထားခဲ့၏။

စောခွန်နောင် ပဲခူးဟင်္သာကုန်းတစ်ဝိုက် တစ်ယောက်တည်းသွားရောက်လှည့်လည် ကြည့်ရှုနေရာ ထမိတိုတို၊ နှပ်မပါ၊ သနပ်ခါးပါးကွက်ကြားနှင့် အသက်(၁၆)နှစ်အရွယ် နွားကျောင်းသူမလေးတစ်ယောက်ကို တွေ့ဆိုက်ရသည်။ စောခွန်နောင် မြေကြီးတူးဆွရှာဖွေနေသည်ကို ကြည့်ရင်း နွားကျောင်းသူမလေးက ရဲရဲတင်းတင်းသွက်သွက်လက်လက်နှင့် -

"ရှင် ပဲခူးဟင်္သာကုန်းတစ်ဝိုက်မှာ ရွှေလိုက်တူးနေတာလားရှင့်၊ သူဌေးတစ်ယောက်က ချမ်းသာနေရက်သားနှင့်၊ ရွှေလိုက်တူးနေစရာမလိုပါဘူးရှင်၊ သူဌေးတွေကိုက

www.burmeseclassic.com

www.burmeseclassic.com



လောဘကြီး ကြီးလွန်းနိုင်ပါပေတော်" ဟု ပြောဆို၍ နေရာမှ ခေါင်ကြီးအောင်ကြီး ထွက်သွား၏။ စောခွန်နောင် သူမကို ကြည့်ရင်းကျန်ရစ်ခဲ့၏။ စောခွန်နောင်က ဆတ်ဆတ်ကျဲ သာလိကာမလေးနောက်ကျောပြင်ကို ကြည့်ရင်း တစ်ခုခုတော့ အကြောင်းထူးလာတော့မည်ဟု နိမိတ်ကောက် အတိတ်ယူလိုက်သည်။ ဟသ်ာကုန်း ပတ်ဝန်းကျင် မြေသားများကို လိုက်လံတူးဆွနေရင်း ကျွဲရုပ်လေးတစ်ရုပ်ကို မြေသားထဲမှ တူးဖော်ရရှိသွား၏။

စောခွန်နောင် အသေအချာ ရေဆေးပွတ်သပ်ကြည့်လိုက်သောအခါ တူးဖော်ရရှိသွားသော ကျွဲရုပ်မှာ ရိုးရိုးကျွဲရုပ်တစ်ရုပ် မဟုတ်၊ မဟူရာကျောက်သား ကျွဲမ,ရုပ်တစ်ရုပ် ဖြစ်နေ၏။ နားရွက်ကားကား၊ ဦးချိုကြီးကြီးကားကားနှင့် ကျွဲရုပ်မကြီးဖြစ်နေသည်ကိုကြည့်ရင်း ဝမ်းသာနေ၏။ စောခွန်နောင်သည် ရရှိသော မဟူရာကျွဲမရုပ်ကြီးကို စိတ်ဝင်စားစွာကြည့်နေစဉ် အဝေးမှ အရှုးတစ်ယောက် ခုန်ပေါက် ကခုန်ရင်း ပါးစပ်မှ အားရပါးရ-



"စံပယ်ကိုင်းတဲ့စုတ်၊ အရွယ်မဟိုင်းသေးတဲ့ နားကားရိုင်းကျွဲရုပ်တဲ့ဟေ့" ဟု အော်ဟစ်လိုက်သည်နှင့် စောခွန်နောင် တူးဖော်ရရှိလိုက်သော အရုပ်မှာ ပဲခူးဟသ်ာကုန်းမှ မဟူရာနားကားရိုင်းကျွဲရုပ်တစ်ရုပ် ဖြစ်နေသည်ကို ကောင်းကောင်း သိရှိနားလည်သွား၏။ စောခွန်နောင်သည် ကျွဲရုပ်ကို မိမိ၏ အင်္ကျီအိတ်ထဲသို့ထည့်၍ သွားလာနေစဉ် ကျွဲရိုင်းကြီးတစ်ကောင် တောစိတ်ဝင်၊ မာန်ဖီရင်း တွေ့သမျှ မြင်သမျှ လိုက်ခွေ့ (ဝှေ့)နေ၏။ ကျွဲကြီးသည် အဝေးမှ စောခွန်နောင်ကို မြင်လိုက်သည်နှင့် တိုက်ကျွဲရန်သူ တစ်ကောင်အား မြင်လိုက်ရသကဲ့သို့ နှာမှုတ်ခွာပေါက်ကာ အရှိန်ထိုးပြေးဝင်လာ၏။

တောစိတ်ဝင်မာန်ဖီပြေးလာသော ကျွဲထီးကြီးသည် စောခွန်နောင်၏ ရှေ့တည့်တည့် ဝါးတစ်ပြန်အလိုအရောက်တွင် တုံ့ကနဲ ရပ်သွားပြီး နှာမှုတ်ခွာပေါက်ကာ ရှူးစိုက်ကြည့်နေ၏။ အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ ...လှမ်းချင်း နောက်သို့ဆုတ်ခွာသွား၏။ ဝါးနှစ်ပြန်အလို

www.burmeseclassic.com

www.burmeseclassic.com



အရောက်တွင် ကျွဲရိုင်းကြီးအား တစ်ဦးတစ်ယောက်က နောက်တင်ပါးအား ရိုက်လိုက်သည့်အလား လန့်ဖျပ်ခုန်ပေါက်ထွက်ပြေးသွားတော့သည်။

ပဲခူးဟင်္သာကုန်းတွင် ရန်များလုပါသည်ဟု ယူဆမိသဖြင့် လေးယောက်သားသည် ကားဖြင့်ပဲခူးမြို့ရှိ ဆင်လေးကောင်ဘုရား၊ ရွှေအောင်ရိုးဘုရားများဘက်ဆီသို့ ထွက်သွား၏။ ထိုမှတစ်ဆင့် ပဲခူးမဟာစေတီဘက်သို့ အလာ ကျွဲရုပ်တစ်အုပ်နှင့် မမျှော်လင့်ဘဲတွေ့ရာ အုပ်ထဲမှ ကျွဲကြီးတစ်ကောင် ပြေးထွက်လာပြီး ကားရှေ့တည့်တည့်တွင် ရပ်လျက် မာန်ဖီနေ၏။ စောခွန်နောင်သည် ကားကို ဝင်ခွေ့(ဝှေ့)မည်စိုးသောကြောင့် လုံးဝဟွန်းမတီးဘဲ ငြိမ်သက်စွာ ရပ်ထားလိုက်ရသည်။

အတန်ကြာအောင် ရပ်ကြည့်နေပြီးမှ ကျွဲကြီးသည် လမ်းဘေးအောက်သို့ ပြေးဆင်းထွက်သွား၏။ စောခွန်နောင်သည် မဟာစေတီတော်ကြီးမှအပြန် ရွှေသာလျောင်း



အရှေ့စောင်းတန်း ဘေးတစ်ဖက်တစ်ချက် ဈေးဆိုင်များ အရုပ်ဆိုင်များကို အပျင်းပြေ ဝင်ရောက်ကြည့်နေရာ အရုပ်ဆိုင်တစ်ဆိုင်တွင် မွှန်အဘိုးကြီးတစ်ယောက် ဝါးဆေးတံကြီးကို ခဲရင်း ကျွဲရုပ်တစ်ရုပ်ကို ကော်ပတ်စား အချောကိုင်နေပုံကို တွေ့ရ၏။ စောခွန်နောင်သည် ရပ်ကြည့်နေရင်း မွှန်အဘိုးအိုကြီးအား -

"အဘိုး ဒီကျွဲရုပ်ဟာ ရောင်းဖို့လားခင်ဗျာ၊ ရောင်းမယ်ဆိုရင် ကျွန်တော်ဝယ်ချင်လို့ပါ" ဟု ရိုရိုသေသေ အနားကပ်မေးလိုက်ရာ မွှန်အဘိုးကြီးက အားရပါးရ -

"ရောင်းမှာပေါ့ မောင်ရင်၊ ဒီကျွဲရုပ်ဟာ ရင်းတိုက်သားအနှစ်နဲ့ ပဲခူးအမေနားကားရိုင်းမယ်တော်က အိပ်မက်ပေးလို့ အိပ်မက်ထဲမှာမက်ပြီး တွေ့ခဲ့ရတဲ့ ကျွဲမကြီးရုပ်ကို ကြည့်ပြီးထုထားတာ မောင်ရင်ရဲ့" ဟု ရှင်းပြရာ စောခွန်နောင် ပိုမိုစိတ်ဝင်စားလာပြီး အဘိုးအိုအား -

"အဘိုးက ဆိုလုချည့်လား၊ တင်စားလုချည့်လား၊

www.burmeseclassic.com

www.burmeseclassic.com



အဘိုးရောင်းရင် ဘယ်လောက်နဲ့ ရောင်းမှာလဲ၊ ကျွန်တော် ဝယ်ချင်လို့ပါခင်ဗျာ" ဟု မေးရာ မွန်အဘိုးကြီးက ဆေးတံကို အားရပါးရဖွာရင်း -

"ဒီနားကားရှိင်းကျွဲရုပ်ကမလေျာ့တဲ့ဈေး ငွေ ၃၂၇ ကျပ်တိတိရမှ ရောင်းနိုင်မယ် မောင်ရင်ရဲ့ မောင်ရင်နဲ့ ဖြစ်ချင်မှဖြစ်မှာ၊ ဒီနားကားရှိင်းကျွဲမရုပ်ကြီးက အတိတ်နဲ့ နိမိတ်နဲ့ အိပ်မက်အရ ထုထားတာ ဝယ်မည့်သူက -

(၁) ငွေ ၃၂၇ ကျပ်အတိုင်း သူနှာမည်က ဖြစ်နေရမယ်။

(၂) ငွေ ၃၂၇ ကျပ်အတိုင်း သူ့အသက်ဟာ(၃၂)နှစ် ဖြစ်ရင်ဖြစ်၊ မဖြစ်ရင် (၂၇)နှစ် ဖြစ်ရမယ်။

(၃) ဝယ်မယ့်သူဆီမှာ အခုရောင်းမယ့် "ရင်းတိုက်" အနှစ်သား နားကားရှိင်းကျွဲရုပ်အတိုင်း ပဲခူးဟသ်ာကုန်းက ရလာတဲ့ နားကားရှိင်းကျွဲရုပ်တစ်ရုပ် ပုံစံတူ ချွတ်စွပ်တူ တစ်ရုပ် ပါလာရမယ်။

(၄) "ဝယ်မည့်သူဟာ အိမ်ထောင်မရှိသူ လူပျို



လွတ်ဖြစ်ရမယ်" တဲ့ဟု ပြောလိုက်ရာ စောခွန်နောင်က ပြုံးပြုံးပြုံးပြုံးနှင့် -

"ဟုတ်ပါတယ်ခင်ဗျာ၊ အဘိုးပြောတဲ့အတိုင်း ပြည့်စုံပါတယ်။ ကျွန်တော်က ငွေ ၃၂၇ ကျပ်အတိုင်း နှာမည်က

(၁) စောခွန်နောင် ဖြစ်ပါတယ်။

(၂) အသက် (၂၇) နှစ် ဖြစ်ပါတယ်။

(၃) ပဲခူးဟသ်ာကုန်းက ဒီနေ့မှ မဟူရာနားကားရှိင်းကျွဲရုပ်တစ်ရုပ်ရလာပြီးမှ အဘိုးဆီမှာ လာဝယ်တာ ဖြစ်ပါတယ်။

(၄) အဘိုးပြောတဲ့အတိုင်း အိမ်ထောင်မရှိ လူပျိုလွတ်တစ်ယောက် ဖြစ်ပါတယ်ခင်ဗျာ။ ဟောဒီမှာ စောခွန်နောင် ဒီနေ့ ပဲခူး ဟသ်ာကုန်းကရခဲ့တဲ့ မဟူရာ နားကားရှိင်းကျွဲရုပ်တစ်ရုပ်လေ" ဟု ပြောပြောဆိုဆို အိတ်ထဲမှ ကျွဲရုပ်ကို ထုတ်ပြလိုက်ရာ မွန်အဘိုးကြီးက အံ့တသြဖြစ်ကာ မယုံနိုင်ခြင်းများစွာတို့ဖြင့် စောခွန်နောင်အား ကြည့်ရင်း -

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ထူးဆန်းလှချည်လား အိပ်မက်ထဲမှာ မက်ပြီး တွေ့ခဲ့ရတဲ့ နားကားရိုင်းရုပ်ဟာ အဲဒီအရုပ်ပုံစံ အတိုင်းပဲ၊ အင်မတန် အံ့ဩစရာပါပဲ"

ဟု ပြောရင်း မဟူရာနားကားရိုင်းကျွဲရုပ်အား လှည့်ပတ်ကြည့်ရှုနေ၏။ ထိုအချိန်တွင် အရုပ်ဆိုင်သို့ ဟသ်ာကုန်းတွင် တွေ့ခဲ့ရသော နွားကျောင်းသူမလေး ဆတ်ဆတ်ကျဲ သာလိကာမလေး အနားသို့ ရောက်လာ၏။ သူမ ရောက်လာသည့်အချိန်တွင် စောခွန်နောင်က မွန်အဘိုးကြီးအား ငွေ ၃၂၇ ကျပ်ပေးပြီး ရင်းတိုက်အနှစ်သား နားကားရိုင်းကျွဲရုပ်လေးအား လှမ်းယူလိုက်၏။ ဆတ်ဆတ်ကျဲ သာလိကာမလေးက မျက်နှာပုပ်ပုပ် နှုတ်ခမ်းလေးစူစူဖြင့် စောခွန်နောင်၏ လက်ထဲမှ ကျွဲရုပ်ကို ဆတ်ကနဲ လှယူရင်း မွန်အဘိုးကြီးအား -

"ဘယ်လိုလဲ အဘိုးဦးကင်း၊ ကိုယ့်မြေးလေး လိုချင်တာကိုတော့ အလကားလဲမပေးဘူး။ ရောင်းလဲမရောင်းဘူးဆိုတော့ လွန်တာပေါ့။ မျက်နှာကြီးရာ ဟင်းဖတ်ပါတာလား အဘိုးဦးကင်းရဲ့" ဟု စကားနာထိုး အရွဲ့တိုက်ပြောနေရာ မွန်အဘိုးကြီး အဘိုးဦးကင်းက -

"မဟုတ်ရပါဘူး မြေးလေး မိဖွားအိမ်ရယ်၊ ဒီနားကားရိုင်းကျွဲရုပ်က အိမ်မက်အရ ထုပြီး သူနဲ့ထိုက်တန်တဲ့သူကို ရောင်းဖို့အတွက်ပါ။ ဒီနားကားရိုင်းကျွဲရုပ်ကို လှဝယ်တဲ့သူဟာ (၁) ယောကျ်ားဖြစ်လျှင် အခုဝယ်သူ စောခွန်နောင်ရဲ့အမိကရန်သူပဲ၊ (၂) မိန်းမသားဖြစ်လျှင် အခုဝယ်သူ စောခွန်နောင်ရဲ့ အမိကချစ်သူ ဖြစ်လာမယ်တဲ့။ မြေးလေး လိုချင်ရင် အဘိုးဦးကင်းနောက်ထပ် ထုပေးပါမယ်"

"ဟင်း ပြောလိုက်ရင်ဒါပဲ၊ မိဖွားအိမ် ပိုက်ဆံရှိလာတဲ့ တစ်နေ့ အဘိုးတော့ မသက်သာဖူးမှတ်ပေတော့။ ငွေထုပ်ကြီးနဲ့ အဖိုးကိုထုမယ်မှတ်ပါ" ဟုပြောရင်း မတတ်သာဘဲ စောခွန်နောင်အား ရင်းတိုက်အနှစ်သား နားကားရိုင်းကျွဲရုပ် လှလှလေးကို ပြန်ပေးလိုက်၏။ နှုတ်မှလည်း ရှုပ္ပရှုပ္ပနှင့်-



www.burmeseclassic.com

www.burmeseclassic.com



"ဒီကား အနီရဲရဲလေးကို ဟသ်ာကုန်းမှာကတည်းက တွေ့သား မိဖွားအိမ်က အနီရဲရဲဆိုရင် သိပ်ကြိုက်မှုကြိုက်၊ သွားကိုင်ကြည့်ဦးမလို့၊ မြို့သားတွေ၊ ဘဝင်မြင့်တွေ ကြိုက်မှန်းမသိ၊ မကြိုက်မှန်းမသိ၊ မကိုင်ဝံ့ခဲ့ပေါင်တော်" ဟု စောခွန်နောင်အား မျက်စောင်းလေးထိုးကြည့်နေ၏။ စောခွန်နောင်က -

"ညီမလေးကို အစ်ကိုနောင်က အနီရဲရဲရောင် ပစ္စည်း လက်ဆောင်ပေးရင် လက်ခံမှာလား၊ လက်ခံရင်ပေးမယ် လေ" ဟု ဆတ်ဆတ်ကဲ့ သာလိကာမလေးအား အရဲစွန့်၍ မေးလိုက်ရာ သူမက -

"စေတနာရှိလို့ မိဖွားအိမ်သိပ်ကြိုက်တဲ့ အနီရဲရဲရောင် ပစ္စည်းပေးရင် လက်ခံပါတယ်ရှင်၊ ကျေးဇူးလဲတင်ပါတယ် ရှင်" ဟု အာသွက်လျှာသွက် ပြောချလိုက်၏။

❑ ❑ ❑



(၂)

စောခွန်နောင်သည် ရွှေသာလျောင်း စောင်းတန်းရှိ ဈေးဆိုင်များသို့ လျှောက်ကြည့်ရာ ကရင်သင်တိုင်းအင်္ကျီ ဆိုင်ကိုတွေ့သည်နှင့် အနီရဲရဲရောင် အကောင်းစား၊ အသား ချောချောတစ်ထည်ဝယ်ပြီး မိဖွားအိမ်အား ပေးလိုက်၏။ ကလေးစိတ် မကုန်သေးသော ဆတ်ဆတ်ကဲ့ သာလိကာ မလေး အပျိုပေါက မိဖွားအိမ်အား ပြန်ပေးလိုက်၏။ သူမက -

www.burmeseclassic.com

www.burmeseclassic.com



"များလှချည့်လား အစ်ကိုနောင်ရယ်၊ ညီမလေး အတွက် ငွေကုန်လှပါတယ်။ ဒါနဲ့ စကားမစပ် အစ်ကိုနောင် ရဲ့ နာမည်အပြည့်အစုံက ဘယ်လိုခေါ်လဲ" ဟု မေးရာ စောခွန်နောင်က အေးအေးဆေးဆေးနှင့် -

"အစ်ကိုနောင်ရဲ့နာမည်အပြည့်အစုံက စောခွန်နောင်၊ ဒေါက်တာစောခွန်နောင်၊ မိုင်းယောင်းဒေါက်တာ စောခွန် နောင်ပါ။ ညီမလေးကရော ဘယ်ကလဲ၊ ဘာလူမျိုးလဲ ညီမလေးရဲ့" ဟု မေးရာ သူမက ရက်ရက်နှင့်ပင် -

"ညီမလေးရဲ့နာမည်အပြည့်အစုံကတော့ မိဖွားအိမ် မွန်မလေး မိဖွားအိမ်၊ မော်လမြိုင် ကျိုက်မရော မွန်မလေး မိဖွားအိမ်ပါရှင်" ဟု ပြောပြရာ စောခွန်နောင်က -

"လက်စသတ်တော့ အဘိုးဦးကင်းရော ညီမလေး မိဖွားအိမ်တို့ပါ။ မော်လမြိုင် ကျိုက်မရော မွန်ဆက်တွေကိုး ညီမလေးက အခုဘယ်မှာနေလဲ"

"ညီမလေး မိဖွားအိမ်က အမေနဲ့အတူ နေပါတယ် အဖေမရှိတော့ဘူး၊ ဆုံးသွားပါပြီ။ အမေက ဒေါ်ကြေ



အဖေက ဦးရွှေအောင်ပါ။ အဘိုးက အဘိုးဦးမောင်ကင်း၊ အဘွားက ဒေါ်သက်နုံ၊ ဟိုတုန်းက မော်လမြိုင်မှာ နေခဲ့တာပေါ့။ အခု ပဲခူးမှာနေပါတယ်အစ်ကိုနောင်" ဟု ပြောရင်းစကားပြတ်သွားကြ၏။ မိဖွားအိမ်ကလည်း စောခွန်နောင်ကို ခိုးအကြည့်၊ စောခွန်နောင်ကလည်း မိဖွားအိမ်အား ခိုးအကြည့် အကြည့်ချင်းဆုံကာ နှစ် ယောက်စလုံး တုန်ခါသွားကြ၏။ အိုးချင်းထား အိုးချင်း ထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ၊ အသည်းချင်းထားတော့ အသည်းချင်းသိကာ၊ မျက်လုံးချင်းထား မျက်လုံးချင်း မိ၍ငြိ၍ထိ သိသွားကြလေတော့သည်။

စောခွန်နောင်သည် အနီးအနားရှိ ဈေးဆိုင်များသို့ သွားရောက်ကြည့်ရှုနေရာ ဆေးတံဆိုင်တစ်ဆိုင်၌ အနီ ရဲရဲရောင် သံဘူးအဝိုင်းဖြင့် နိုင်ငံခြားဖြစ် ဒန်းဟေးဆေးတံ သောက်ဆေးတစ်ဘူးတွေ့သည်နှင့် အဘိုးဦးကင်းအား ဝယ်ပေးလိုက်၏။ အဘိုးဦးကင်းသည် ဆေးတံကို ပါးစောင်

www.burmeseclassic.com

www.burmeseclassic.com



တွင် ခဲရင်း ပြုံးပြုံးပြုံးပြုံးနှင့် ပျော်နေ၏။ စောခွန်နောင်သည် အဘိုးဦးကင်းနှင့် ဆတ်ဆတ်ကဲ့ သာလိကာမလေး မိဖွားအိမ်တို့ကို နှုတ်ဆက်၍ ရန်ကုန်သို့ လေးယောက်သား ပြန်လာခဲ့ကြ၏။

စောခွန်နောင်သည် ရန်ကုန်မြို့ ပြည်လမ်းမပေါ်ရှိ "မောပိတောက်မြိုင်" ခြံကျယ်ကြီးအတွင်းမှ နှစ်ထပ်တိုက်အသစ်၏ အပေါ်ထပ်စာကြည့်ခန်းထဲတွင် ကျွဲရုပ်များကို အားရပါးရ ဆေးကြောသန့်စင်ပြီး ရေမွှေး ပက်ဖျန်းထားလိုက်၏။ ပဲခူးဟသာ်ာကုန်းမှရသော မဟူရာ နားကားရိုင်းကျွဲရုပ်နှင့် ရွှေသာလျောင်းမှ ဝယ်လာသည့် ရင်းတိုက်အနှစ်သား နားကားရိုင်းကျွဲရုပ်တို့ကို အနီရဲရဲရောင် ဖိတ်ဖိတ်တောက်နေသော မဟော်ဂနီစားပွဲရှည်ကြီး၏ အလယ်ခေါင်တည့်တည့်၌ တင်ထားလိုက်၏။ ယခု ယှဉ်ကြည့်ရာ တစ်ရွယ်တစ်စားတည်း တစ်ပုံစံ တစ်နေ ထားတည်း ဖြစ်နေကြသည်ကို စောခွန်နောင် အံ့သြစွာ တွေ့ရ၏။



စောခွန်နောင် ညအိပ်ရာဝင်သွားသောအခါ အိပ်မက်ထဲတွင် ပဲခူးနားကားရိုင်းကျွဲနှစ်ကောင် လာရောက်စောင့်ရှောက်ပေးနေကြသည်ဟု အိပ်မက်မြင်မက်၏။ ဟသာ်ာကုန်းမှ မဟူရာနားကားရိုင်းကျွဲရုပ်မှာ စောခွန်နောင်၏ ညာဘက်မှနေ၍လည်းကောင်း၊ ရွှေသာလျောင်းမှ ရင်းတိုက်အနှစ်သား ကျွဲရုပ်မှမူ စောခွန်နောင်၏ ဘယ်ဘက်မှ နေ၍လည်းကောင်း အသီးသီးလာရောက် စောင့်ရှောက်နေကြသည်ဟု အိပ်မက်ထဲတွင် မြင်မက်၏။

ကျွဲရုပ်နှစ်ရုပ် အိမ်သို့ရောက်သည့်နေ့မှစ၍ အမဲသား၊ ကျွဲသား၊ အမဲခြောက်၊ ကျွဲသားခြောက်၊ နွားသားရေကြော်၊ ကျွဲသားရေကြော်တို့ကို စောခွန်နောင် လုံးဝမစားမသောက်တော့ဘဲ အလိုလိုပြတ်သွား၏။ တစ်အိမ်သားလုံးက စောခွန်နောင် အမဲသား၊ ကျွဲသားနှင့် ပတ်သက်သမျှ မစားမသောက်ဘဲ ရှောင်လိုက်သောကြောင့် အံ့သြနေကြ၏။ ခါတိုင်းသောက်နေကျ နွားနို့ကိုပင် မသောက်တော့ဘဲ နွားနို့တွင် ကျွဲနို့ရောလာမည်စိုးသောကြောင့် နို့င်ခြား

www.burmeseclassic.com



အိုဗာတင်း၊ မိုင်လို၊ ကိုကိုး၊ မာတိုဗာတို့ကိုသာ အစားထိုး သောက်သုံးတော့၏။

ပို၍ ထူးဆန်းသည်မှာ စောခွန်နောင် အပြင်ထွက်ချိန်၊ အိမ်တွင်မရှိသောအချိန် . . . .

အခန်းမီးများ၊ ဖွင့်ထားသောအခါ မည်သည့်အသံကိုမျှ မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေကြ၏။ အကြိမ်ကြိမ် အမြင်မှားလာသဖြင့် ဦးခန်းလျှန် စောခွန်နောင်အား ဖွင့်ပြော၏။ ဖွင့်ပြောသော်လည်း ခေတ်ပညာတတ် စောခွန်နောင်တစ်ယောက် လုံးဝအယုံအကြည်မရှိဘဲ အမြင်မှားသည် အယူသီးသည်ဟုဆို၏။

"စောခွန်နောင်တို့ ငယ်ငယ်တုန်းက အရုပ်ရှည်ရှည် ဖြူဖြူသရဲကို အခန်းထဲမှာတွေ့ပြီး ထွက်ပြေးဖူးကြတယ်။ မီးဖွင့်ကြည့်လိုက်တော့ ခန်းစည်းအဖြူကြီး လေတိုက်လို့ လှုပ်နေတာဖြစ်နေတယ်။ မီးမဖွင့်ခင်တုန်းက တကယ့် သူရဲအရှည်ကြီးလို့ ထင်ခဲ့ဖူးတာပဲ" ဟု စောခွန်နောင်



ရှင်းပြသော်လည်း ဦးခန်းလျှန် စိတ်မကျေနပ်။ စောခွန်နောင်က ဆက်လက်၍ -

"ညမိုးချုပ် မီးတွေပိတ်ပြီး စောခွန်နောင် အိပ်လိုက်တဲ့ အချိန်တွေမှာတော့ ဘာသံကိုမှ မကြားရဘူး ကျွဲခတ်သံ လည်း မကြားရဘူး၊ ကျွဲပြေးသံလည်း တစ်ခါမှ မကြားခဲ့ရ ဘူး။ ဦးခန်းလျှန် နောက်တစ်ခါတွေ့ရင် မီးမဖွင့်ဘဲ စောခွန် နောင်ကို လာခေါ်" ဟု ပြောလိုက်တော့မှ ဦးခန်းလျှန်သည် မကျေမနပ်ဖြစ်ရင်းစာကြည့်ခန်းထဲမှ ထွက်၍ အောက်ထပ် သို့ဆင်းသွား၏။ စောခွန်နောင်သည် မိမိရရှိထားသည့် နားကားရိုင်းကျွဲရုပ်နှစ်ရုပ်တို့ကို ရေမွှေးဆွတ်ဖျန်းထား လိုက်၏။

တစ်နေ့တွင် စောခွန်နောင်တစ်ယောက်တည်း မိမိ၏ ကိုယ်ပိုင်ကားကို ရန်ကုန်မြို့မှ ပဲခူးမြို့သို့ မောင်းလာရာ ပဲခူးမြို့အဝင် ကားလမ်းမကြီးပေါ်မှနေ၍ မိန်းကလေး တစ်ယောက် လက်ပြတားသောကြောင့် ကားကိုရပ်ပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ အနားရောက်၍ ကားရပ်ပြီး ကြည့်လိုက်သောအခါ လက်တားသူမှ မွန်အချောအလှလေး မိဖွားအိမ်ဖြစ်နေ၏။ မိဖွားအိမ်က စောခွန်နောင်အား -

"အစ်ကိုနောင်၊ ဒီကနေ့မနက် ပဲခူးကို တစ်ယောက်တည်း ကားနဲ့လာမယ်ဆိုပြီး ညက အိပ်မက်မက်လို့ ညီမလေးလမ်းမှာ ထွက်စောင့်နေတာ အစ်ကိုနောင်"ဟု ပြောလိုက်ရာ စောခွန်နောင်က တအံ့တသြဖြစ်ရင်း -

"ညီမလေး အိပ်မက်ကလည်း ဆန်းလှချည့်လား၊ တိကျလှချည့်လား"

"အိပ်မက်က ဆန်းမှာပေါ့၊ တိကျမှာပေါ့၊ ညီမလေး အိပ်ရာဝင်တိုင်း ဘုရားရှိခိုးကန်တော့ပြီး ဘွားဘွားတို့၊ ဘိုးဘိုးတို့၊ မေမေတို့ကို ကန်တော့ပြီးမှ အစ်ကိုနောင့်ကို ကန်တော့နေတာကိုး၊ အစ်ကိုနောင် ဒီနေ့ ညီမလေးတို့ အိမ်မှာ အပြန် ထမင်းဝင်စားပါလား" ဟု ပြောရာ စောခွန်နောင်က အလိုက်သိစွာဖြင့် ကား၏ ရှေ့တံခါးကို ဖွင့်ပေးရင်း -



"ညီမလေး ကားပေါ်တက်၊ အိမ်ကိုသွားကြမယ်"ဟု ပြောလိုက်၏။ မိဖွားအိမ် ပြုံးပြုံးပြုံးပြုံးနှင့်ကားပေါ်ထိုင်ရင်း-

"အစ်ကိုနောင်ရဲ့ ကားက သိပ်ကောင်းပါလား၊ ထိုင်ခုံတွေကလည်း မွေ့ယာကျနေတာပဲ။ ကောင်းမှကောင်း ကားတစ်ကားလုံးကလည်း အေးစိမ့်နေပါလား"

"ဟုတ်ပါတယ်၊ ညီမလေး၊ လေအေးစက်ဖွင့်ထားလို့၊ လမ်းလည်းပြဦးနော်၊ အိမ်လွန်သွားပါဦးမယ်"

"အစ်ကိုနောင် ရှေ့ကလမ်းထဲချိုးပြီး ဝင်လိုက်ပါ။ ဟိုနားက တဲစုတ်လေးဟာ ညီမလေးတို့ရဲ့အိမ်ပဲ။ ညီမလေးတို့က ဆင်းရဲတယ် အစ်ကိုနောင်"

"ရပါတယ် ညီမလေး၊ ဆင်းရဲတာ ချမ်းသာတာ အရေးမကြီးပါဘူး။ သန့်ရှင်းဖြူစင် စိတ်ထားကောင်းပြီး မြင့်မြတ်ဖို့သာ အဓိကပါ ညီမလေးရဲ့" ဟု ပြောရင်း မိဖွားအိမ်လက်ညှိုးထိုးပြသော တဲစုတ်ရှေ့တွင် ကားကို ထိုးရပ်လိုက်သည်။ ကားပေါ်မှ နှစ်ယောက်ဆင်းလာကြသည်နှင့် မိဖွားအိမ်က -

www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ရေ ရန်ကုန်က သမီးလေးညှော်သည် ပါလာတယ်"ဟု ပြောရင်း တဲစုတ်ပေါ်သို့ တက်၍ တဲရှေ့တွင် ဖျာတစ်ချပ်ခင်းပေးလိုက်၏။ စောခွန်နောင်ကလည်း အလိုက်သိစွာဖြင့် ဖျာပေါ်တွင် ထိုင်အချ သူမက -

"မေမေ ... အဲဒါ သမီးကို အင်္ကျီတွေ၊ ထမီတွေ၊ လွယ်အိတ်တွေ ဝယ်ပေးလိုက်တဲ့ ရန်ကုန်က သမီးအသိလေ၊ အစ်ကိုနောင်၊ အဲဒါ ညီမလေးရဲ့ မေမေ၊ မေမေ ခေါ်ကြ။" ဟုပြောရင်း မိတ်ဆက်ပေး၏။ မိခင်ကြီးက အလိုက်သိစွာဖြင့် -

"မင်းညီမလေးကတော့ စောခွန်နောင်ရဲ့အကြောင်းကို ပြောမှပြော၊ မင်းကိုလည်း ခင်မှခင်၊ ညက အိပ်မက်မက်ပြီး လမ်းဝထွက်စောင့်နေတာ အတော်ပဲ ဖြစ်သွားတာပေါ့ အမြန်ဒီမှာ ထမင်းစားပြီးမှ ပြန်နော်၊ အမေတို့က ဆင်းရဲ ပေမယ့် ခင်တတ်ပါတယ်"

"ရပါတယ် အဘွားကြီး၊ စောခွန်နောင် ပဲခူးမြို့ထဲက ကိစ္စလေးတစ်ခုရှိလို့ သွားလိုက်ပါဦးမယ်။ (၁၀)နာ



လောက် ပြန်လာပါ့မယ်၊ စိတ်ချပါ စောခွန်နောင် ထမင်းစားပြီးမှ ပြန်ပါ့မယ်။ ဘာမှ ချက်မထားပါနဲ့၊ ရှိတာနဲ့စားတတ်ပါတယ်။ ကဲ ·· စောခွန်နောင် ပဲခူးမြို့ထဲကို သွားလိုက်ပါဦးမယ်၊ ညီမလေး ··· အစ်ကိုနောင် သွားလိုက်ပါဦးမယ်"

"ဟုတ်ကဲ့ရှင့်၊ အမြန်ဝင်ဖြစ်အောင် ဝင်ပါနော်၊ ညီမလေး စောင့်နေမယ်"

"စိတ်ချပါ ညီမလေး၊ ဝင်ကိုဝင်ခဲ့မယ်၊ ဒီမှာ စားသောက်ပြီးမှ ပြန်မှာပါ" ဟု ပြောဆိုနှုတ်ဆက်လက်ပြကာ ကားကို နောက်ပြန်ဆုတ်၍ မောင်းထွက်သွား၏။ စောခွန်နောင်သည် ပဲခူးမြို့ထဲတွင် ကိစ္စအဝဝ ပြီးစီးသွားတော့မှ ပဲခူးမြို့ ကားဂိတ်ရှေ့ရှိ ဒံပေါက်ဆိုင်မှ ဒံပေါက် ထမင်း (၅)ထုပ်၊ ကြက်သားကင်၊ ဆိတ်သားခါးပတ်ကြော် နှင့် ရေခဲမုန့်ခွက်ဘူးနှင့် ငါးဘူးများကို အားရပါးရ ဝယ်ယူ၍ ပြန်လာ၏။ မိဖွားအိမ်တို့၏ တဲစုတ်ရှေ့၌ ကားရပ်ပြီး အထုပ်များကို ဆွဲ၍ ဆင်းသွားရာ မိဖွားအိမ်က -

www.burmeseclassic.com

www.burmeseclassic.com



"များလှချည့်လား အစ်ကိုနှောင်၊ အိမ်မှာလည်း ချက်ထားတယ်"

"ရပါတယ် ညီမလေးရယ်၊ သုံးယောက်စလုံး တွေ့တုန်းတွေ့နိုက် ပျော်ပျော်ရွှင်ရွှင် စားကြသောက်ကြတာပေါ့၊ အဘွားကြီးရေ၊ စားကြစို့"

ဟု ရင်းရင်းနှီးနှီး အော်ခေါ်ရင်း ထိုင်ချလိုက်၏။ ထမင်းစားပွဲဝိုင်းပေါ်တွင် အပြည့်တင်ပြီးအထုပ်များကို ဖြည်၍ သုံးယောက်သား အားပါးတရ စားသောက်ဟန်ပြင်လိုက်၏။

"အိမ်ထမင်း အိမ်ဟင်းတွေက ညီမလေးရော အဘွားကြီးရော နေ့တိုင်းစားနေကျ ရိုးနေပြီ၊ အဘွားကြီး၊ အဘွားကြီးနဲ့ ညီမလေးတို့ သိပ်ကြိုက်တဲ့ ဒံပေါက်ထမင်း ကြက်သားကင်၊ ဆိတ်သားခါးပတ်ကြော် ဝယ်ခဲ့ပါတယ်။ ပြီးရင် ရေခဲမုန့် အေးအေးလေး စားတာပေါ့" ဟု ပြောရာ ဒေါ်ကြေးကြူက အားနာပါးနာနှင့် -

"စောခွန်နှောင် ပိုက်ဆံကုန်လှပါတယ်ကွယ်"



"ရပါတယ် အဘွားကြီး" ဟု ပြောရင်းသုံးယောက်သား စားသောက်စကားပြောနေကြ၏။ ပြန်ခါနီးကျမှ စောခွန်နှောင်က ဒေါ်ကြေးကြူအား -

"အဘွားကြီး၊ ဟင်းကောင်းကောင်းချက်တတ်ရင် ရွှေသာလျောင်းရှေ့မှာ ထမင်းဆိုင်ဖွင့်ပါလား၊ ညီမလေးနဲ့ဆိုရင် အဖော်ရပါတယ်။ ကျွန်တော်အားလုံး စီစဉ်ပေးပါ့မယ်။ အဲဒါဆိုရင် ညီမလေးလည်း နွားမကျောင်းရတော့ဘူးပေါ့။ တည်တည်ခန့်ခန့်လေးနဲ့ သိပ်ကျနေ့ရ အဆင်ပြေသွားမှာပါ။ ကျန်တာအားလုံး တာဝန်ယူပါတယ်" ဟု ကတိပေးပြောဆိုကာ ရန်ကုန်မြို့သို့ ပြန်လာခဲ့၏။ မကြာလိုက်ပါ။ နောက်ဆယ်ရက်ခန့် ကျော်လွန်ပြီးချိန်တွင် ရွှေသာလျောင်းဘုရားရှေ့ထမင်းဆိုင် စားသောက်ဆိုင်တန်း၌ နောက်ထပ်ထမင်းဆိုင်တစ်ဆိုင် တိုးလာ၏။ တိုးလာသော ထမင်းဆိုင်ကြီးရှေ့မှာ ဆိုင်းဘုတ် ကြီးကြီးမားမား တင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ကြူ မော်လမြိုင် ထမင်းဆိုင်"ဟူ၍ ဖြစ်သည်။ စနေ တနင်္ဂနွေနှင့် ရုံးပိတ်ရက်များတွင် တခြားသော ထမင်းဆိုင်များနှင့် လုံးဝမတူဘဲ မော်လမြိုင်သူ မော်လမြိုင်သားများအကြိုက် ဖားအောက်မုန့်တီ (မုန့်ဟင်းခါး) မော်လမြိုင် ပဲလိပ်နှင့် ကြက်သားသုပ်၊ အုန်းထမင်း၊ ငါးချူ ငါးဆုပ်၊ ရှမ်းနံနံနှင့် နံနံပင်အုပ်၊ ငါးဖယ်ရှမ်းငါးပေါင်း၊ ဘဲဥရှမ်း ငါးပေါင်း၊ မော်လမြိုင် ငါးပေါင်းထုပ်၊ မော်လမြိုင် ပုဇွန်ထုပ်ပြုတ် သံပရာသီးညှစ်၊ ကြက်သွန်နီနှင့်အသုပ်၊ ဟင်းရည်သောက်၊ ငါးရံ့ခြောက်ဆီပြန်ဟင်းတို့ကို ကျောက်သင်ပုန်းတွင် ဈေးနှုန်းနှင့်တကွ ရေးသားထား၏။

စောခွန်နောင် မ,တည်ပေးလိုက်သော ဒေါ်ကြူ မော်လမြိုင်ထမင်းဆိုင်မှာ တိုးမပေါက်အောင် လူစည်ကားပြီး စားသောက်သူတွေ အလွန်များပြား၏။ ထိုနေ့ ထိုအချိန်မှစ၍ မွန်လူမျိုး အဘိုးဦးမောင်ကင်း၊ အဘွား ဒေါ်သက်နှံ၊ သမီး ဒေါ်ကြူနှင့် မြေးမလေး မိဖွားအိမ်တို့



မိသားစုမှာ အလွန်အဆင်ပြေကာ စီးပွားတက်၍ ချမ်းသာသွားကြ၏။

စောခွန်နောင်မှာမူ မိဖွားအိမ်နှင့် ချစ်ခင်နေပြီဖြစ်သောကြောင့် တစ်ယောက်ကိုတစ်ယောက် မမြင်ရမနေနိုင်လောက်အောင် ဖြစ်လာကြ၏။ မောင်တစ်ရွာ မယ်တစ်မြို့ဖြစ်၍ အလှမ်းဝေးနေကြရသောကြောင့် စောခွန်နောင်မှာ မိဖွားအိမ်ကို တွေ့ချင်မိတိုင်း အနီရဲရဲရောင် မာစီးဒီးစပို့စ်ကားလေးဖြင့် ဗလကြီးအိုက်စံ၊ အိုက်ပန်၊ ဦးခန်းလျန်တို့ သုံးယောက်လုံးကိုပါခေါ်၍ ပဲခူးရွှေသာလျောင်း ဘုရားကြီးအရောက် အမြဲလာနေကြရ၏။ ညနေ (၆) နာရီခွဲခန့်မှ လာလျှင် ပဲခူးမြို့သို့ (၇)နာရီခွဲ (၈) နာရီခန့်ရောက်၏။ နှစ်ဦးသား စကားပြောဆိုပြီး ရွှေသာလျောင်းဘုရားတွင် နှစ်ယောက်သား ဘုရားရှိခိုးဆုတောင်းကြပြီးမှ အမြဲပြန်လေ့ရှိ၏။ ပြန်သည့်အခါတိုင်း မိဖွားအိမ်လေးက –

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုနောင် ကားမောင်းရင် ဖြေးဖြေးမောင်းနော်၊ ညီမလေး စိတ်မချဘူး။ အိပ်မက်ထဲမှာလည်း အစ်ကိုနောင်ဟာ ညီမလေးကို အဆင့်အတန်းချင်းမတူဘဲ လာချစ်မိနေလို့ သိပ်စိတ်ဆင်းရဲနေရတယ်တဲ့။ အစ်ကိုနောင်မှာ လူကြီးမိဘတွေ သဘောတူတဲ့ လူ့ဂုဏ်ထံသဌေးသမီး ပညာတတ်တွေနဲ့ စေ့စပ်ထားလျက်နဲ့ ညီမလေးကို အသည်းနင့်အောင် ချစ်မိပြီး အသည်းကွဲအောင် စိတ်ဆင်းရဲနေရမှန်း သိပါတယ်"

"ဒါတွေကို မပြောပါနဲ့တော့ ညီမလေးရယ်။ နောင်ဘဝဆိုတာ တကယ်များရှိနေသေးရင်၊ ဒီဘဝမှာ မပေါင်းကြရပေမယ့် နောင်ဘဝရောက်ရင် ပေါင်းရပါစေသားလို့ အခုကတည်းက ဆုတောင်းသွားကြရအောင် ညီမလေးရယ်"

"အမြဲဆုတောင်းပါတယ် အစ်ကိုနောင်။ ညီမလေးကတော့ အစ်ကိုနောင်ကို သေတဲ့အထိ ချစ်သွားမှာပဲလို့ ရွှေသာလျောင်းဘုရားမှာ အမြဲဆုတောင်းတာပဲ"

မှာ အရှိုးခံ အတိုင်းသနားစဖွယ် ပြောနေရှာ၏။



စောခွန်နောင်က -

"အစ်ကိုနောင်သေတဲ့အထိ ညီမလေးကို မမေ့ပါဘူးကွယ်" ဟု ရွှေသာလျောင်းဘုရားပေါ်တွင် နောက်ဆုံးပြောခဲ့ပြီးနောက် စောခွန်နောင်အား မိဖွားအိမ် နောက်ထပ်လုံးဝမတွေ့ရတော့ချေ။ မျှော်မျှော်သူမောပါပေါ့ နွမ်းခွေလျပန်းကြွေနှမ မျက်နှာငယ်လေးမှာ ရွှေသာလျောင်းဘုရားရုပ်ပွားတော်ကြီးရှေ့ မောင်နှင့်မယ် တူယှဉ်တွဲ ဘုရားကန်တော့ရှိခိုး ဆုမှန်ခဲ့ရာနေရာလေးတွင် တစ်ယောက်ထီးတည်း ပုလဲမျက်ရည်မိုးသို့စွေကာ ရင်တွင်းနှလုံး ကြိမ်မီးအုံးသို့ သက်ဆုံးကေသီ လွမ်းငွေ့ပွေလီ သောကတွေ စီရရီဆင့်ရရင် ဖြစ်ခဲ့ရရှာလေ၏။

မောင်နှင့်မယ် ပြောခဲ့သမျှ စကားလေးများကို ရင်ဝယ်တသိမ့်သိမ့် အံကိုကြိတ်လျက် မကြားချင်ဘဲ ကြားယောင်နေမိတော့၏။ ယခုမှပင် အသက်နှင့်ထပ်တူ ချစ်ခင်မြတ်နိုးရပါသော အစ်ကိုနောင် အပေါ်ဝယ် အောင်းတွေ့မေ့လွမ်းတငွေ့ငွေ့ ဆွေးတသိမ့်သိမ့်နှင့် သတိရရှာနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အစ်ကိုနောင်တစ်ယောက် ညီမလေးမိဖွားအိမ်အပေါ် ရှောင်သွေတိမ်း စိမ်းသွားလေရော့သလား။ သို့တည်းမဟုတ် မိဘနှစ်ပါးသဘောတူသူကို စိတ်မကြည်ဖြူလေဘဲ အိမ်သူအဖြစ် ယူလိုက်ရလေသလော။

အကြောင်းကံရယ် ပေါင်းရန်မမှန် တကယ်ပင် ဝေးသွားရလေပြီထင့်။ ။

ပဥ္စဂုဏ် အပဟံဝန္ဒာမိ သဗ္ဗဒါ။

မြပုလဲစန္ဒာညွန့်



ရွှေချောင်း
ရွှေဒင်္ဂါး
တောင်ကြား

www.burmeseclassic.com

www.burmeseclassic.com



(၁)

၁၉၄၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့၊ မြန်မာသက္ကရာဇ် ၁၃၀၇ ခုနှစ်၊ တပို့တွဲလဆုတ် (၁၃) ရက်၊ သောကြာနေ့တွင် ဒေါက်တာစောခွန်နောင်နှင့် ကျောင်းနေဖက် ငယ်သူငယ်ချင်း တင်အောင်မင်းတို့ နှစ်ယောက်သား စိတ်တူသဘောတူ အလုပ်တစ်ခုလုပ်ကြရန် တိုင်ပင်ဆုံးဖြတ်လိုက်ကြ၏။ နှစ်ယောက်သား မော်လမြိုင်သံဖြူဇရပ်နယ်ရှိ၊ သံဖြူဇရပ်မှ ထိုင်းနိုင်ငံသို့ ဂျပန်ခေတ်မှ ဆောက်လုပ်ထားသော သံဖြူဇရပ် သေမင်းတမန် ထားလမ်းကြီးဘေးရှိ ဂျပန် ရတနာဂူကြီးကို ရှာဖွေ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးစလုံး လိုင်စင်ဖြင့် ဂျာမန်ဖေးဖရိတ်ပြောင်းရှည် သေနတ်တစ်လက်စီနှင့် ခရီးထွက်လာခဲ့ကြ၏။ ကျောပိုးအိတ်၊ ရေဘူး၊ စားရေရိက္ခာ အပြည့်အစုံဖြင့် လိုလေသေးမရှိ ယူဆောင်သွားကြသည်။ သံဖြူဇရပ် ဂျပန်ရတနာဂူကြီးကို ရှာဖွေရန် ဦးဆောင်သွားသူမှာ မော်လမြိုင်သား ဂျပန်စကားပြန်လုပ်ခဲ့ဖူးသူ တင်အောင်မင်းဖြစ်သည်။ တင်မောင်မင်းသည် မော်လမြိုင်မြို့ ဗိုင်းဝန်ကွင်း ကရင်ကျောင်း၌ ဖွင့်လှစ်ခဲ့သည့် ဂျပန်ကျောင်းတွင် ဂျပန်စာသင်ခဲ့ဖူးသူတစ်ယောက်ဖြစ်၏။ ဂျပန်စကားပြန်ကို ဂျပန်ခေတ် တစ်ခေတ်လုံး လုပ်ခဲ့၏။

ဘုရားသုံးဆူတောင်ကြားသို့ ကားဖြင့် စီးသွားပြီး ဘုရားသုံးဆူတောင်မှတစ်ဆင့် နာမည်ကြီး ဂျပန်ရတနာဂူကြီးရှိရာ မိန္ဒလာတောင်သို့ အရောက်သွားခဲ့ကြ၏။ တင်အောင်မင်းတစ်ယောက် မိန္ဒလာတောင်ခြေတွင် ခြေပစ်လက်ပစ်ထိုင်ချရင်း၊ မိမိဂျပန်စကားပြန်ဘဝနှင့် ရောက်ခဲ့စဉ်၊ ရှိခဲ့ဖူးသော ထန်းပင်များ၊ တောင်



ညောင်ပင်ကြီးများတို့ကို လုံးဝပြန်မတွေ့ရတော့ချေ။ တစ်အောင်မင်းသည် ခြေပစ်လက် ပစ်ထိုင်ရင်း စောခွန်နောင်အား -

"စောခွန်နောင် ဒီတောင်ဟာ ဂျပန်ရတနာဂူကြီး လုပ်ထားခဲ့တဲ့ နာမည်ကြီး မိန္ဒလာတောင်ဆိုတာ ဒီတောင်ပဲ" ဟု ရှင်းပြရာ စောခွန်နောင်က -

"သေချာရဲ့လား သူငယ်ချင်း၊ တို့ကတော့ မင်းကို အားကိုးပြီး လိုက်လာခဲ့တာပဲ၊ မင်းက ဒါမိန္ဒလာတောင် ဂျပန်ရတနာဂူ ရှိတဲ့နေရာမှန်း မင်းဘယ်လိုလုပ်သိသလဲ၊ ပြောစမ်းပါဦး တင်အောင်မင်း"

ဟု မေးလိုက်ရာ တင်အောင်မင်းက -

"မိန္ဒလာတောင်ရဲ့ ဂျပန်ရတနာဂူ ဝင်ပေါက်တည့်တည့်ပေါ်မှာ "ဂငယ်အက္ခရာပုံ စာလုံးဟာ ကျောက်သားတုံးရဲ့ သဘာဝအတိုင်း အထင်းသားပေါ်နေတယ် ဟိုမှာကြည့်။ မင်းမြင်တဲ့အတိုင်းပဲ။ အဲဒီ ဂငယ်အက္ခရာ စာလုံးအောက်

www.burmeseclassic.com

www.burmeseclassic.com



တည့်တည့်နေရာဟာ မိန္ဒလာတောင် ဂျပန်ရတနာဂူထဲကို ဝင်သွားနိုင်တဲ့ သဘာဝကျောက်လိုဏ်ဂူပေါက်အဝ ဖြစ်တယ်၊ စောခွန်နောင်”

ဟု ပြော၍ တင်အောင်မင်း လက်ညှိုးထိုးပြရာသို့ ကြည့်လိုက်သောအခါ ပြောသည့်အတိုင်း ကျောက်သားပြင်ထက် သဘာဝအလျောက် ဂငယ်အက္ခရာစာလုံး ပြေးနေသည်ကို တွေ့ရ၏။ စောခွန်နောင်က -

“အေး . . . မင်းပြောတာမှန်တယ်။ ဟိုမှာ ဂငယ် အက္ခရာပုံစာလုံးကျောက်သားပြင်မှာ အထင်းသား ပေါ်နေတာပဲ။ ဒါဆိုရင် မင်းပြောတဲ့ မိန္ဒလာတောင် ဂျပန်ရတနာဂူဟာ ဒီတောင်ဖြစ်နေတာ သေချာပြီကွ။ နောက်ဘာထူးသေးသလဲ တင်အောင်မင်း”

ဟု မေးလိုက်ရာ၊ တင်အောင်မင်းက -

“နောက်ထူးခြားတာက ဒီဂျပန်ရတနာဂူကြီးကို အသေအလဲလိုက်ရှာနေကြတဲ့သူတွေထဲမှာ (၁)သံဖြူ



ဇရပ်က သူဌေးသားနှစ်ယောက်၊ (၂)ဘုရားသုံးဆူ တောင်ကြားက သားအဖသုံးယောက်၊ (၃) မော်လမြိုင်က ဂျပန်စကားပြန် လုပ်သွားဖူးကြတဲ့ သူငယ်ချင်းနှစ်ယောက်နဲ့ (၄) နာမည်ကြီး မြန်မာနိုင်ငံနယ်စပ်က မှောင်ခိုအထမ်း သမားများ ဖြစ်ကြတယ်။ တစ်ခါတစ်ခါ သောင်းကျန်းသူ အဖျက်သမားတွေတောင် ပါကြသေးတယ်”

“ဟာ . . . မင်းပြောတာ သေချာလှချည့်လား၊ တင်အောင်မင်း၊ အားလုံး သူဌေးဖြစ်ကြံနေကြတာကိုး”

“အဲဒီအထဲမှာ နာမည်ကြီးသောင်းကျန်းသူ အဖျက်သမားတွေဟာ လက်နက်အားကိုးပြီး (၁) မိန္ဒလာ တောင်ခြေတစ်ဝိုက် (၂) ဘုရားသုံးဆူတောင်ကြားတစ်ဝိုက် နဲ့ (၃) ကွေးမြစ်ရိုးတစ်လျှောက် ချောင်းပေါက်အောင် အခေါက်ခေါက် အခါခါ လိုက်ရှာနေကြတယ်”

ဟု စကားပြောနေရင်းမှာပင် -

“ဒိုင်း .. ဒိုင်း .. ဒိုင်း။ ဒက် .. ဒက် .. ဒက်” သေနတ်သံရော၊ စက်သေနတ်သံရောကိုပါ ကြား

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်နှင့် နှစ်ယောက်သား သေနတ်သံနှင့်ဝေးရာ အနီးရှိ တောအုပ်ထဲသို့ ဖနောင့်နှင့်တင်ပါး တစ်သားတည်း ဖြစ်အောင် သုတ်ခြေတင်ထွက်ပြေးသွားကြ၏။ နှစ်ယောက်သား မမောနိုင် မပမ်းနိုင် မနားတမ်းအတူ တောက်လျှောက်ပြေးလာကြရာ ရန်သူမမြင်နိုင်သော တောအုပ်ကောင်းကောင်းများထဲသို့ ရောက်သွားကြ၏။ တောအုပ်ထဲမှတစ်ဆင့် တောင်ပေါ်သို့ ပြေးတက်သွားမိရက်သား ဖြစ်သွားကြ၏။ တင်အောင်မင်းက -

"နေမဝင်ခင် ဒီတောင်ကုန်းကနေ တောင်ထိပ်မြင့်မြင့်ပေါ်ကို ရောက်အောင် တက်ထားကြရင် ကောင်းမယ်ထင်တယ်။ ဒါမှ သေနတ်ရန်က အေးမယ်"

ဟု ပြောရာ၊ စောခွန်နောင်က -

"အေး ... အဲဒါအကောင်းဆုံးပဲ။ ကဲ ... ဆက်တက်ကြစို့"

ဟု ပြောရင်း နှစ်ယောက်သား တောင်ပေါ်သို့ ကွေ့ပတ်ကာ တက်သွားကြသည်။ တောင်ထိပ်အမြင့်ဆုံးသော



နေရာသို့ရောက်မှ ညအိပ်ရန် အပင်ကြီးတစ်ပင်ကို ရွေးကြ၏။ တောင်ထိပ်ပေါ်ရှိ တောစိုးညောင်ပင်ကြီးကြီး ခွကြားကောင်းကောင်းပေါ်သို့ တက်ကြပြီး ညနေစာစားသောက်ကာ ညအိပ်လိုက်ကြ၏။

တောကြက်လေးများတို့၏ လင်းကြက်တွန်သံ ကြားရပြီးနောက် နှစ်ယောက်သား အိပ်ရာမှ နိုးလာကြသည်။ နှစ်ယောက်သား အောက်ခြေပတ်ဝန်းကျင်တို့ကို အသေအချာ ငုံ့ကြည့်ပြီး သစ်ပင်ပေါ်မှ အသီးသီး ဆင်းခဲ့ကြ၏။ တောင်ပေါ်တောင်ကျချောင်းလေးတွင် မျက်နှာသစ် ရေမိုးချိုးကြပြီး နံနက်စာ စားလိုက်ကြ၏။ နံနက်စာ စားသောက်ကြပြီးသည်နှင့် တောင်ထိပ်တောင်တန်းပေါ် တစ်လျှောက် နှစ်ယောက်သား လမ်းလျှောက်လာခဲ့ကြရာ တောင်တန်းနှင့် တိုက်မိပြီး ပျက်ကျနေသော ဂျပန်လေယာဉ်ပျံတစ်စင်းကို မမျှော်လင့်ဘဲ သွားတွေ့ကြ၏။ တင်အောင်မင်းက -

"ဟော့ ... စောခွန်နောင် ရှေ့မှာ ဂျပန်လေယာဉ်

www.burmeseclassic.com

www.burmeseclassic.com



ပျက်တစ်စင်းနဲ့တူတယ်။ တောင်နဲ့တိုက်မိလို့ ပျက်ကျသွားတာနဲ့တူတယ်"

"အေး . . ဟုတ်တယ်။ ဂျပန်လေယာဉ်ပျံပဲ။ တောင်ထိပ်ပေါ်မှာ ပျက်ကျလို့ လူမတွေ့ဘဲဖြစ်နေတာ။ တောကောင်တွေ၊ အမြီးရှည်(မျောက်)တွေရှိမရှိ ကြည့်ဦးဟေ့" ဟု သတိပေးလိုက်၏။ နှစ်ယောက်သား ချုံကွယ်မှ မှဆိုးဒူးထောက်ထိုင်ကြရင်း အရှည် ၃၄ လက်မရှိသော ဂျာမန်ဖေးဖရိတ် နှစ်လုံးပြူး ပြောင်းရှည်သေနတ်ကို မောင်းတင်ချိန်ထားလိုက်ကြသည်။ အချိန်အတော်ကြာမျှ အကဲခတ်စောင့်ကြည့်နေကြပြီးနောက် တင်အောင်မင်းက-

"ဟေ့ . . . စောခွန်နောင် လေယာဉ်ပျံကြီးကတော့ ခြေရာလက်ရာမပျက်သေးဘူး၊ အမြီးပိုင်းတွေရော တောင်ပံတွေပါ အားလုံးနဂိုအတိုင်း ရှိနေသေးတယ်။ ကဲ ရှေ့တိုး အနားကပ်ကြည့်ရအောင်" ဟု ပြောရင်း ဂျပန်လေယာဉ်ပျံပျက်ကြီး၏ အနီးသို့ နှစ်ယောက်သား ခြေသံလုံလုံဖြင့်



သေနတ်ခလုတ်ပေါ် လက်ညှိုးတင်ကာ ရောက်သွားကြ၏။ လေယာဉ်ပျံပျက် တံခါးပေါက်အောက် နှစ်ယောက်သား ထိုင်ချရင်း အသီးသီး နားထောင်နေကြ၏။ သက်ရှိ သတ္တဝါကောင်များ၏ အသံဟူသမျှ လုံးဝမကြားရသောအခါမှ နှစ်ယောက်သား နှစ်လုံးပြူး သေနတ်ကိုယ်စီ ချိန်ရွယ်ကိုင်ထားရင် မတ်တပ်ရပ်လိုက်ကြသည်။

အရပ်ရှစ်မျက်နှာသို့ လျှပ်တစ်ပြက်ကြည့်၍ အကဲခတ်လိုက်ကြသော်လည်း၊ ဘာမျှမတွေ့ကြရသောကြောင့် တင်အောင်မင်းက -

"စောခွန်နောင် . . ဓားမြှောင်ထုတ်ထား၊ တို့လေယာဉ်ပျံပေါ်တက်ကြည့်မယ်၊ မင်းက အောက်ကနေ မတ်တပ်ရပ်ပြီး စောင့်ကြည့်နေ" ဟု သတိပေးလိုက်ရာ စောခွန်နောင်က -

"အေး . . . အသင့်ဖြစ်ပြီ တက်ပေတော့။ မင်းလည်း ဓားမြှောင်ကို ထုတ်ထားဦး။ မဖြစ်နိုင်မှ သေနတ်ကို သုံး၊ တင်အောင်မင်း"

ဟု ပြောပြောဆိုဆို ကြားမှ တင်အောင်မင်း တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပျံကိုယ်ထည်ကြီးကို တွယ်ဖက်ဆွဲတက်သွားသည်။ ပွင့်ထွက်နေသော တံခါးပေါက်ဝမှ အတွင်းသို့ လှမ်းကြည့်လိုက်ရာ လူရိုးစု သုံးရိုး အရိုးကျနေသည်ကို တင်အောင်မင်း တွေ့ရသည်။ တင်အောင်မင်း စေ့စေ့စပ်စပ် ကြည့်ပြီးသည်နှင့် -

"ဟော့ ... စောခွန်နောင် အပေါ်တက်ခဲ့တော့"

ဟု လှမ်းခေါ်လိုက်၏။ တင်အောင်မင်း လက်လှမ်းပေးသည်ကို စောခွန်နောင် လက်လှမ်းဆွဲတက်သွားသည်။ စောခွန်နောင် လေယာဉ်ပျံကြီးပေါ်သို့ ရောက်၍ ကြည့်နေပြီး -

"ဟော့ ... တင်အောင်မင်း ဂျပန်စစ်သားတွေနဲ့တူတယ်။ အရိုးတွေတောင် ကျနေပြီပဲ။ ဒါဆိုရင် အနည်းဆုံး နှစ်နှစ်ကျော်ကျော်ရှိမှာ သေချာတယ်။ အရိုးစုဘေးမှာလည်း ကျည်ဆန်သေတ္တာတွေ အထပ်လိုက်ပဲ။ များလှချည်လား ဖွင့်ကြည့်ရအောင်"

ဟု ပြောပြောဆိုဆို နှစ်ယောက်သား ဓားမြှောင်ကြီး



များ ကိုယ်စီဖြင့် ကျည်ဆန်သေတ္တာ သော့ခလောက်များကို ကလော်ဖွင့်လိုက်ကြသောအခါ နှစ်ရှည်လများ သံချေးတက် ပျက်စီးနေသော သော့ခလောက်များဖြစ်ကြသောကြောင့် အလွယ်တကူ ကျည်ဆန်သေတ္တာနှစ်လုံးစလုံး အသီးသီး ပွင့်သွားကြ၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



(၂)

ကျည်ဆန်သေတ္တာအတွင်းသို့ အသီးသီးငုံ့ကြည့်လိုက်သောအခါ အတွင်းတွင် အင်္ဂလိပ်ခေတ်သုံး ကျော့ခေါင်းတံဆိပ် ရွှေဒင်္ဂါးများနှင့် မိတ်ထုံးတံဆိပ်ပါ ရွှေဒင်္ဂါးကို သေတ္တာလိုက် အပြည့်ထည့်ထားသည်ကို နှစ်ယောက်သား အံ့ဩစွာ တွေ့လိုက်ကြ၏။ တင်အောင်မင်းက "မှိုရာရင် ပျားတွေ့တယ်ဆိုတာ ဒါမျိုးပေါ့ စောခွန်နောင်။ လာတုန်းကတော့ မိန္ဒလာတောင်က ဂျပန်ရတနာဂူကြီးကို တူး လာခဲ့ကြတာပဲ။ ကံကောင်းချင်တော့ တွေ့မယ့်တွေ့တော့



ရွှေဒင်္ဂါးပြားတွေ အထပ်လိုက် သေတ္တာလိုက် တွေ့ရတော့တာပဲ စောခွန်နောင်"

ဟု ပြောပြီး နောက်ထပ်ကျည်ဆန်သေတ္တာများကို သူတို့နှစ်ယောက် တစ်ယောက်တစ်လုံး ထပ်ဖွင့်လိုက်ကြပြန်၏။ နောက်ထပ် ကျည်ဆန်သေတ္တာများတွင်လည်း ပထမ ကျည်ဆန်သေတ္တာများကဲ့သို့ပင် ကျော့ခေါင်းနှင့် မိတ်ထုံးတံဆိပ်ပါသော ရွှေဒင်္ဂါးပြားများ အပြည့်ထည့်ထားသည်ကို ထပ်မံတွေ့ကြပြန်သည်။ တင်အောင်မင်းက-

"စောခွန်နောင် ... ဒီတစ်သက် တို့သူငယ်ချင်း နှစ်ယောက် စားမကုန် သုံးမကုန်အောင် ရွှေဒင်္ဂါးပြားတွေကို သေတ္တာလိုက်တွေ့တာ သိပ်ကံကောင်းသွားတာပေါ့။ မင်း မပျော်ဘူးလား"

ဟု မေးလိုက်၏။ စောခွန်နောင်က -

"ပျော်ပါတယ် သူငယ်ချင်း၊ ဒီလောက်များတဲ့ ရွှေဒင်္ဂါးပြားတွေကို အထပ်လိုက်တွေ့ရတဲ့အချိန်မှာ တို့ သူငယ်ချင်းနှစ်ယောက် လောဘဇောတက်ပြီး စိတ်

www.burmeseclassic.com

www.burmeseclassic.com



မပြောင်းဖို့၊ စိတ်ဝမ်းမကွဲဖို့၊ တစ်ကိုယ်ကောင်းမဆန်သွားဖို့က အရေးကြီးဆုံးပဲ။ လောဘဆိပ်တက်ပြီး စိတ်ပြောင်းသွားကြတာနဲ့ ရင်ကျိုးရမှာပဲ"

"အဲဒါသိပ်မှန်တာပေါ့ စောခွန်နောင်။ မင်းစားပြောင်နဲ့နောက်ထပ်ကျန်သေးတဲ့ သေတ္တာတွေကို ထပ်ဖွင့်ကြည့်ရအောင်။ ရွှေဒင်္ဂါးပြားတွေအပြင် နောက်ထပ် ဘာတွေပါသေးလဲဆိုတာ သိရအောင်လို့ပါ"

"အေး . . ထပ်ဖွင့်မယ်၊ မင်းဒါတွေကို ဘယ်လိုထင်လဲ" ဟုမေးလိုက်ရာ ဂျပန်စကားပြန်လုပ်ခဲ့ဖူးသူ တင်အောင်မင်းက -

"တို့ သိရလောက်တော့ ဂျပန် ကင်ပေတိုင်တွေဟာ အချိန်ရရင် ရွှေဒင်္ဂါးပြားတွေ ရွှေတုံးရွှေခဲ ကျောက်မျက်ရတနာတွေကို ဂျပန်နိုင်ငံရောက်အောင် အဆင့်ဆင့် ပို့ပေးသွားကြရတယ်။ ပို့ရခက်တဲ့ ရတနာပစ္စည်းကြီးတွေကို မိန့်လာတောင် ဂျပန်ရတနာဂူကြီးတွေမှာ မြှုပ်ပစ်ခဲ့ကြတယ်"



"အေးလေ မင်းကတော့ ဂျပန်စကားပြန်လုပ်ခဲ့ဖူးတော့ ပိုသိတာပေါ့။ မြန်မာနိုင်ငံကနေ ဘယ်လိုအဆင့်ဆင့် ပို့ကြသလဲ တင်အောင်မင်း"

"တို့သိသလောက်ပြောရရင် မြန်မာနိုင်ငံကနေ ထိုင်းနိုင်ငံ ဘန်ကောက်၊ ဘန်ကောက်ကနေ စင်ကာပူ။ စင်ကာပူကနေ ဖိလစ်ပိုင် မနီလာမြို့။ အဲဒီကနေမှာ ဂျပန်နိုင်ငံကို ပို့တယ်ထင်တာပဲ။ ဒီလေယာဉ်ပျံနဲ့ အပို့လမ်းခရီးမှာ ရာသီဥတု မိုးလေဝသ ဆိုးဝါးတာနဲ့ဆုံပြီး တောင်နဲ့ တိုက်မိလို့ ပျက်ကျသွားတာ သိပ်ဖြစ်နိုင်တာပဲ"

ဟု ရှင်းပြ၏။ တင်အောင်မင်းက နောက်ထပ်သေတ္တာတစ်လုံး ထပ်မံဖွင့်လိုက်ရာ အတွင်းမှ စာလုံးရိုက်နှိပ်ထားသော အင်္ဂလိပ်ခေတ်သုံး အာမခံ ရွှေချောင်းကြီးများကို အချောင်းလိုက် အထပ်လိုက် သေတ္တာအပြည့် ထပ်တွေ့ရ၏။ တင်အောင်မင်းက -

"ဒီရွှေချောင်းကြီးတွေဟာ (၁) အင်္ဂလိပ်အစိုးရ ထုတ် ဘဏ်တိုက်တွေ၊ ငွေတိုက်တွေမှာ အာမခံ

www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ ရွှေချောင်းကြီးတွေ ဖြစ်နိုင်တယ်၊ (၂) ဒါမှမဟုတ်ရင် ရန်ကုန်မြို့ ကင်ပေတိုင်ဗ္ဗာနချုပ်က ရသမျှ ရွှေထည်ပစ္စည်း မျိုးကို အရည်ကျို ပုံလောင်းပစ်ပြီး မြန်မာနိုင်ငံက ဖြစ် ကြောင်း ဘာမားတံဆိပ် ရိုက်နှိပ်ခွဲခြားထားတာ ဖြစ် နိုင်တယ်"

"မင်းက ကျိန်းသေလုချည်လားကွ။ အင်မတန် တိကျ ပါလား။ ဂျပန်စကားပြန်လုပ်ခဲ့ဖူးတော့ သိပ်ဖြစ်နိုင် ပါတယ်" ဟုပြောရင်း သံသေတ္တာအရှည်တစ်လုံး၏ သော့ ခလောက်ကို ဖျက်ဖွင့်လိုက်ရာ၊ အတွင်းမှ အလွန်အဖိုးတန် သော ရွှေထည်ပစ္စည်းများကို တွေ့ရလေသည်။ စောခွန်နောင်က -

"ဟော့ . . တင်အောင်မင်း ဒီသေတ္တာအရှည်ထဲမှာ ရွှေထည်ပစ္စည်းတွေ အမြောက်အမြားပဲဟေ့။ ဒါပြီးရင် ရှေ့ရက်ခန်းထဲကို သွားကြစို့ တင်အောင်မင်း" ဟုပြော၍ နှစ်ယောက် သွားကြည့်ကြ၏။ လေယာဉ် စက်ခန်းထဲတွင် အရိုးစုနှစ်ခုကို ထပ်မံတွေ့ရပြန်သည်။ ရှေ့လေယာဉ်စက်ခန်း



အရိုးစုနှစ်ခုနှင့် အနောက်ခန်းမှ အရိုးစုသုံးခု၊ ပေါင်းအရိုး ငါးခုစလုံးကို ကောက်ယူကာ တောင်စောင်း တောင်ကြားအောက်ထဲသို့ ပစ်ချရှင်းလင်း လိုက်ကြ၏။

နှစ်ယောက်သား လေယာဉ်အတွင်းမှ ထပ်မံရှာကြ သောအခါ၊ နောက်ထပ် ရွှေဒင်္ဂါးပြားသေတ္တာ လေးသေတ္တာ နှင့် ဘားမားအင်္ဂလိပ်စာလုံးအမှတ်အသားပါ ရွှေချောင်း သေတ္တာ သုံးသေတ္တာတွေ့ကြပြန်သည်။

ရွှေဒင်္ဂါးပြားသေတ္တာစုစုပေါင်း ဆယ့်လေးသေတ္တာနှင့် ရွှေချောင်းသေတ္တာစုစုပေါင်း ဆယ်နှစ်သေတ္တာဖြစ်သွား၏။ စိန်ဖူးတော် ဝှက်မြတ်နားပါသော သေတ္တာတစ်လုံး ဖြစ်လာ ၏။ တင်အောင်မင်းက -

"တို့ရွှေဒင်္ဂါးပြားသေတ္တာနဲ့ ရွှေချောင်းသေတ္တာတွေကို မြေမြှုပ်ပြီး ဝှက်(ဖွက်)ထားခဲ့တာ ဝှက်။ ယူနိုင်၊ သယ် နိုင်သလောက် အရင်သယ်ပြီး ယူတန်ယူမှ ဖြစ်မယ်။ ဘယ်နဲ့လဲ မကောင်းဘူးလား စောခွန်နောင်"

ဟု တိုင်ပင်လိုက်ရာ စောခွန်နောင်က

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ သိပ်ကောင်းတယ်၊ လောလောဆယ် တို့နှစ်ယောက် စဉ်းစားရမှာက ဘာလဲဆိုတော့ -

၁။ ရွှေဒင်္ဂါးပြား သေတ္တာနဲ့ ရွှေချောင်းသေတ္တာတွေကို လေယာဉ်ပျံပေါ်ကနေ အောက်ကို သယ်ချဖို့က အရေးကြီးဆုံးပဲ။

၂။ အောက်ရောက်သွားတဲ့ ရွှေဒင်္ဂါးပြားသေတ္တာတွေကို လေယာဉ်ပျံနဲ့ ဝေးဝေးသစ်ပင်ကြီးကြီးတွေနားမှာ မြေမြှုပ်ဝှက်ထားခဲ့ဖို့ လိုတယ်။

၃။ မြေမြှုပ်ထားတဲ့နေရာကို ပြန်ရှာရင် လွယ်လွယ်နဲ့ ချက်ချင်းတွေ့နိုင်အောင်၊ အရှေ့ အနောက်၊ တောင် မြောက် မြားပြထားတဲ့ စကေးကိုက် မြေပုံတစ်ပုံစီ ဆွဲထားကြပြီး သိမ်းထားကြဖို့ လိုတယ်။

၄။ ယူသွားကြရင်လည်း ခရီးဝေးလွန်းလို့ တစ်ယောက်ကို ရွှေဒင်္ဂါးပြားသေတ္တာတစ်လုံးစီကိုတောင် နားနားပြီး အနိုင်နိုင် သယ်မှ ဖြစ်မယ်" ဟု ရှင်းပြရာ၊ တင်အောင်မင်းက -



"အေး၊ အဲဒါအကောင်းဆုံးပဲ သူငယ်ချင်း" ဟု ပြောကြပြီးနောက်၊ စောခွန်နောင်က -

"အားလုံးပြီးရင် ညနေစာကို သိုးသားဘူးတစ်ဘူး ဖောက်ပြီး၊ ဘီစကွတ်မုန့်နဲ့ စားလိုက်ကြစို့။ နောက်မှ မိုးလုံလေလုံ လေယာဉ်ပျံပေါ်မှာပဲ၊ ဒီည အိမ်လိုက်ကြတာပေါ့။ လေယာဉ်ပေါ်မှာဆိုတော့ ပိုစိတ်ချရတယ်"

"အေး ‥ ကောင်းတယ်" ဟု ပြောဆို၍ ညနေစာ စားသောက်ပြီး ညအိပ်လိုက်ကြ၏။ နှစ်ယောက်သား ရွှေဒင်္ဂါးပြားများ၊ ရွှေချောင်းများတွေ့ နေရသောကြောင့် တော်ရုံနှင့် အိပ်မပျော်နိုင်ချေ။ လောဘဆိပ်တက်ကာ မိုးလင်းခါနီးကျမှ အိပ်ပျော်သွားကြ၏။ နှစ်ယောက်သား နေအတော်မြင့်မှ နိုးလာကြ၏။ နိုးလာကြသည်နှင့် တောင်ကျချောင်းလေးသို့ဆင်း၍ မျက်နှာသစ်ကာ နံနက်စာကို စားသောက်လိုက်ကြပြီး ရွှေဒင်္ဂါးသေတ္တာများအောက်သို့ သယ်ချရေးလုပ်ငန်းကို စတင်လုပ်ကိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမဦးစွာ ရွှေဒင်္ဂါးပြားသေတ္တာနှင့် ရွှေချောင်းသေတ္တာများကို လေယာဉ်တံခါးပေါက်ဝအရောက်သို့ အားလုံးစုပုံထားလိုက်ကြသည်။ လေယာဉ်တံခါးပေါက်ဝရောက်မှ တစ်ဆင့် မြေပြင်ပေါ်သို့ သယ်ချရန် စီစဉ်လိုက်ကြ၏။ နှစ်ယောက်သား နံနက်ခင်းမှစ၍ ရွှေသေတ္တာများကို လေယာဉ်တံခါးဝသို့ အရောက်သယ်ကြရာ၊ အထပ်လိုက် စီထားပြီးသည်အထိ ညနေစောင်းမှ အားလုံးပြီးစီးသွား၏။ စောခွန်နောင်က -

"ကဲ . . . တင်အောင်မင်း တစ်ခါတည်း အောက်မြေကြီးပေါ်ကို သယ်ချပြီး မြေမြှုပ်တော့မှာလား။ မင်းကြိုက်တဲ့နေရာကို ရွေးပေတော့"

"နေပါဦး . . . စောခွန်နောင် သေတ္တာ(၂၇)လုံးကို အပေါ်မှာတင် နေရာရွေ့သယ်လာတာတောင် ခါးတွေနာနေပြီ။ မနက်ကျတော့မှ အောက်ကိုချ မြေကြီးထဲမြှုပ်ကြတာပေါ့ကွာ။ နေတောင်အတော်လေး စောင်းနေပြီ၊ ရေမိုးချိုး



စားသောက်ပြီး အညောင်းပြေ ပြေသွားအောင် အိပ်လိုက်ကြပါစို့။ မနက်ကျမှ အေးအေးဆေးဆေး မြေကြီးပေါ် သယ်ချ မြေမြှုပ်တာပေါ့ စောခွန်နောင်"

"မင်းသိပ်ပင်ပမ်းပြီး ခါးနာနေရင်လည်း မင်းစိတ်ကြိုက် မနက်မှ နေရာရွေ့ကြတာပေါ့။ မင်းသဘောပဲလေ။ ဒါပေမယ့် ရွှေသေတ္တာအားလုံး(၂၇)လုံးစလုံးဟာ လေယာဉ်တံခါးဝပေါက်ဆင့်တင်ထားတာတော့ မကောင်းဘူး။ တစ်ဖက်စောင်းနင်း အလေးချိန်တင်ထားတာကတော့ အန္တရာယ်သိပ်များတယ်"

ဟု ရှင်းပြသော်လည်း တင်အောင်မင်းက -

"ရပါတယ်ကွာ။ မနက်ကျ ရွှေ့ကြမှာပဲဟာ"

ဟု ပြောလိုက်၏။ နှစ်ယောက်သား ရေမိုးချိုးစားသောက်ပြီးနှင့် စောစောအိပ်ရာဝင်လိုက်ကြသည်။ နောက်နေ့ မိုးလင်းလာသည်နှင့် ရေမိုးချိုးစားသောက်ပြီးကြသည်နှင့် ရွှေသေတ္တာများ အောက်သို့ သယ်ချမြေမြှုပ်ကြရန် လုပ်ငန်းစလိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ရွှေဒင်္ဂါးပြားသေတ္တာတစ်လုံးကို နှစ်ဖက်လက်ကိုင်ကိုင်းမှ တစ်ယောက်တစ်ဖက်စီ ကိုင်လိုက်ကြသည်နှင့်တစ်ပြိုင်နက် မြေကြီးကြည်း၍ တော်လဲသံကြီးပမာ တောင်သံကြီးများကဲ့သို့ မြည်ဟီး ထွက်ပေါ်လာ၏။ အနောက်တောင် မှတ်သုံလေပြင်းတိုက်သည် ထက်တိုက် လေထန်သည်ထက် ထန်လာသည်။

အနောက်တောင် ကောင်းကင်ယံထက်ဆီမှ မိုးသားတိမ်လိပ်များ တရိပ်ရိပ် တလိပ်လိပ်နှင့် ညိုပုပ်မှောင်မည်းစွာ တက်လာကြ၏။ တောင်တစ်တောင်လုံး မြေငလျင်လှုပ်သည်ပမာ သိမ့်သိမ့်တုန်လာကာ သောင်းသောင်းပြိုလာသည်။ ထိုစဉ်ဝယ် အခါမဲ့မိုးကြီး အသည်းကြီးစွာ ထစ်ချုန်းရွာသွန်းချလိုက်၏။ လေပြင်းထန်ထန်ကြား လျှပ်စီးများ ဝင်းခနဲ လက်ခနဲ ဖြစ်လာကာ မိုးထစ်ချုန်းရွာသွန်းလိုက်၊ မိုးကြိုးပစ်ခွင်းလိုက်ဖြစ်နေရာမှ "ဒိန်း"ခနဲ မြည်ဟီးတုန်ခါသွားပြီးနောက် မိုးကြိုးတစ်ချက်သည် လေယာဉ်စက်ဦးခေါင်းအနီးသို့ ပစ်လိုက်၏။



ရွှေဒင်္ဂါးပြားသေတ္တာများနှင့် ရွှေချောင်းသေတ္တာများကြောင့် အလေးချိန်တစ်ဖက်စောင်းနင်းဖြစ်နေသော လေယာဉ်ကြီးသည် တစ်ကျွိကျွိနှင့် အသံမြည်လာ၏။ နှစ်ယောက်သား လေယာဉ်တံခါးပေါက်ဝမှ ခုန်ချလိုက်ကြသည်နှင့်တစ်ပြိုင်နက် တံခါးပေါက်ဝဘက်သို့ ပိုလေးသွားကာ တစ်ကျွိကျွိနှင့် ပိုမိုမြည်လာ၏။ စောခွန်နောင်က -

"ဟေ့ တင်အောင်မင်း၊ လေယာဉ်ပျံကြီးက တစ်ကျွိကျွိမြည်ပြီး လှုပ်လာတယ်။ တံခါးပေါက်ဝဘက်ကို ပိုစောင်းလာပြီ ဝေးဝေးနေဟေ့" ဟုပြောနေရင်းတန်းလန်း တံခါးပေါက်ဝဘက်သို့ တဖြည်းဖြည်း နိမ့်ဆင်းလာပြီးနောက် "ဒုန်း"ခနဲ အသံနက်ကြီး မြည်ဟီးထွက်ပေါ်လာကာ တစ်တောင်လုံးတုန်ခါ၍ တောင်အောက်တောင်ကြားကြီးထဲသို့ ထိုးကျသွား၏။

လေယာဉ်ပျက်ကြီးနှင့်အတူ မြေသားမြေစိုင်ခဲကြီးများ၊ ကျောက်တုံး၊ ကျောက်ခဲကြီးများ၊ သစ်ပင်ကြီးများပါအရှင်း

www.burmeseclassic.com

www.burmeseclassic.com



မှ ကျွတ်ထွက်ထိုးစိုက် ကျဆင်းသွားကြကုန်၏။ အညှိုးကြီးသည့် မိုးကြီးသည် သဲသဲမဲမဲ ရွာကောင်းတိုင်း ရွာနေလျက်ပင် ရှိနေသေးသည်။ တောင်ကြားတစ်ခုလုံး မြေသားမြေစိုင်ကြီးများ ကျောက်တုံးကျောက်ခဲများတို့သည် မိုးရေနှင့်အတူ စီးဆင်းဖုံးအုပ်သွား၏။

နှစ်ယောက်သား မိုးထဲရေထဲအောက် ရွှဲရွဲစိုလျက် ကြွက်စုတ်နှစ်ကောင်ရောက်နေကြဘိသကဲ့သို့ တုတ်တုတ်မျှမလှုပ် စကားတစ်ခွန်းမှ မပြောနိုင်ကြတော့ဘဲ ကျောက်ရုပ်အသွင် မြင်နေကြရ၏။ တင်အောင်မင်းတစ်ယောက် ကြည့်နေရာမှ ယောက်ျားတန်မဲ့ တစ်ဟီးဟီးနှင့် ထိုင်ငိုနေ၏။ ထိုင်ငိုနေရာမှ စိတ်ဖောက်ပြန်သွားကာ နှစ်လုံးပြူးသေနတ်ကို မောင်းတင်၍ "ငါ့ရွှေဒင်္ဂါးပြားတွေ၊ ငါ့ရွှေချောင်းတွေကို မိုးရွာပြီး မိုးကြိုးပစ်အောင်လုပ်လိုက်တာ မိုးနတ်သားပဲ သေပေတော့၊ မင်းကို ပစ်သတ်မှအေးမယ်" ဟု ဟစ်အော်ပြောဆိုရင်း သတိလက်လွတ်ကာ "ဒိုင်း" ခနဲ "ဒိုင်း" ခနဲ နှစ်ချက်ဆင့် ပစ်ထည့်လိုက်၏။ စောခွန်နောင်သည်



မြင်သည်နှင့် ကျည်ဆန်ထည့် မောင်းတင်လိုက်ပြီး -

"မင်းက ဘယ်ကကောင်လဲ။ ငါပိုင်တဲ့ရွှေဒင်္ဂါးပြားတွေ ရွှေချောင်းတွေကို မင်းက အချောင်လိုချင်တာပေါ့လေ။ မင်းလည်းငါ့ရန်သူပဲ။ အသေပစ်မယ်"

ဟုပြောရင်း စောခွန်နောင်ကို ချိန်ထားလိုက်၏။ စောခွန်နောင်သည် သူ့အား ရှင်းပြမနေတော့ဘဲ သစ်ပင်လုံး ကွယ်ရာမှ တောင်အောက်သို့ ပုန်းရှောင်ဆင်းပြေးသွား၏။ တောင်ပေါ်မှ တစ်ဒိုင်းဒိုင်း သေနတ်သံနှင့်အတူ အလန့်တကြား ငယ်သံပါအောင် "အား" ခနဲ အော်လိုက်သံကို ကြားရပြီး တိတ်ဆိတ်သွား၏။ စောခွန်နောင် တက်ရှာသောအခါ ဥစ္စာရူးရူးသွားသူ တင်အောင်မင်းအား လုံးဝ ရှာမတွေ့တော့ချေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



(၃)

စောခွန်နောင် ပြန်လာပြီး တင်အောင်မင်း၏ မိဘ ဆွေမျိုးများကို ဖြစ်ကြောင်းကုန်စင်ပြောပြ၍ လိုက်ရှာကြ၏။ သုံးကြိမ်သုံးခါ သွားရောက်ရှာဖွေကြသောအခါ၊ လေယာဉ် ပျံထိုးကျသွားရာ တောင်ကြားကို လုံးဝရှာမတွေ့ကြချေ။ တောမှောက်တောလည်ပြီး ရှေးဟောင်းစေတီပျက် သေးနှစ်ခုကိုသာ တွေ့ရ၏။ စေတီပျက်နှစ်ဆူကြားတွင် တင်အောင်မင်း၏ သွေးစွန်းအကျႌ၊ နောက်ကျောပိုးအိတ်နှင့် နှစ်လုံးပြူးသေနတ် ရိုက်ချိုးဖျက်ဆီးထားသည်ကို တွေ့ရ သည်။



တင်အောင်မင်း၏ မိဘနှစ်ပါးနှင့် စောခွန်နောင်တို့ သုံးယောက်သား မော်လမြိုင်မြို့ ဆံတော်တစ်ဆူ ဌာပနာ ထားသော ဆံတော်ရှင် ကျိုက်သုတ်စေတီတော်ကြီး၏ မြောက်ဘက်၊ ဝေဠုဝန်ကျောင်း၏ အနောက်ဘက် ကျော ချင်းကပ်နေသည့် ပြည်ကျောင်းဆရာတော် ဦးကလျာဏ ထံသို့ သွားရောက်၍ စစ်ဆေးတွက်ချက် ဗေဒင်မေး ကြ၏။ ဆရာတော်ဘုရားက -

"ဓနေသား တင်အောင်မင်းဟာ သိပ်ညှိုနေတယ်။ အိမ်ကထွက်ကိန်း၊ ခန္ဓာပျက်ကိန်းနဲ့ ကြုံနေတယ်။ သိပ်ညှို့ လွန်းလို့ စိတ်ပူရတယ်။ သူခရီးမထွက်ခင်တုန်းက ဘာမှ အတိတ်နိမိတ်မပြဘူးလား" ဟု မိန့်တော်မူလိုက်ရာ မိခင် ကြီးဖြစ်သူက ဆရာတော်အား -

"အတိတ်နိမိတ်ပြပါတယ် အရှင်ဘုရား၊ သွားတော့ မယ့်မနက်မှာ ပြတာက -

၁။ သူထမင်းစားနေတဲ့ ကြွေပန်းကန်ပြားဟာ စားနေရင်း ကွဲသွားခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၂။ နောက် သူရေသောက်တော့ သောက်ရေအိုးကို တိုက်မိပြီး ကွဲသွားပါတယ်ဘုရား" ဟု ရှင်းပြလျှောက်ထား၏။ ဖခင်ဖြစ်သူက ဆက်လက်၍ -

"သူခရီးထွက်သွားပြီးနောက်မှ နိမိတ်ပြတာကတော့ -

၁။ ပထမဆုံးပြတာက သူ့ခါတ်ပုံကြီးဟာ ပြုတ်ကျပြီး ကွဲသွားပါတယ်ဘုရား၊

၂။ သူ့အခန်းထဲက မှန်ဘီရိုကြီးဟာ ကလေးတွေရဲ့ဂေါ်လီ မှန်ပြီး ကွဲပါတယ်ဘုရား။

၃။ သူ့အိပ်ရာပေါ်မှာ ကြောင်အနက်လေးသေနေတာ ထပ်ပြီး တွေ့ရပါတယ်ဘုရား"

"အဲဒါတွေဟာ တင်အောင်မင်းအတွက် မကောင် တဲ့နိမိတ်တွေပဲ။ နောက်ထပ်ကော ဘာတွေဖြစ်သေးလဲ"

ဟု မိန့်တော်မူလိုက်ရာ မိခင်ကြီးက -

"နောက်ဆုံးတစ်ခုကတော့ အိပ်မက်ထဲမှာ အ မပါဘဲ ဘောင်းဘီရှည်အစုပ်အပြတ်ဟောင်းနွမ်းနွမ်းလေ



မိုးရေတွေစိုရွှဲပြီး အိမ်ပေါ်ကို တက်လာပါတယ်။ အိမ်ပေါ် ရောက်တော့ "မေမေရယ်၊ သားတင်အောင်မင်း မေမေတို့နဲ့ မနေတော့ဘူး၊ ရွှေချောင်းတွေ ရွှေဒဂါးတွေတောင်ကြား မှာ အမြဲသွားနေတော့မယ်၊ အဲဒါ သားလာနှုတ်ဆက်တာ။ သားဘယ်တော့မှ မဆင်းရဲတော့ဘူး။ သားဆီမှာ ရွှေချောင်း တွေ သေတ္တာလိုက်၊ ရွှေဒဂါးပြားတွေ သေတ္တာလိုက်ရှိတယ်၊ သားပိုင်တယ်မေမေ၊ သား ရွှေချောင်းတွေ ရွှေဒဂါးပြားတွေ ကို မပစ်ထားနိုင်လို့ မေမေတို့နဲ့ ခွဲပြီး ရွှေတုံးရွှေချောင်း တောင်ကြားမှာပဲ အမြဲနေသွားတော့မယ်။ သွားတော့မယ် မေမေ" လို့ ပြောဆိုကန်တော့ပြီး ဆင်းသွားပါတယ် အရှင်ဘုရား" ဟုလျှောက်တင်ရာ ဖခင်ဖြစ်သူကလည်း-

"အရှင်ဘုရား တပည့်တော်လည်း တစ်နေ့တည်း က်ပါတယ်ဘုရား၊ အိပ်မက်မက်လို့ နိုးလာတဲ့အချိန်မှာ အိမ်ရှေ့ ခွေးအူနေ တာမဆုံးတော့ပါ အရှင်ဘုရား" ဟု လျှောက်တင်၏။ ဆရာတော်ဘုရားက -

www.burmeseclassic.com

www.burmeseclassic.com



"ဒကာလေး တင်အောင်မင်း မသေခင်လေး အသက်ထွက်ခါနီးလေးမှာပဲ ရွှေချောင်းရွှေဒဂါးတောင်ကြားထဲက ရတနာပစ္စည်းတွေကို မက်မောစွဲလန်းရာကနေ အယုတ်မ်းမှားသွားပုံရတယ်" ဟု ရှင်းပြ၏။ ဆရာတော်ဘုရားက ဆက်လက်၍ -

"သူ့အတွက် ကုသိုလ်ကောင်းမှုပြု ဆွမ်းကျွေး၊ သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်ကပ်လှူပေးပြီး အမျှအတန်းဝေလို့ သာဓုခေါ်လိုက်ရင် ကောင်းရာသုဂတိဘုံကို ရောက်သွားမယ် ခဏခဏလှူပေး အမျှအတန်းဝေပေးရင် ရနိုင်ပါတယ်" ဟု ပြည်ကျောင်းဆရာတော် ဦးကလျာဏက မိန့်တော်မူ လိုက်၏။ တင်အောင်မင်း၏ မိဘနှစ်ပါးနှင့် စောခွန်နောင်တို့ သုံးယောက်သား ဆရာတော်အား ရှိခိုးကန်တော့ခဲ့ကြပြီးနောက် ပြည်ကျောင်းအုတ်လှေကားကြီးပေါ်မှ လေးကန်သော ခြေလှမ်းများဖြင့် ဝမ်းနည်းကြေကွဲစွာ ဆင်းလာခဲ့ကြလေတော့သည်။



လောဘနှင့်တူသော မက်မောတွယ်တာစွဲလန်းခြင်းလောင်မီးသည် ဘဝကူးမကောင်းသည်အထိ အပူပြင်းဆုံး ဒုက္ခဆိုးကျိုးကို အလွန်ပေးတတ်ပေသည်တကား။

ပဉ္စဂုဏံ အဟံဝန္ဒာမိ သဗ္ဗဒါ။

❐ မြပုလဲစန္ဒာညွန့်

www.burmeseclassic.com


www.burmeseclassic.com

(၁)

ဒေါက်တာစောခွန်နောင် အမ်အေ၊ ပီအိပ်ချ်ဒီ(လန်ဒန်)
သည် ရန်ကုန်တက္ကသိုလ် သမိုင်းဌာနတွင် သမိုင်းပါမောက္ခ
ချုပ်အဖြစ်ဖြင့် ဝင်ရောက်အမှုထမ်းနေသူတစ်ယောက်
ဖြစ်သည်။ ဒေါက်တာစောခွန်နောင်သည် နွေရာသီကျောင်း
ပိတ်ရက် ၁၉၄၄ ခုနှစ်၊ မတ်လ (၁) ရက်နေ့၊ မြန်မာ
သက္ကရာဇ် ၁၃၀၆ ခုနှစ်၊ တပေါင်းလဆန်း (၈) ရက်နေ့
ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်မြို့မှ ပဲခူးတိုင်းတောင်ငူမြို့သို့

# ရိုးမတော နတ်စင်မှ ကျားရုပ်

မြပုလဲစန္ဒာညွန့်



www.burmeseclassic.com

www.burmeseclassic.com



ခရီးထွက်သွား၏။ ခရီးထွက်သွားရာ၌ စောခွန်နောင်နှင့်အတူ ဗလကြီး၊ အိုက်စံ၊ အိုက်ပန်၊ ဦးခန်းလျှန်တို့ လိုက်ပါသွားကြ၏။ တောင်ငူမြို့ အနောက်ဘက် တောနက်ထဲတွင် အမဲလိုက်ထွက်ရန်အတွက် လက်ပံကုန်းရွာ မှဆိုးကြီး ဦးရှိထန်ဆီသို့ အရောက်လာခဲ့ကြ၏။

လေးယောက်သား စားရေရိက္ခာအပြည့်အစုံ လက်နက်အပြည့်အစုံ၊ ရွက်ဖျင်တဲတစ်လုံးအပြင် စောခွန်နောင် လိုင်စင်နှင့် ကိုင်နေကျ အရှည် ၃၄ လက်မရှိသော ဂျာမန်ဖေးဖရိတ် နှစ်လုံးပြူးပြောင်းရှည်သေနတ်တစ်လက်နှင့် ကျည်ဆန်မျိုးစုံပါလာ၏။ ဦးရှိထံ်န၏အိမ်တွင် တစ်ညတာအနားဖြေကြပြီးမှ တောနင်းကြ၏။ တောနင်းအမဲလိုက်ရာတွင် ဦးခန်းလျှန် အိမ်စောင့်ကျန်ရစ်ခဲ့ပြီး စောခွန်နောင်၊ အိုက်စံ၊ အိုက်ပန်နှင့် အမဲလိုက်လမ်းပြ မုဆိုးကြီး ဦးရှိထန်တို့လေးယောက်သား ထွက်သွားကြ၏။ စောခွန်နောင်သည် ထွက်ကတည်းက ပေါက်ကွဲမှုယမ်းအား အလွန်ပြင်းထန်

www.burmeseclassic.com

www.burmeseclassic.com



ထည့်သွင်းမောင်းတင်ထား၏။ လုံခြုံမှုခလုတ်ကို ပိတ်၍ သေနတ်ထမ်းလာ၏။

နေ့မွန်းလွဲသွားပြီးသော်လည်း တောကောင်တစ်ကောင်မျှမရသေးသည့်အချိန်ဝယ် ရိုးမတောလက်ပံကုန်း၏ လက်ပံကုန်းတောစိုးလက်ပံပင်ကြီးရှိ နတ်စင်ကုန်းသို့ ရောက်သွား၏။ ထိုအချိန်တွင် "ဖျောင်း"ခနဲ သစ်ကိုင်းကျိုးကျသံများ တစ်ဖျောင်းဖျောင်းနှင့် ကြားနေရာမှ မြေပြင်တစ်ခုလုံး သိမ့်သိမ့်တုန်ခါအောင် အဝေးမှ တောကောင်ကြီးများ နတ်စင်ရှိရာသို့ တဟုန်ထိုးပြေးလာနေသည်ကို ကြားနေရ၏။ တဖြည်းဖြည်းနီးသည်ထက် နီးလာရာ မုဆိုးကြီး ဦးရှိထန်က စောခွန်နောင်အား -

"ဆရာလေး ... အဲဒါတောခြောက်တာ။ ဘာမှ မကြောက်နဲ့၊ ဒီတောစိုးလက်ပံကြီးဟာ တောခြောက်ပင်ကြီး ဖြစ်လို့ ရွာသားတွေက နတ်စင်လုပ်ပြီး ပသထားတာ။ ရွာသားတွေကိုတော့ တောမခြောက်ဘူး။ လူစိမ်းတွေပါရင်တော့ အမြဲတောခြောက်လေ့ရှိပါတယ် ဆရာလေး"



ဟု ရွာခံမုဆိုးကြီး ဦးရှိထန်က ရှင်းပြရာ စောခွန်နောင်က -

"အခုလို တောခြောက်တာကို တောမခြောက်အောင် လုပ်လို့မရဘူးလား ဦးရှိထန်။ ဟာ ... နတ်စင်ပေါ်မှာလဲ ပန်းအိုးတွေ၊ ရေခွက်တွေ၊ ကောက်ညှင်းတွေနဲ့ ကျားရုပ်ကြီးရေ့မှာ တင်ထားလို့ပါလား ဆန်းလိုက်တာ"

ဟု မသိ၍ စောခွန်နောင်က ပြောလိုက်ရာ ဦးရှိထန်က ရှိရှိသေသေ -

"ဒီတောစိုးလက်ပံပင်ကြီးဟာ သိပ်ကြမ်းလွန်းလို့ နတ်ကွန်းပေးထားပြီး အစုံတင်ထားကြရတယ် ဆရာလေးရဲ့။ နတ်ကျားတွေ တောကျားတွေ ခဏခဏ ထွက်လာ ဘတ်လို့ ရွာထိပ်က ဦးဖိုးထင်ကြီးက ကျားရုပ်တစ်ရုပ်ထု ဆေးခြယ်တင်ထားလိုက်မှ ငြိမ်သွားတယ်ဆရာလေးရဲ့"

ဟု ပေါ်ဓလေ့ထုံးစံအတိုင်း ပြောပြရာ စောခွန်နောင်က

"ဦးရှိထန် ဒီလောက်သောင်းကျန်းပြီး တောခြောက်

www.burmeseclassic.com



နေတဲ့ ဒီတောစိုးလက်ပံပင်ကြီးကို ငြိမ်ကျသွားအောင် လုပ်ပြလိုက်ရမလား"

ဟု စိန်ခေါ်ပြောပြလိုက်ရာ ဦးရှိထန်တစ်ယောက် ရှိန်းရင်း -

"မလုပ်လိုက်ပါနဲ့ ဆရာလေးရယ်။ ဆရာလေး လုပ်တာက အရေးမကြီးဘူး၊ ရွာမှာကျန်ခဲ့တဲ့ ရွာခံသားတွေကို ဒုက္ခပေးနေပါဦးမယ်ဆရာလေး"

ဟု တောရွာလေ့အယူသည်းသူ ဦးရှိထန်က တောင်းပန်နေ၏။ စောခွန်နောင်သည် ဘာမျှမပြောဘဲ လာခဲ့ကြရာ၊ ဆင်သချောင်းနားအရောက် "ဆတ်တိန်သံ" ကို ကြားရပြီး အိပ်တန်းတက်ကြမည့်ငှက်များ အုပ်လိုက်ထပျံသွား၏။ မုဆိုးကြီး ဦးရှိထန်က စောခွန်နောင်အား တိုးတိုးလေး-

"ဆရာလေး ခုနကကြားရတာ "ဆတ်တိန်သံ" မဟုတ်ဘူး။ အဲဒါ "ကျားတစ်သံ" အစစ်ဖြစ်တယ်။ တောကောင်ကြီးတစ်ကောင် ရေဆင်းသောက်လာပြီနဲ့ တူတယ်။ ဆရာလေး ပစ်ဖို့အသင့်ပြင်တော့"



ဟု သတိပေးလိုက်၏။ လေးယောက်သား လက်နက်ကိုယ်စီနေရာခွဲလိုက်ကြ၏။ စောခွန်နောင်မှာမူ ဆင်သချောင်းနှင့် နီးနိုင်သရွေ့နီးအောင် ရှေ့တိုးသွားပြီး သစ်ပင်တစ်ပင်၏အကွယ်မှ မုဆိုးဒူးထောက်ထိုင်ရင်း လုံချုံမှုခလုတ်ဖွင့်လျက် စောင့်နေ၏။ မကြာလိုက်ပါ။ အမြီးရှည်ကြီးမြေပေါ်သို့ တဖုတ်ဖုတ် ကျသံမြည်ရင်း ကိုးတောင်ပြည့်ကျားထီးကြီးတစ်ကောင် ရေဆင်းသောက်လာ၏။ ရေသောက်နေစဉ် ညာဘက်ရှိ မောင်းခလုတ်ကို တဆင့်စီဆွဲဖြုတ်ချလိုက်၏။

"ဒိုင်း"ခနဲ သေနတ်သံကြီးပေါက်ကွဲမြည်ဟည်းသွားပြီးနောက် ကိုးတောင်ပြည့်ကျားထီးကြီး၏ ညာဘက်လက်ပုံညွှန့်ကို ထိမှန်သည်နှင့် နောက်ကျွမ်းပစ်ချလိုက်သည်။ သေနတ်သံကြောင့် ငှက်များအုတ်လိုက်ထပျံသွားကြကုန်၏။ ကျားထီးကြီးသည် ရန်သူကို လိုက်ရှာနေစဉ် စောခွန်နောင်သည် ကျန်ရှိနေသော ဘယ်ဘက်ရှိ မောင်းခလုတ်ကို ထပ်မံဆွဲဖြုတ်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း" ခနဲ ဒုတိယအကြိမ် ပေါက်ကွဲသံကြီးထွက်လာပြီး ကျားထီးကြီး၏ ညာဘက် နားပေါက်ကို ထိမှန်သွား၏။ ကျားထီးကြီး၏ခေါင်းသည် ဘယ်ဘက်သို့ လည်ထွက်သွားပြီး တစ်လံကျော် အကွာအဝေးသို့ လွင့်စင်ထွက်သွား၏။ ဦးခေါင်းကို ထိမှန်သွားသောကြောင့် တစ်ချက်သာ မာန်ဖီနိုင်ပြီး ငြိမ်ကျသွားတော့၏။ စောခွန်နောင်သည် "ဖျောင်း" ခနဲ သေနတ်မောင်းကို ချိုးချလိုက်ရာ အတွင်းမှ ကျည်ဆန် တောင့်နှစ်တောင့် မြေပြင်ပေါ်သို့ "ဒေါက်" ခနဲ ကျသွား၏။ အမဲလိုက်အကျီ ညာဘက် အိတ်ရှေ့တွင် ထိုးထားသော တစ်လုံးထိုးသုံး လက်မဘောကျည်ဆန် တစ်ဖက်တစ်တောင့်စီ ထိုးသွင်းပြီး "ဖျောင်း" ခနဲ မောင်း ပြန်တင်ထားလိုက်၏။ ကိုးတောင်ပြည့်ကျားကြီး မလှုပ်မရှား ငြိမ်သက်နေသောအခါမှ မှဆိုးကြီး ဦးရှိထန်က တောလိုက်မှဆိုးစကားအရ -

"တောကောင်ကြီး ကျသွားတော့ ဆရာလေးအတွက် တောမဆိုးတော့ဘူး။ **တောရှီးသွားပြီ**။ တောမဆိုးဘဲ



တောရှီးမှ တောနှင်းလို့ ကောင်းတာပေါ့ ဆရာလေးရဲ့" ဟု ပြောလိုက်၏။ စောခွန်နောင်က -

"စထွက်လာကတည်းက တောမရှီးလို့ တောဆိုးပြီး တောခြောက်ခံရတာပေါ့ ဦးရှိထန်ရဲ့။ ကဲ . . အိုက်စံနဲ့ အိုက်ပန် ဒီကောင်ကြီးကို သယ်ဖို့ ဝါးခုတ်၊ နွယ်ကြိုးခုတ်ပြီး ပြန်ကြမယ်" ဟု စောခွန်နောင်က ပြောလိုက်ရာ အိုက်စံနှင့် အိုက်ပန်တို့က -

"ဟုတ်ကဲ့ပါ ဆရာလေး" ဟု ပြန်ဖြေပြီး ဝါးခုတ်၊ နွယ်ကြိုးခုတ်နေကြ၏။ ပြီးသည်နှင့် ကျားထီးကြီး၏ ရှေ့ခြေနှစ်ချောင်းအား ချည်၍လည်းကောင်း၊ နောက်ခြေနှစ်ချောင်းအား ချည်၍လည်းကောင်း ဝါးလုံးလျှိုသွင်းကာ နှစ်ယောက်သား ရှေ့နောက်ထမ်း သယ်ယူသွားကြ၏။ ဦးရှိထန်၏အိမ်သို့ရောက်သည်နှင့် လက်ပံကုန်းရွာလေးတစ်ရွာလုံး ဒိုင်းအုံရောက်ရှိလာကြ၏။ ဗလကြီးအိုက်စံနှင့် အိုက်ပန်တို့နှစ်ယောက်သား ကိုးတောင်ပြည့်ကျားကြီးအား ဦးရှိထမအရှေ့ချခွာပြီး ကျားခေါင်းနှင့်တစ်ဆက်တည်း ထား

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ ဦးခေါင်းသား၊ ဦးနှောက်၊ လျှာတို့ကို ထုတ်ပစ် သပ်ရိုက်ကာ ကြက်နေလှမ်းလိုက်၏။ ကျားသားများ ကျားရိုးများကို ဦးရှိထန်အား အပ်လိုက်၏။ ဦးရှိထန်ကနေ၍ အိမ်သားအလိုက် စိတ်တိုင်းကျ ဟင်းစားများကို ကျေနပ် အောင် ဝေခြမ်းပေးလိုက်ရာ တစ်ရွာလုံး ဝမ်းသာသွား ကြကုန်၏။

နောက်လေးရက်နေပြီးနောက် ကျားသားရေခြောက် သွားသည်နှင့် ရိုးမတောလက်ပံကုန်းရွာလေးမှ တောင်ငူမြို့ တောင်ငူမြို့မှ ရန်ကုန်မြို့သို့ လေးယောက်သား ပြန်လာခဲ့ ကြသည်။ ရန်ကုန်မြို့တွင် ကျားခေါင်းပါသော ကျားသားရေ ကြီးကို ထပ်မံပြုပြင်ပြီး ဧည့်ခန်းကြမ်းပြင်တွင် အလှ ထ...းလိုက်၏။ နောက်တစ်ရက်တွင် လေးယောက်သား ရန်ကုန်မှ တောင်ငူ၊ တောင်ငူမှ အနောက်ရိုးမတောတွင်ရှိ လက်ပံကုန်းရွာ ဦးရှိထန်၏ အိမ်သို့ ဒုတိယအကြိမ် ထပ်မံ ရောက်ရှိလာကြပြန်သည်။

— ဒုတိယအကြိမ် အကြံနှင့် ပြန်လာသော စောခွန်နောင်



သည် မုဆိုးကြီး ဦးရှိထန်အား မခေါ်ဘဲ ဗလကြီးအိုက်စံ၊ အိုက်ပန်တို့နှင့် သုံးယောက်သား တောနင်းကြပြန်သည်။ သုံးယောက်သား အမဲလိုက် တောနင်းလာကြရင်း ရိုးမတော တောစိုးလက်ပံကြီးနှင့် နတ်စင်ရှိရာသို့ ရောက်သွားကြ၏။ သုံးယောက်သား အပင်အောက် နတ်စင်၏ အရှေ့သို့ရောက် သည်နှင့် တစ်ပြိုင်နက် "ဖျောင်း" ခနဲ သစ်ကိုင်းကျိုးကျသံ ကြားပြီး တောစ.ခြောက်တော့၏။

သစ်ကိုင်းကျိုးကျသံများကို ၊ တဖျောင်းဖျောင်းနှင့် ကြားနေရပြီးနောက် အဝေးမှ တောကောင်ကြီးများ အုတ်လိုက်မြေပြင်တစ်ခုလုံး တုန်ခါအောင် ကြောက်မက် ဖွယ်ရာ ပြေးဝင်လာကြသည်ကို ကြားနေရ၏။ စောခွန်နောင် က အိုက်စံနှင့် အိုက်ပန်တို့အား -

"ဟေ့ . . . အိုက်စံနဲ့အိုက်ပန် မကြောက်နဲ့။ ဒါ တောခြောက်တာ။ အရင်တစ်ခါ ဦးရှိထန် ပါလာတုန်းက တောခြောက်ပြီးပြီလေ" ဟုရှင်းပြရာ ဗလကြီးအိုက်စံက-

"အိုက်စံသိပါတယ် ဆရာလေး။ ဒီအပယ် ဒီလောက်

www.burmeseclassic.com

www.burmeseclassic.com



သောင်းကျန်းနေတာကို လုပ်လို့မရဘူးလား။ လုပ်လို့ရရင် တစ်ခါတည်း လုပ်ပစ်လိုက်စမ်းပါ ဆရာလေး တစ်ချီတည်း ငြိမ်သွားအောင်"

ဟု ပြောလိုက်ရာ အတိုင်အဖောက်ညီလှသော ဆရာ ဖြစ်သူက -

"အေး ... ဒီတစ်ခေါက်လာခဲ့တာ ဒီတောစိုးလက်ပံ ပင်ကြီးကို နောက်ထပ်တောမခြောက်နိုင်အောင် လုပ်မလို့ လာခဲ့တာပဲ။ ကဲပေါက်ဆိန်ထုတ်ပြီး အပင်ရင်းမှ သုံးလေး နေရာ ပေါက်ဆိန်နဲ့ တစ်ချက်ချင်းနက်နက်ခုတ်။ ခုတ်ထားတဲ့ အထဲ ကျားခြေသည်း တစ်ခုစီထည့်ပြီး ပြန်ပိတ်။ နောက် အပင်ရင်းမှာ ပေါက်ဆိန်နဲ့ နက်နက်ထွင်းခုတ်ပြီး ယူလာတဲ့ ရှိန်းဒိုး(ရှိန်းခိုး)အပြည့်ထည့်ပြီး ပိတ်ထားလိုက်တော့"

ဟုပြောဆိုပြီး စောခွန်နောင်တစ်ယောက် မကြောက်မရွံ့ ရိုးမတောနတ်စင်ပေါ်မှ မာန်ဖီနေသော ကျားရုပ်ကို ယူလိုက်၏။ အိုက်စံက



"ဆရာလေး ဖြစ်ပါ့မလား။ ရိုးမတောနတ်စင်က ကျားရုပ်ကို လူတိုင်းယူဖို့နေနေသာသာ ကိုင်တောင်မကိုင် ဝံ့ကြဘူးနော်၊ နတ်ကြီးတယ်လို့ အယူသီးကြတာပဲ။ ဦးခန်းလျှန် မသိဖို့လိုတယ် ဆရာလေး"

"အေး ... အိုက်စံပြောတာသိပ်မှန်တာပေါ့။ ဒီအပင် သိပ်မကြာတော့ဘူ ကျားလက်သည်းလည်းစိုက်၊ အပေါက် ထဲ ရှိန်းဒိုး(ရှိန်းခိုး) သိပ်ထားလိုက်ရင် အရွက်တွေဝါကြွေ ပြီး အပင်သေသွားလိမ့်မယ်ကြည့် အဲဒါ မြန်မာဓါတ်ရိုက် ဓာတ်ဆင်နည်းတစ်မျိုးကွ။ လက်ပံပင်ကို သတ်တဲ့နည်း မှတ်ထား"

ဟုပြော၍ ရိုးမတောလက်ပံပင် နတ်စင်အောက်မှ ထွက်လာကြ၏။ သွားနေရင်း ဆင်သေချောင်းတွင် ရေဆင်း သောက်နေသော နွားပေါက်အရွယ်ရှိ ဆတ်ကြီးတစ်ကောင် အား တွေ့သည်နှင့် ညာဘက်မောင်းခလုတ်ကို ဆွဲဖြုတ်ချ လိုက်၏။ "ဒိုင်း"ခနဲ သေနတ်သံတစ်ချက် ကြားလိုက်ရပြီး နောက် ဆတ်ကြီးရှေ့ခြေထောက်ထိမှန် ထိုးကျသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဆတ်ကြီးကို အိုက်စံနှင့် အိုက်ပန်တို့ ဝါးခတ်၊ နွယ်ကြိုး ခတ် ကြိုးချည် ဝါးလုံးလျှိုသွင်း ထမ်းလာခဲ့ကြ၏။ အပြန် တွင် သုံးယောက်သား ရိုးမတောစိုး လက်ပံပင်ကြီးအောက် နတ်စင်၏အရှေ့သို့ ရောက်သောအခါ တောခြောက်ပင်ကြီး အား နှစ်လုံးပြူးသေနတ်နှင့် "တဒိုင်းဒိုင်း"နှင့် နတ်နေ ကိုင်းမှ အစအကိုင်းများ ကျိုးကျအောင် ပစ်ချဖျက်ဆီးပစ် ခဲ့လိုက်လေ၏။

စောခွန်နောင်သည် နောက်လေးရက်နေပြီးနောက် နေအခြောက်လှမ်းထားသော ဆတ်သားရေနှင့် ဆတ်ချိုတို့ ကိုယူ၍ ဆတ်သားခြောက်များနှင့်အတူ ရန်ကုန်မြို့သို့ လာခဲ့၏။ ရန်ကုန်မြို့သို့ရောက်သည်နှင့် ရိုးမတော လက်ပံကုန်းနတ်စင်မှ ယူလာသော အလွန်လက်ရာမြောက် လှသည့် ကျားရုပ်အား ရန်ကုန်မြို့ ရွှေဘုန်းပွင့်ဘုရားနှင့် မီးရထားသံလမ်းအနီးတွင် နေထိုင်သူ ပန်းချီဆရာကြီး ဦးထွန်းတင်ထံသို့ ဆေးခြယ်ရန် ပေးအပ်ထားလိုက်သည်။ နောက်ငါးရက်ကြာမှ စောခွန်နောင် သွားပြန်ယူ



ဦးထွန်းတင်က -

"ဟာ ... စောခွန်နောင် ခင်ဗျားပေးတဲ့ကျားရုပ်က ရိုးရိုးကျားရုပ်မှ ဟုတ်ရဲ့လားဗျာ။ ဒီကျားရုပ် ရောက်လာ ကတည်းက ညမိုးချုပ်တာနဲ့ တစ်အိမ်လုံး ဝုန်းဒိုင်းကျဲ သောင်းကျန်းတော့တာပဲဗျာ။ ကြွက်တွေပဲ သောင်းကျန်းလို့ လားတော့ မပြောတတ်ဘူး။ အိမ်မှာရှိတဲ့ ခွေးတွေလည်း တစ်ကောင်ပြီးတစ်ကောင် ဖင်တွေသီအောင်လိုက်ကြတာ တော့မပြောနဲ့တော့။ ဘယ်က ကျားရုပ်လဲဗျ"

ဟု ပန်းချီဆရာကြီး ဦးထွန်းတင်က မေးရာ စောခွန် နောင်က -

"ဒီကျားရုပ်က ရိုးမတောလက်ပံကုန်းရွာ အင်မတန် တောခြောက်တဲ့ တောစိုးလက်ပံပင်ကြီးအောက် နတ်စင်က ကျားရုပ်ဗျ။ စောခွန်နောင်ကို တောခြောက်လို့ အမြင် ကပ်ကပ်နှင့်ယူပြီး တောခြောက်လက်ပံကြီးကို နှစ်လုံးပြူး သေနတ်နဲ့ မနည်းဘူးပစ်ခဲ့တယ် ဦးထွန်းတင်ရဲ့"

ဟု စောခွန်နောင်က ရှင်းပြသောအခါမှ ဦးထွန်းတင်က-

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ဖြစ်ရတာကိုး။ ဒီရှီးမတောနတ်စင်က ကျားရုပ် အိမ်ကိုရောက်တာနဲ့ သုံးညဆက်တိုက် အိပ်မက် ပေးတယ်။ ဒီကျားရုပ်ကို ပြန်ပို့ပေးပါတဲ့။ ဒီကျားရုပ်ကို ယူပြီး အင်မတန်ကြီးမားတဲ့ ရှေးတောစိုး လက်ပံပင်ကြီးကို ကျားခြေသည်းသုံးချောင်းစိုက်' ရှိန်းခိုတွေသိပ်သွားလို့ လက်ပံပင်ကြီး အရွက်တွေဝါကျပြီး သေသွားရပါတယ်တဲ့။ အခု နေစရာတောင် မရှိတော့ပါဘူးတဲ့။ ယူသွားတဲ့ ကျား ရုပ်ကို အမြန်ဆုံး ပြန်ပို့ပေးပါလို့ အိပ်မက်ပေးတယ်ဗျ"

ဟု ရှင်းပြရာ စောခွန်နောင် အားရပါးရ ရယ်ရင်း -

"ဟုတ်ပါတယ် ဦးထွန်းတင်။ စောခွန်နောင်တို့ ရှီးမ တော လက်ပံကုန်းတော့ထဲ အမဲလိုက်သွားကြတာ အဲဒီ အပင်ကြီးအောက် နတ်စင်ရှေ့လည်းရောက်ရော တောစိုး လက်ပံပင်ကြီးက အလျင်တောခြောက် သစ်ကိုင်းတွေ ချိုးချ ပြီး တောခြောက်တာ နှစ်ခါတောင်။ အမြင်ကပ်ကပ် ရှိတာနဲ့ နောက်တစ်ခေါက်အသွား တောပြန်ခြောက်လို့ လက်ပံပင်



ကြီးကို သတ်ပြီး သေနတ်နဲ့ပစ် ကျားရုပ်ယူခဲ့တာပဲ"ဟု စောခွန်နောင်က ရှင်းပြလိုက်၏။ ဦးထွန်းတင်က -

"ထူးဆန်းလိုက်တာက နေဝင်ရီတရော မိုးချုပ် မှောင်လာတာနဲ့ ကြွက်တွေသောင်းကျန်းသလိုပဲ 'ဝုန်းဒိုင်းကျဲ နေတော့တာပဲ။ တစ်ခါတစ်ခါ "ကျားဟိန်းသံတွေလိုလို၊ ဆတ်တိန်သံတွေလိုလို" ကြားရတာပဲ၊ အဲဒီလိုကြားရတာနဲ့ တစ်ပြိုင်နက် ရွှေဘုန်းပွင့်ဘုရားထဲက ခိုတွေဟာ အားလုံး ဝုန်းခနဲ ထပျံကုန်ကြတာပဲ။ နတ်စင်ကျားရုပ်ဆိုရင် အရမ်း အရမ်းမလုပ်နဲ့နော်။"တောလမိုင်း၊ တောခြောက်လမိုင်း၊ နတ်စင်လမိုင်းမျိုး ပါတတ်တယ်နော်"

ဟု ရှင်းပြ၏။ စောခွန်နောင်က ကျသင့်ငွေကိုပေးပြီး ပန်းချီဆရာကြီး ဦးထွန်းတင်အား နှုတ်ဆက်၍ ရှီးမတော နတ်စင်မှ ကျားရုပ်ဆေးခြယ်သထားသည်ကို ယူ၍ အိမ်သို့ ပြန်လာခဲ့၏။ အိမ်သို့ပြန်ရောက်သည်နှင့် အိမ်အပေါ်ထပ် ဘကြည့်ခန်းထဲတွင်ရှိသော မဟော်ဂနီစာရေးစားပွဲရှည်

www.burmeseclassic.com

www.burmeseclassic.com



ကြီး၏ အလယ်ခေါင်တည့်တည့်တွင် ထားလိုက်၏။ ဆေးရောင်စုံ သဘာဝကျအောင် ခြယ်သထားသော ကျားရုပ်ကို အနီရဲရဲရောင် ဖိတ်ဖိတ်တောက်နေသည့် မဟော်ဂနီစာရေး စားပွဲပေါ် တင်ထားရာ အပေါ်အောက် အရောင်တို့ဖြင့် လှပတင့်တယ်နေ၏။

ရိုးမတောလက်ပံကုန်းတောစိုး လက်ပံပင်ကြီးအောက် နတ်စင်မှ ရလာသော သဘာဝကျကျ ဆေးရောင်ခြယ်ထားသည့် ကျားရုပ်ရောက်လာသည့်မှစ၍ ပန်းချီဆရာကြီး ဦးထွန်းတင် ပြောသကဲ့သို့ပင် ဖြစ်နေသယောင် တွေ့လာရ၏။ အထူးသဖြင့် နေဝင်ရီသလော နွားရိုင်းသွင်းချိန် တောဓလေ့ တောကျားရိုင်းတို့၏စရိုက် ကျားရေသောက်ဆင်းချိန်တွင် ကြွက်သောင်းကျန်းလာသည့် အသံမျိုး ဝုန်းဒိုင်းကျဲလာတတ်၏။

အသက်ကြီးသော ဦးခန်းလျှန်တစ်ယောက်သာလျှင် အများဆုံး မျက်စိမွဲ၍ အမြင်မှားနေသယောင်ယောင် နားကြားလေး၍ နားအကြားမှားလာသယောင် မိုးချုပ်သည်



နှင့် အပေါ်ထပ် စာကြည့်ခန်းထဲဝယ် "ကျားဟိန်းသံများ လိုလို၊ ဆတ်တိန်သံများ ကြားယောင်မှားလာသယောင် ယောင်ဖြစ်နေ၏။ ထိုအသံများထွက်ပေါ်လာသောအချိန်တွင် ခြံဝင်းအတွင်းရှိ ပိတောက်ပင်များပေါ်ရှိနေသမျှ ငှက်အားလုံး ဝုန်းခနဲ ထပျံလေ့ရှိကြ၏။ သို့သော် စောခွန်နောင် အိမ်တွင် ရှိနေသောအခါ မည်သည့်အသံကိုမျှ မကြားရ၊ မထွက်ပေါ်လာချေ။

စာကြည့်ခန်းထဲသို့ မီးမဖွင့်ဘဲ မှောင်မှောင်မည်းမည်းနှင့် ဝင်လာလျှင် ဦးခန်းလျှန်မျက်စိထဲတွင် ကျားတစ်ကောင် မဟော်ဂနီစားပွဲပေါ်သို့ လွှားခနဲ ခုန်တက်သွားသယောင် အမြဲအမြင်မှားလေ့ရှိ၏။ သို့သော် မီးဖွင့်ထားလျှင် မည်သည့်အရာတစ်ခုမျှ လှုပ်ရှားနေသည်ကို မတွေ့ရချေ။ ဦးခန်းလျှန် စောခွန်နောင်အား ပြောပြသော်လည်း လုံးဝ အယူသီးသူ၊ အယုံအကြည်မရှိသူ ခေတ်ပညာတတ်လူငယ် ဖြစ်နေသောကြောင့် စိတ်ညစ်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပို၍ ထူးဆန်းသည်မှာ အသက်အကြီးဆုံးနှင့် အယူအသီးဆုံးဖြစ်သော ဦးခန်းလျှန်တစ်ယောက်သည် ပန်ချီဆရာကြီး ဦးထွန်းတင်ကဲ့သို့ သုံးညတိုင်တိုင် အိပ်မက်မက်၏။ အိပ်မက်ထဲတွင် ယခုအိမ်တွင် ရောက်နေသော ကျားရုပ်ကြီးကို နေရာဟောင်းသို့ ပြန်ပို့ပေးပါရန် ပြောဆိုမှာကြား၏။ ၎င်းကျားရုပ်သည် နတ်ဆက်ထားသည့် ရှိးမတော လက်ပံကုန်းရွာ တောစိုးလက်ပံပင်ကြီးအောက်ရှိ နတ်စင်မှ ကျားရုပ်ဖြစ်ကြောင်း အိပ်မက်ပေး၏။

ဦးခန်းလျှန် အိပ်မက်မက်ပြီးတိုင်း စောခွန်နောင်ကို ပြောပြသော်လည်း ခေတ်ပညာတတ်လူငယ်လူလွတ် ဖြစ်သောကြောင့် လုံးဝအယုံအကြည်မရှိဘဲ နေ့နေလိုက်သည်။ ရှေးလူကြီး အယူသီးသူ ဦးခန်းလျှန်တွင်သာ အိပ်မက်ထဲတွင် ကျားနှင့် နပမ်းလုံးသတ်ပုတ်ရင်ဆိုင်နေရသည် ဟု ခဏခဏ အိပ်မက်မက်၏။

တတိယအကြိမ် စောခွန်နောင်တို့လေးယောက်သား တောင်ငူမြို့ အနောက်တည့်တည့် ရှိမတောလက်ပံကုန်းရွာ



ဦးရှိထန်ရှိရာသို့ အမဲပစ်ရန် ထပ်မံထွက်သွားကြပြန်၏။ ရောက်သည်နှင့် တစ်ညနားပြီး ရေမိုးချိုး နံနက်စာစားသောက်လိုက်ကြ၏။ ဦးခန်းလျှန်အား အိမ်စောင့်ထားခဲ့ပြီး စောခွန်နောင်၊ ဗလကြီးအိုက်စံ၊ အိုက်ပန်၊ မှဆိုးကြီး ဦးရှိထန်တို့နှင့် တောနင်းအမဲလိုက်ထွက်လာခဲ့ကြ၏။

လေးယောက်သား တစ်နေကုန်တောနင်းနေပါသော်လည်း သားကောင်တစ်ကောင်ကိုမျှမရကြချေ။ ဦးရှိထန်သည် တောခလေ့ထုံးစံအတိုင်း နတ်စင်ကုန်းသို့ အရောက်သွားပြီး ရှိခိုးဆုတောင်းနေ၏။ ပြီးသည်နှင့် ဦးရှိထန်က-

"ဆရာလေးတို့ ဟိုနှစ်ခေါက်တုန်းက တွေ့ခဲ့တဲ့ တောခြောက်လက်ပံပင်ကြီးဟာ ဘယ်လိုကနေ ဘယ်လိုဖြစ်သွားလဲမသိဘူး။ တစ်ပင်လုံး အရွက်တွေဝါပြီး အပင်သေသွားတယ်။ ထူးဆန်းလိုက်တာ။ ဒီတောမှာ ဒီလက်ပံပင်ကြီးဟာ အကြီးဆုံး။ နောက်ပိုထူးဆန်းတာက နတ်စင်ကကျားရုပ်ပါ ပျောက်သွားတယ်" ဟု ပြောပြရာ စောခွန်နောင်၊

www.burmeseclassic.com

www.burmeseclassic.com



အိုက်စံနှင့် အိုက်ပန်တို့ ငြိမ်နေကြ၏။ မှဆိုးကြီး ဦးရှိထန်က ဆက်လက်၍ "အဲဒါ တစ်ရွာလုံး ကြောက်ကြပြီ နောက်ထပ် လက်ပံပင်ကြီးကြီးမှာ နတ်စင်လုပ်၊ ကန်တော့ပွဲ ပေးပြီး ကျားရုပ်တစ်ရုပ်အသစ်ပါ ပြန်တင်ထားလိုက်ရတယ် ‥ ဆရာလေးရဲ့။ ဒီလောက်ကြီးတဲ့ လက်ပံပင်ကြီး သေသွားတာ တစ်ရွာလုံး အံ့သြနေကြတယ်။ လက်ပံပင်ဟာ တော်ရုံတန်ရုံ အင်မတန်သေခဲတာပဲ" ဟု ပြောပြရာ ကျန်သုံးယောက်သား ရယ်ချင်လျက် ငြိမ်နေကြရ၏။ ရှေ့ဆက်သွားကြရာ လမ်းပြမုဆိုးကြီး ဦးရှိထန်က နားအလွန်ပါးလျက် -

"ဆရာလေး ရှေ့မှာကျားသစ်မတစ်ကောင် ချောင်းစပ်မှာ နေ့လည်နေ့ခင်းကြီး ရေသောက်ဆင်းနေတာ၊ မရိုးဘူး။ ကျားသစ်သားအုပ်မနဲ့ တူတယ်ဆရာလေး ပစ်ပေတော့။ ရေအကြာကြီးသောက်နေတာ သိပ်ဆန်းတယ်"

ဟု ပြော၍ လက်ညှိုးထိုးပြလိုက်၏။ စောခွန်နောင် နှစ်လုံးပြူးသေနတ်၏ လုံခြုံမှုခလုတ်ကို ဖွင့်၍ ညာဘက်ရှိ



မောင်းခလုတ်ကို ဆွဲဖြုတ်ချလိုက်၏။ "ဒိုင်း" ခနဲ သေနတ်သံကြီးထွက်ပေါ်လာပြီးနောက် ညာဘက်နားတွင်းပေါက်ကို ထိမှန်၍ တစ်လံကျော်ကျော်သို့ လွင့်စင်ထွက်သွား၏။ ကျားသစ်မကြီးသည် မာန်ဖီရင်း အနိုင်နိုင်အထ။ နောက်ထပ်ကျန်ရှိနေသေးသော ဘယ်ဘက်ရှိ မောင်းခလုတ်ကို ထပ်မံဆွဲချလိုက်ပြန်၏။

"ဒိုင်း" ခနဲ ဒုတိယအကြိမ် သေနတ်သံထပ်မံကြားလိုက်ရပြန်သည်။ ကျားသစ်မကြီး ခေါင်းထောင်အထ သေနတ်ကျည်ဆန်မှန်ပြီး ခေါင်းလည်ထွက် လွင့်စင်သွားကာ တစ်လံကျော်ကျော်တွင် ငြိမ်သက်သွားရှာ၏။

စောခွန်နောင်သည် သေနတ်မောင်းကို "ဖျောင်" ခနဲ ချိုးချလိုက်ရာ အတွင်းမှ ကျည်ဆန်ဟောင်းနှစ်တောင့် မြေပြင်ပေါ်သို့ "ဒေါက်" ခနဲ ကျလာ၏။ အမဲလိုက် အင်္ကျီ ဘယ်ဘက်အိတ်ရှေ့တွင် ထိုးထားသော ပေါက်ကွဲမှုယမ်း အား ပြင်းထန်သည့် တစ်လုံးထိုး သုံးလက်မသော ကျည်ဆံ တစ်ဖက်တစ်တောင့်သွင်း၍ ဖျောင်းခနဲ သေနတ်မောင်းပြန်

www.burmeseclassic.com

www.burmeseclassic.com



တင်ထားလိုက်၏။ ကျားသစ်မကြီး လုံးဝမလှုပ်ရှားသော အခါမှ မှဆိုးကြီးဦးရှိထန်က -

"ဟော့ ... အိုက်စံနဲ့အိုက်ပန် ဒီတောကောင်ကို သယ်သွားဖို့ ဝါးခုတ်နွယ်ကြိုးခုတ်ကြတော့။ တို့နဲ့ဆရာလေးက ဒီနားတစ်ဝိုက် တောင်စောင်းလိုဏ်ဂူတွေထဲမှာ ကျားသစ်ပေါက်လေးတွေ လိုက်ရှာလိုက်ဦးမယ်။ အခု ဆရာလေး ပစ်လိုက်တာ ကျားသစ်သားအုပ်မကြီးကွ၊ နို့သီးတန်းမှာ နို့ရည်စက်တွေ တွေ့ရလို့ ကျားသစ်ပေါက်လေးတွေ လိုက်ရှာဦးမယ်"

ဟု ပြော၍ စောခွန်နောင်နှင့် နှစ်ယောက်သား လိုက်ရှာကြရာ တောင်ခါးပန်းယံစောင်း လိုဏ်ဂူထဲမှ ရက်သား မျက်လုံးများပင် မဖွင့်နိုင်သေးသော ကျားသစ်သားပေါက် နှစ်ကောင်ကို စောခွန်နောင် ရှာဖွေသွားတွေ့၏။ ဦးရှိထန်က-

"တောကောင်ကြီးရော ရက်သားပေါက်လေး နှစ်ကောင် ပါ နေမဝင်ခင်ရသွားတော့ ဆရာလေး တောကျိုးသွားတာ



ပေါ့၊ တောကျိုးသွားတော့ တောမဆိုးတော့ဘူး။ ဆရာလေး ဒီတောကို ကောင်းကောင်းနိုင်သွားပြီ။ တောမကျိုးသရွေ့ တောဆိုးပြီး ဒုက္ခပေးနေမှာ အမှန်ပဲ"

ဟု မုဆိုးစကားအရ မုဆိုးကြီး ဦးရှိထန်က ရှင်းပြနေ၏။ စောခွန်နောင် ကျားသစ်ပေါက်နှစ်ကောင်နှင့် ဦးရှိထန် အိမ်သို့ ပြန်လာခဲ့ကြ၏။ အိမ်ရောက်သည်နှင့် အရေခွံခွာကာကြပ်သပ်ရိုက် နေလှန်းထားလိုက်၏။ ဟင်းစားများကို ဦးရှိထန် စိတ်တိုင်းကျ တစ်ရွာလုံး ကျေနပ်ရန် ဝေပေးနိုင်းလိုက်၏။ ဟင်းစားများဝေနေချိန် စောခွန်နောင်၊ ဗလကြီး အိုက်စံနှင့် အိုက်ပန်တို့သုံးယောက်သား ဦးရှိထန်မသိအောင် နောက်ထပ်အသစ် လက်ပံပင်ကြီးအား ပေါက်ဆိန်ခုတ်၊ ကျားခြေသည်းများ ထည့်သွင်းပြီး ရှိန်းခိုများ အတော်များများ နေရာအနှံ့အပြားသိပ်ထည့်၍ နတ်စင်မှ ကျားသစ်ရုပ်ကိုယူ၍ ပြန်လာခဲ့ကြ၏။ နောက်လေးရက်အကြာ လေးယောက်သား ရန်ကုန်မြို့သို့ ပြန်လာခဲ့ကြ၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



(၃)

စောခွန်နောင်သည် အယူသီးသော ပန်းချီဆရာ ဦးထွန်းတင်ဆီသို့ မသွားတော့ဘဲ ပန်းချီဆရာသာတင့်ထက် ထံသို့ သွား၍ဆေးရောင်စုံခြယ်သရန် ပြောင်းအပ်ထားလိုက်သည်။ နောက်ငါးရက်ကြာမှ ကျားရုပ်ကို သွားယူသော အခါ ပန်းချီဆရာသာတင့်ထက်က ပျာပျာသလဲ -

"ဘယ်လိုလဲ စောခွန်နောင်၊ ခင်ဗျားလာအပ်သွားတဲ့ [illegible] ဒီဒီကျားရုပ်မဟုတ်တာ သေချာတယ်ဗျ



ဒီကျားရုပ် ရောက်လာကတည်း မိုးချုပ်လို့ မှောင်သွားတာနဲ့ တစ်ပြိုင်နက် ဝုန်းဒိုင်းကျဲတော့တာပဲ။ အိမ်မှာ နဂိုကတည်းကိုက ကြွက်သောင်းကျန်းတော့ ပိုဆိုးကုန်တာပေါ့ဗျာ။ ညကျရင် အိပ်လို့မရဘူး။ အိပ်ပျော်တာနဲ့ ဒီကျားရုပ် အကြောင်း အိပ်မက်မက်တော့တာပဲ။ ဒီကျားရုပ်ကို နတ်စင်ကုန်းကို ပြန်ပို့ပေးပါတဲ့ဗျာ" ဟု ပြောပြရာ အကြောင်းသိ စောခွန်နောင်တစ်ယောက် ပြုံးပြုံးပြုံးပြုံး ဖြစ်နေရင်း ဆေးရောင်စုံခြယ်သ၍ လှပနေသော ကျားရုပ် အား နမ်းရင်း -

"ဒီကျားရုပ်က တောင်ငူအနောက်တောထဲ ရိုးမတော လက်ပံကုန်းရွာ နတ်စင်ကုန်းက နတ်စင်မှာ ကန်တော့ပွဲ ပေးဆက်သထားတဲ့ ကျားရုပ်ဗျ။ ဒီကျားရုပ်ဟာ စောခွန် နောင်အတွက် ဒုတိယအကြိမ်မြောက် ရိုးမတော နတ်စင်က ကျားရုပ်တစ်ရုပ်ဖြစ်တယ်၊ သိပ်ထူးဆန်းတဲ့ ကျားရုပ်ဗျွေပေါ့ ဦးသာတင့်ထက်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ရှင်းပြလိုက်၏။ ပန်းချီဆရာဦးသာတင့်ထက်က-

"အိပ်မက်ထဲမှာ စောခွန်နောင် ဒုက္ခပေးလိုက်တာ သူ့နတ်ဘုံနတ်နန်းကြီးဖြစ်တဲ့ ရောမတောစိုးလက်ပံပင်ကြီးဟာ တစ်ပတ်အတွင်း အရွက်တွေဝါပြီး သေသွားခဲ့ရတယ်တဲ့။ နောက်ထပ်နတ်စင်ကို ကန်တော့ပွဲပေးပြီး ထပ်လုပ်ထားပေးတဲ့ လက်ပံပင်ကြီးလည်း ထပ်သေသွားခဲ့ရတယ်လို့ အိပ်မက်မက်တယ်။ ဒီကျားရုပ်ကို အမြန်ဆုံး ပြန်ပို့ပေးပါလို့ အိပ်မက်ထဲမှာ လာပြောသွားတယ် စောခွန်နောင်"

ဟုရှင်းပြရာ စောခွန်နောင် ရယ်နေ၏။ ငွေရှင်းပြီး ကျားရုပ်ယူကာ မိမိ၏အိမ်သို့ ပြန်လာခဲ့၏။

အိမ်သို့ရောက်သည်နှင့် အပေါ်ထပ်စာကြည့်ခန်းထဲရှိ မဟော်ဂနီစားပွဲပေါ်သို့ ပထမကျားရုပ်နှင့် ယှဉ်တွဲတင်ထားလိုက်၏။ ဆေးရောင်စုံခြယ်သ လှပနေသော ကျားရုပ်နှစ်ရုပ်ကို မဟော်ဂနီ စာရေးစားပွဲပေါ်တွင် လှပတင့်တင်စွာ တင်ထားလိုက်၏။ ကျားရုပ်များကို



မြင်တိုင်း စောခွန်နောင် ကျေနပ်ဝမ်းသာ ပျော်ရွှင်နေ၏။

စာကြည့်ခန်းထဲတွင် ရိုးမတောနတ်စင်မှ ကျားရုပ်တစ်ရုပ်မှ နှစ်ရုပ်ဖြစ်လာကြသောအခါ စောခွန်နောင် အိမ်တွင်မရှိသည့် ညပိုင်းများ၌ စာကြည့်ခန်းတစ်ခန်းလုံး ဝုန်းဒိုင်းကျဲ ဆူညံနေကြသယောင် ဦးခန်းလျှန်၏ နားထဲ၌ အကြားမှားနေသယောင် ဖြစ်နေ၏။

မောင်နှင့်မည်းမည်း အခန်းထဲသို့ ဝင်လိုက်လျှင် ကျားနှစ်ကောင် မဟော်ဂနီ စားပွဲပေါ်သို့ လွှားခနဲ ခုန်တက်သွားသယောင် မျက်စိတွင် အမြင်မှားနေ၏။ မီးဖွင့်ကြည့်သောအခါ ဘာတစ်ခုမျှ မမြင်ရသည့်အပြင် မည်သည့်အသံကိုမျှ မကြားရတော့ချေ။

စောခွန်နောင်သည် ကျားသစ်သားပေါက်နှစ်ကောင်အား တောစိတ်မဝင်စေရန် အသား လုံးဝမကျွေးဘဲ နွားနို့ ထမင်းရည်တို့ကိုသာ ကျွေးလာရာ အိမ်မွေးတိရစ္ဆာန် ခွေးများအသွင် လိမ္မာလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျားသစ်နှစ်ကောင်အား တကြည့်ခန်းထဲတွင် ထားလိုက်သည့်နေ့မှစ၍ ဦးခန်းလျှန် တစ်ယောက် ညမောင်ကြီးမည်းမည်းထဲ၌ပင် ဖြစ်လင့်ကစား အမြင်မများနားကြားမလွဲတော့ချေ။

ကျားရုပ်နှစ်ရုပ်ကို မြင်တိုင်း ကျားသစ်နှစ်ကောင်က မာန်ဖီကိုက်ဖဲ့လာကြသဖြင့် မယော်ဂနီစားပွဲပေါ်တွင် ကျားရုပ်နှစ်ရုပ်ကို တင်မထားတော့ဘဲ စာအုပ်ဘီဒိုအပေါ်ဆုံးအဆင့်၌ ထည့်သွင်းသောခတ်ထားလိုက်ရ၏။

တကယ့် တောကောင် ကျားသစ်အစစ်များ ရောက်လာကြသောအခါ အရုပ်များဖြစ်ကြသော ကျားရုပ်နှစ်ရုပ်စလုံး တိတ်ဆိတ် ငြိမ်သက်သွားကြလေသယောင် ထင်ရတော့၏။

စောခွန်နောင်သည် ပထမတွင် ရိုးမတောနတ်စင်မှ ရလာသော ကျားရုပ်နှစ်ရုပ်ကို အလွန်အမင်း ခင်တွယ်သဘောကျနေရာမှ တကယ်သက်ရှိ ကျားသစ်သားလေးနှစ်ကောင် ရောက်လာသောအခါ ပထမထက် ပိုမိုခင်တွင်သဘောကျပျော်ရွှင်နေ၏။



နှစ်ကောင်စလုံးကို အမြဲတမ်း နွားနို့နှင့် ထမင်းရည်သာလျှင် တိုက်ကျွေးနေသောကြောင့် အိမ်မွေးခွေးအသွင်အကျင့်စရိုက် ပေါ်လွင်နေလေပေတော့သည်။ ။

ပဉ္စဂုဏံ အဟံဝန္ဒာမိ သဗ္ဗဒါ

ᆨ မြပုလဲစန္ဒာညွန့်

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းလိုသူတိုင်း စာပေပညာကို လေ့လာဆည်းပူးရင်း ကလောင်သွေးကြပါ။

- စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ စာမူပို့တိုင်း အကြိမ်ကြိမ် အပယ်ခံနေရပါသလား . . .
  အခြေခံ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ ပြဇာတ်၊ ဇာတ်ညွှန်း ရေးနည်း၊ စာပေးစာယူသင်တန်းနှင့် ဆက်သွယ်ပါ။
- ကလောင်သွေးရင်း စာရေးဆရာဖြစ်လိုသည့် ကလောင်သစ်များ -
- စာပေဝါသနာပါပြီး စာရေးတတ်ချင်သူများ -
- ဘယ်လိုတွေးပြီး ဘယ်ကစရေးရပလဲ -
- စာကို စရေးမည်လို့ ကလောင်ကို ကိုင်လိုက်သည်နှင့် အတွေးတွေ အလိုလိုပျောက်သွားလို့ စာရေးရမှာ စိတ်ဓာတ်ကျနေပါသလား။ စိတ်ဓာတ်လုံးဝမကျပါနှင့်
- ကလောင်သစ်တွေကို မြေတောင်မြှောက်ပေးခဲ့လို့၊ စာနယ်ဇင်းစာမျက်နှာများမှာ နေရာရပြီး စာရေးဆရာအဖြစ် လျှောက်လှမ်းနေကြပြီဖြစ်သလို စာပေဗိမာန်စာမူဆုများ နိုင်ငံတော်က ကြီးမှူးကျင်းပသည့် စာပေ၊ ကဗျာပြိုင်ပွဲများမှာ ဆုများ ဆွတ်ခူးရရှိနေကြပြီ ဖြစ်သည်။

(အထောက်အထားများ ရှိသည်။)

- သို့အတွက် သင်တန်းတက်လိုသူများ သင်တန်းဝင်ခွင့် လျှောက်လွှာကို မှာယူကြစေလိုပါသည်။
  သင်တန်းဝင်ခွင့်ရရှိပြီးသူများ ရေးသားပေးပို့မည့်စာမူများကို-

**ကလောင်သစ် မဂ္ဂဇင်း** တွင် ပြင်ဆင်တည်းဖြတ် ဖော်ပြပေးမည် ဖြစ်ပါသည်။

- သို့ဖြစ်ပါ၍ ကလောင်သွေးလိုသည့် ကလောင်သစ်များသည် မိမိတို့ရင်၌ ဝါသနာကြောင့်ဖြစ်သောစာ၊ စေတနာကြောင့် ဖြစ်သောစာ၊ ဝေဒနာကြောင့်ဖြစ်သောစာ၊ ဒုန်တည်း မွေ့လျော်မှု၊ ဉာဏ်နှီးစေ့ဆော်မှု၊ အနုပညာလက်ရာအစုစု တို့နှင့် အချစ်၊ အမုန်း၊ အပြုံးအရယ်၊ အတွယ်အတာ အနှောင်ဖွဲ့၊ ဘဝဖွဲ့၊ အလှဖွဲ့၊ သမုဒယဖွဲ့တို့ နွယ်ယှက် ပေါင်းဖွဲ့ကာ . . .
- ဝါသနာရှင် ကလောင်သစ်များ ကလောင်သွေး ကလောင် မွေးစေဖို့ သင်တန်းဝင်ခွင့်လျှောက်လွှာကို မှာကြားနိုင်ပါပြီ။ သင်တန်းဝင်ခွင့်ရရှိသူများကို ကလောင်သွေးခွင့်ကဒ် ထုတ် ပေးမည်။

ဆက်သွယ်ရန် ➢ **ကလောင်သစ် မဂ္ဂဇင်း**

တိုက်အမှတ်(၂၅)၊ ဦးရွှေဝွန်းလမ်း၊
ပုဇွန်တောင်မြို့နယ်၊ စာတိုက်သေတ္တာ(၂၀၇)၊
ရန်ကုန်မြို့ ဖုန်း - ၂၉၇၂၃၀

www.burmeseclassic.com